mgyoe.com SAMPLE BOOK

ဘဝတက္ကသိုလ်

# နိုင်ငံတကာ ခေတ်သစ်ဂန္ထဝင် ဝတ္ထုတိုများ

## မြသန်းတင့်

designed by tin htoon

mgyoe.com

mgyoe.com SAMPLE BOOK

မြသန်းတင့်

# နိုင်ငံတကာ ခေတ်သစ်ဂန္ထဝင် ဝတ္ထုတိုများ

မြသန်းတင့်-နိုင်ငံတကာ ၄၀၀၀၀ ကျပ်

9 202375 249577

mgyoe.com

mgyoe.com SAMPLE BOOK

ပဉ္စမ အကြိမ်၊ ၂၀၂၅၊ စက်တင်ဘာ
[ပထမ အကြိမ်၊ ၁၉၉၂ - ၁၉၉၃၊ ဘ၀တက္ကသိုလ် စာပေ]
[ဒုတိယ အကြိမ်၊ ၂၀၀၉၊ ဘ၀တက္ကသိုလ် စာပေ]
[တတိယ အကြိမ်၊ ၂၀၁၉၊ ဇွန်၊ ဘ၀တက္ကသိုလ် စာပေ]
[စတုတ္ထ အကြိမ်၊ ၂၀၂၁၊ နိုဝင်ဘာ၊ ဘ၀တက္ကသိုလ် စာပေ]

မျက်နှာဖုံး ပန်းချီ တင်ထွဏ်း
အုပ်ရေ ၅၀၀
တန်ဖိုး ၄၀၀၀၀ ကျပ်

မျက်နှာဖုံးနှင့် ဒေါ်ခင်စီ (၀၀၂၄၈)၊ ပြည့်ဦးဘော ပုံနှိပ်တိုက်
အတွင်း ပုံနှိပ်သူ ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ ဦးနေဝင်း (၀၂၆၄၅)၊ ဘ၀တက္ကသိုလ် စာပေ
၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

mgyoe.com

mgyoe.com SAMPLE BOOK

# မြသန်းတင့်

## နိုင်ငံတကာ ခေတ်သစ် ဂန္ထဝင် ဝတ္ထုတိုများ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


ဘဝတက္ကသိုလ်၏ မှတ်ချက် ၁

မြန်မာပြန်သူ၏ အမှာ ၃

၁။ ငယ်ငယ်တုန်းက သူငယ်ချင်း ၅

၂။ လူလေးရယ် ငို ခိုဖမ်းလို့ ပေး ၁၄

၃။ ဆန်ဖွပ်တဲ့ အဘိုးအို ၁၉

၄။ မသာခေါင်း တစ်လုံး အသက် တစ်ချောင်း ၃၅

၅။ ဘီလပ်မြေ အိတ်ထဲမှ စာတစ်စောင် ၄၁

၆။ မောင်တို့ ယောကျ်ားတွေရယ် ၄၇

၇။ အချစ် ပွင့်တဲ့ နွေ ၅၄

၈။ ကဗျာ ဝိဒူ မောင်တက်တူ ၆၁

၉။ နတ်ပြည်မှာ တစ်ခဏ လူ့ပြည်မှာ တစ်ဘဝ ၇၂

၁၀။ အဖေချစ် အမေချစ် ၇၉

၁၁။ ဓားဆရာ ဟာန် ၈၉

၁၂။ အရာရှိကြီးများသာ ၁၀၆

၁၃။ ဘူးသီး နုနု မခူးရ ၁၁၄

၁၄။ ကမ္ဘာ မီးလောင် ၁၂၁

၁၅။ ကျွန်တော့် သူငယ်ချင်း နီဆိုး ၁၃၄

၁၆။ ဘူတာစုသို့ အပြန် ၁၄၁

၁၇။ မေမေ့ကိုပဲ အပြစ်ဆိုပါ ၁၅၁

၁၈။ ရဲဘော် တနလ်ာ ၁၇၃

၁၉။ အပွင့်နှောင်းသော ငုဝါသို့ တမ်းချင်း ၁၈၅

၂၀။ နှင်းတွေက မှုန် ၂၁၉


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၂၁။ | ဖယောင်းပန်း နီနီ | ၂၂၈ |
| ၂၂။ | ပွဲဈေးတန်းမှာ | ၂၃၃ |
| ၂၃။ | မကုလားမ | ၂၃၈ |
| ၂၄။ | စိန်ရင်ထိုး | ၂၄၄ |
| ၂၅။ | မှောင်ရီ မပျိုးမီ | ၂၅၀ |
| ၂၆။ | တစ်လေးလုံး | ၂၅၇ |
| ၂၇။ | အဖေ | ၂၆၆ |
| ၂၈။ | အင်္ကျီစုတ် အောက်က ဖြူစင်တဲ့ နှလုံးသား | ၂၇၂ |
| ၂၉။ | ချစ်မဝ အကြောင်း ပြိုင်မယ် | ၂၇၆ |
| ၃၀။ | အရုဏ်ဦး၊ မွန်းတည့်ချိန်နှင့် ဆည်းဆာအို | ၂၈၉ |
| ၃၁။ | ညတစ်ည၏ ဒဏ္ဍာရီ | ၃၀၂ |
| ၃၂။ | လူတစ်ယောက်နှင့် ဝံပုလွေ တစ်ကောင် | ၃၁၈ |
| ၃၃။ | အခါတော် ပေးတာက | ၃၂၅ |
| ၃၄။ | အဘိုးရယ် မြေးရယ် ပင်လယ်ကြီးရယ် | ၃၃၃ |
| ၃၅။ | အိုးမလုံ အုံပွင့် | ၃၅၁ |
| ၃၆။ | မဂ္ဂဇင်းရှူး | ၃၆၂ |
| ၃၇။ | မုဆိုးကြီး ဦးစဖြိုး | ၃၇၈ |
| ၃၈။ | တစ်နာရီတည်း အချစ် | ၃၈၇ |
| ၃၉။ | လိုက်ပါရစေ ရွှေနှယ်ရိုးရယ် | ၃၉၂ |
| ၄၀။ | အလောင်းအစား | ၃၉၉ |
| ၄၁။ | တရားလို သက်သေ ဒေါ်ဆက်မေ | ၄၁၁ |
| ၄၂။ | တောစောင့်နတ် | ၄၁၈ |
| ၄၃။ | ကင်ပွန်းတပ် မင်္ဂလာ ကျင်းပမည် ဖြစ်ပါ၍ | ၄၂၆ |
| ၄၄။ | ဝ ထ က လ သ | ၄၄၃ |
| ၄၅။ | ဆင်ဖြူနှင့် တူသော တောင်တန်းများ | ၄၄၇ |
| ၄၆။ | စကားထာ ဝှက်တမ်း | ၄၅၄ |
| ၄၇။ | မောင် နေ့စဉ် နေ့တိုင်း ပြန်လာမယ့် လမ်းဆီ | ၄၆၀ |
| ၄၈။ | တုတ်ကောက်ကလေး တစ်ချောင်း | ၄၆၅ |
| ၄၉။ | မိုးပတ်လည်ဝိုင်း | ၄၇၈ |
| ၅၀။ | သူနှင့် ကျွန်မ | ၄၈၉ |
| ၅၁။ | အပေါ် အင်္ကျီ | ၅၀၆ |
| ၅၂။ | ဖက်ရှင် ဆရာဝန် | ၅၁၃ |


mgyoe.com

mgyoe.com SAMPLE BOOK


၅၃။ ဆရာရှင် ၅၂၂

၅၄။ လရောင်စိမ်းမြ ညတစ်ညှ္ သံဝေဂ ရခြင်း ၅၃၅

၅၅။ အမေ ဖွားလူ အတွက် ဆုတောင်း ၅၄၄

၅၆။ သဗ္ဗေသတ္တာ ကမ္မသကာ ၅၅၄

၅၇။ ရဲသားနှင့် သံဝေဂတေး ၅၆၇

၅၈။ အဖေ အမှောင်ထဲမှာ ထိုင်နေသည် ၅၇၈

၅၉။ အသိုက် ပြောင်းခြင်း ၅၈၆

၆၀။ မသာ တစ်ခု အရင်းပြု၍ ၅၉၇

၆၁။ ကုန်သည် နိုင်ပန်း ၆၁၀

၆၂။ ကံဆိုးသူ မောင်ရှင် ၆၁၈

၆၃။ ပူတယ်လေ ဆယ်နေကဲ ၆၃၂

၆၄။ တောကျိုးကန်း အဘိဓမ္မာ ဆရာနှင့် တွေ့ဆုံခြင်း ၆၄၀

၆၅။ ခေါင်းလောင်းသံ ၆၄၃

၆၆။ အငတ်ဘေး ၆၅၂

၆၇။ အစာ ဝတော့ ဌာန ပြန်လေတယ် ၆၅၆

၆၈။ ကလေး မလိုချင်သော မမများသို့ ၆၆၃

၆၉။ အချစ်မှာ မျက်စိ ရှိ၏ ၆၇၈

၇၀။ လှသည်၊ လွယ်သည်၊ သို့သော် ကတိတည်သည် ၆၉၂

၇၁။ ဘုရားသခင်သို့ ပေးစာ ၇၀၃

၇၂။ ထုတ်လုပ်မှုနှင့် စားသုံးမှု ၇၀၈

၇၃။ ပုတ်သင်ညို ၇၂၄

၇၄။ ပတ္တမြား မှန်သော်လည်း နွံနစ်သည် ၇၃၀

၇၅။ ဘောလုံး ရာသီထဲက မွေးမြရီဝေ ၇၃၈

၇၆။ ခေါစာ ၇၄၆

၇၇။ ကိုက်ရှစ်ဆယ် အပြေး ၇၅၄


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ဘ၀တက္ကသိုလ်၏ မှတ်ချက်

နိုင်ငံတကာ ခေတ်သစ် ဂန္ထဝင် ဝတ္ထုတိုများ ( အတွဲ ၁ မှ ၄ ) ကို ဘဝတက္ကသိုလ်မှ ပထမ အကြိမ် ( ၁၉၉၂၊ ၁၉၉၃ တွင် ) ထုတ်ဝေခဲ့ပါသည်။ ဝတ္ထုတို ပုဒ်ရေ စုစုပေါင်း ၇၇ ပုဒ် ပါဝင်ပါသည်။

ထိုစာအုပ်တွဲများ အတိုင်း ဒုတိယ အကြိမ် ( ၂၀၀၉ တွင် ) ထုတ်ဝေခဲ့ရာ မကုလားမ ဝတ္ထုတိုကို စာပေစိစစ်ရေးမှ ခွင့်မပြုသဖြင့် ဖြုတ်ထားခဲ့ရရာ စုစုပေါင်း ၇၆ ပုဒ်သာ ပါဝင်ခဲ့ပါသည်။

ယခု တတိယ အကြိမ် လေးအုပ်တွဲကို တပေါင်းတစည်းတည်း ထုတ်ဝေရာတွင်မူ မကုလားမ ဝတ္ထုတိုကို ပြန်လည် ထည့်သွင်း ရိုက်နှိပ်ထားပါသည်။

ဘ၀တက္ကသိုလ်



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာပြန်သူ၏ အမှာ

လွန်ခဲ့သော အနှစ် နှစ်ဆယ်က ကျွန်တော်သည် 'နှစ်ဆယ် ရာစု ကမ္ဘာ့ ဂန္ထဝင် ဝတ္ထုတိုများ' ဟူသော အမည်ဖြင့် ကမ္ဘာ အရပ်ရပ်မှ ဝတ္ထုတိုများ ပါဝင်သော ဝတ္ထုတို ပေါင်းချုပ် တစ်အုပ်ကို ထုတ်ဝေခဲ့ဖူးသည်။ သို့ ရွေးချယ်ရာတွင် ကျွန်တော်သည် ကျွန်တော့် အကြိုက်နှင့် ကိုက်ညီသည့် ဝတ္ထုတိုများ၊ ကျွန်တော် သဘော ကျသည့် ဝတ္ထုတိုများကိုသာ ရွေးချယ် ပြန်ဆိုထားခြင်း ဖြစ်သည်။

အချို့ကို အရေးအသား ကောင်းသဖြင့် ကျွန်တော် ကြိုက်သည်။ အချို့ကို ဦးတည်ချက် ကောင်းသဖြင့် ကျွန်တော် ကြိုက်သည်။ အချို့ကို အတတ်ပညာ ကောင်းသဖြင့် ကျွန်တော် ကြိုက်သည်။ အချို့ကို အတွေး အခေါ် ကောင်းသဖြင့် ကျွန်တော် ကြိုက်သည်။ အချို့ကို ခေတ်ပြိုင် ခံစားမှုကို ဖော်ပြနိုင်သဖြင့် ကျွန်တော် ကြိုက်သည်။

ထို့နောက်တွင် ကမ္ဘာ့ ဝတ္ထုတိုများကို အခါအားလျော်စွာ ဘာသာ ပြန်ခဲ့သည်။ ယခု အနှစ် နှစ်ဆယ် ကြာသည့် အခါတွင် အကြမ်းအားဖြင့် ဝတ္ထုတို ပုဒ်ရေ နှစ်ရာလောက် ပြန်ပြီးသား ဖြစ်နေသည်ကို တွေ့ရ သည်။ အနှစ် နှစ်ဆယ် အတွင်း ကျွန်တော် ပြန်ဆိုခဲ့သော ဝတ္ထုတိုများ သည် မဂ္ဂဇင်း များစွာ စာမျက်နှာများပေါ်တွင် ပြန့်ကျဲနေခဲ့သည်။

ယခု ဝတ္ထုတိုပေါင်းချုပ်များ အဖြစ် ထုတ်ဝေမည် ပြုသည့် အခါတွင် ကျွန်တော်သည် ထိုမဂ္ဂဇင်းများကို စုဆောင်း ရှာဖွေရသည်။ အချို့ကို မိတ်ဆွေများက ရှာပေးကြသည်။ ထိုဝတ္ထုတိုများကို စုစည်းကာ နောက် အတွဲများ ထုတ်ဝေရန် ရည်ရွယ်ထားပါသည်။

ယခု ကမ္ဘာ့ ဝတ္ထုတိုများကို စုစည်းရာတွင် ကျွန်တော် ပြန်ဆိုသည့် သက္ကရာဇ် အစဉ်အတိုင်း မရွေးပါ။ ဝတ္ထုတိုဆရာတို့၏ ရေးသားသည့် သက္ကရာဇ် အစဉ်အတိုင်းလည်း မရွေးပါ။ နိုင်ငံအလိုက် ရွေးချယ်ထား ခြင်း ဖြစ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

နောင်အတွဲများတွင်လည်း နိုင်ငံ အလိုက်၊ လူမျိုး အလိုက် ရွေးချယ်ရန် ရည်ရွယ်ထားပါသည်။

ယခု စာအုပ်တွင် ဖော်ပြသည့် ဝတ္ထုတိုများကို ထည့်သွင်း ဖော်ပြပေးခဲ့သည့် မဂ္ဂဇင်းများ အားလုံး၊ ဝတ္ထုတိုများကို ရှာဖွေ စုစည်းပေးခဲ့ကြသည့် မိတ်ဆွေများ အားလုံးနှင့် စာအုပ်ကို ပုံနှိပ် ထုတ်ဝေသော ဘဝတက္ကသိုလ် စာပေတို့ကို ကျေးဇူးတင်ကြောင်း ဖော်ပြပါသည်။

မြသန်းတင့်

၂၉၊ ၉၊ ၉၁



mgyoe.com

mgyoe.com SAMPLE BOOK

# ငယ်ငယ်တုန်းက သူငယ်ချင်း

ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက်တွင် မင်းသည် ရည်မှန်းချက် အလွန်ကြီးသူ ဖြစ်ပါသည်။ ပထမတန်းတွင် ကျွန်တော်တို့ နှစ်ယောက် အတူ နေကြစဉ်ကတည်းက သူ ကြီးလာလျှင် ဆရာဝန် မဖြစ် ဖြစ်အောင် လုပ်မည်၊ တခြား မည်သည့် အလုပ်ကိုမျှ မလုပ်ဟု ကျွန်တော့်ကို မကြာခဏ ပြောတတ်ပါသည်။ ထိုစဉ်က ကျွန်တော်တို့ သူငယ်ချင်းတွေ အချင်းချင်း ကြီးလျှင် ဘာလုပ်မလဲဟု မေးတိုင်း ဆရာဝန်၊ ဝတ်လုံ သို့မဟုတ် အင်ဂျင်နီယာ လုပ်မည်ဟု ဖြေသူတွေချည်း ဖြစ်ပါသည်။ ထိုအလုပ်များသည် ဂုဏ်ရှိပြီး မိန်းမ ချောချော၊ ဒရိုင်ဘာ မောင်းသည့် မာစီဒီးကား ကောင်းကောင်းနှင့် ဘဏ်စုငွေတွေ ထားနိုင်သည့် အလုပ်အကိုင်မျိုး ဖြစ်ကြောင်းကို လေးနှစ်သားလောက်ကတည်းက လူကြီးတွေက ဦးနှောက်ထဲသို့ ရိုက်သွင်းခဲ့ကြသောကြောင့် ဖြစ်သည်။

သို့ရာတွင် မင်းက ဆရာဝန် ဖြစ်အောင် လုပ်မည်ဟု ပြောခြင်းမှာ ထိုအကြောင်းများကြောင့် မဟုတ်ပါ။ သူ့အိမ်တွင် ဘဝပေး အခြေအနေ အရ ထိုစိတ်ကူး ပေါ်လာခြင်း ဖြစ်ပါသည်။ မင်းသည် သူ့မိဘ အကြောင်းကို ကျွန်တော်တို့အား ပြောခဲ့လှပါသည်။ ကျောင်းမှတ်ပုံတင် စာရင်း အရ မင်း၏ အဖေမှာ ဆောက်လုပ်ရေး အလုပ်သမား တစ်ယောက် ဖြစ်ပြီး ကွာလာလမ်ပူ မြို့စွန်မှ တိုက်တန်းများတွင် နေထိုင်သည်ဟု သိရပါသည်။ သူ့အိမ်သို့ ဘယ် သူငယ်ချင်းမှ အလည် ရောက်ဖူးသည် ကျွန်တော် မထင်ပါ။ နှစ်သစ်ကူး ပွဲတော်နေ့များမှာပင် သူ့အိမ်သို့ အလည်လိုက်မည် ဆိုလျှင် မလိုက်ဖို့ အကျောက်အကန် ပြောတတ်ပါသည်။ နောင်တွင်မူ ကျွန်တော်တို့ကလည်း သူ့အိမ်သို့ မလိုက်တော့ပါ။

ကျွန်တော်တို့ နှစ်ယောက်မှာ ပထမတန်းတွင် ခုံချင်းကပ် ထိုင်ကြသူများ ဖြစ်သည့် အတွက် တစ်ယောက်နှင့် တစ်ယောက် ခင်မင် ရင်းနှီးပြီး သူငယ်



mgyoe.com

mgyoe.com
SAMPLE BOOK

ချင်းများ ဖြစ်သွားကြပါသည်။ သူက ကျွန်တော့်ထက် သချာ တော်ပြီး ကျွန်တော်က သူ့ကို အင်္ဂလိပ် သဒ္ဒါ ပြပေးရပါသည်။

သူနှင့် ကျွန်တော် ကျောင်းနေဖက် ဖြစ်သည်မှ လွဲ၍ ကျွန်တော်တို့ နှစ်ယောက်၏ နောက်ခံ ဘဝသည် လုံးဝ ကွဲပြားပါသည်။ ကျွန်တော့် မိဘများမှာ အစိုးရ အရာရှိများ ဖြစ်ပါသည်။ ကျွန်တော် မှတ်မိသလောက် ဆိုလျှင် ကျွန်တော်တို့ အိမ်မှာ လွတ်လပ်ရေး မရမီ ဗြိတိသျှတို့ နေခဲ့သည့် အစိုးရ အိမ်ကြီး ဖြစ်ပြီး ကျွန်တော့် ကိုယ်ပိုင် အိပ်ခန်း ရှိပါသည်။ ဓာတ်စက် ရှိပါသည်။ အခန်းကျယ်ကြီးတွင် ကျွန်တော် ကြိုက်သည့် ရောင်စုံ အရုပ် စာအုပ်တွေ အများကြီး ရှိပါသည်။ ကျောင်းသား တစ်ယောက် အနေဖြင့် ပြောရလျှင် ကျွန်တော့်မှာ သုံးနိုင်စွဲနိုင်ထဲက ဖြစ်ပါသည်။

ကျွန်တော် ပထမတန်းသို့ အရောက်တွင် တစ်ပတ်ကို မုန့်ဖိုး တစ်ဆယ် ရပါသည်။ ထို့ပြင် ဖေဖေက လခ ထုတ်တိုင်း ကျွန်တော့် အမည်ဖြင့် စာတိုက်တွင် ငွေစုရန် ဆိုကာ ငွေငါးဆယ် သတ်သတ် ပေးပါသည်။ သို့ရာတွင် ထို ငွေငါးဆယ်မှာ စာတိုက်ထဲသို့ မရောက်ပါ။

ကျွန်တော့် မိဘများသည် ကျွန်တော့် ငွေကြေး အသုံးအစွဲ ကိစ္စကို ကျွန်တော် ကိုယ်တိုင် စီမံ ခန့်ခွဲတတ်အောင် ကြိုးစား၍ သင်ပေးကြပါသည်။ သို့ရာတွင် ကျွန်တော့်မှာ သူတို့ သင်ပေးသလို စစ်စစ်စီစီ မသုံးတတ်ပါ။ မွေးနေ့တွင် လူကြီးများက ပိုက်ဆံ ပေးတတ်ပါသည်။ ဒေဝါလီ ပွဲတော်နေ့များတွင်လည်း ပိုက်ဆံ ပေးတတ်ပါသည်။ တခြား မြို့မှ ကျွန်တော့် ဆွေမျိုးများ လာလျှင်လည်း ကျွန်တော့်ကို မုန့်ဖိုး ပေးသွားတတ်ကြပါသေး၏။ ယနေ့ထိ အောင်ပင် ကျွန်တော် ငွေရေးကြေးရေးကို စီမံ ခန့်ခွဲတတ်ခြင်း မရှိပါ။

ကျွန်တော် လက်ဖွာလွန်းသဖြင့် ကျွန်တော်တို့ ရုံးမှ ကပ်စေးနှဲ အရာရှိကပင် 'ချန္ဒရာတို့ကတော့ သူဌေးသားလေ၊ ပိုက်ဆံကို နည်းနည်းကလေးမှ ဂရုစိုက်တဲ့ကောင် မဟုတ်ဘူး၊ သူ့ကိုယ်သူ ဘဏ်တိုက်ကြီးများ ပိုင်နေတယ် ထင်သလား မသိဘူး' ဟု မကြာခဏ ပြောတတ်ပါသည်။

သူတို့ တိုက်တန်းလျားတွင် နေရသည့် အကြောင်းကို တစ်ခါတစ်ရံ မင်းက ပြောပြသည့် အခါများတွင် သည်အခန်းကလေးထဲတွင် သည်လောက် လူတွေ များများကြီး ဘယ်လို နေကြသည်ကို ကျွန်တော် မတွေးတတ်အောင် ဖြစ်နေပါသည်။ စာမေးပွဲနား နီးလာသည့် အခါတွင် ရုပ်မြင်သံကြားတွေ ဖွင့်ကြ၊ ရေဒီယိုတွေ ဖွင့်ကြ၊ ရေချိုးခန်းတွေထဲက သီချင်း ဆိုကြ၊ ကလေးတွေ

mgyoe.com

mgyoe.com SAMPLE BOOK
ငိုကြသဖြင့် စာကျက် မရကြောင်း တညည်းညည်း တညူညူ ပြောပါသည်။ တစ်ခါတစ်ရံတွင်လည်း ညနာရီပြန် နှစ်ချက်လောက်တွင် တစ်ဖက်ခန်းမှ လင်မယား ထ၍ ရန်ဖြစ်ကြသဖြင့် တစ်တိုက်လုံး နိုးကာ ဆူဆူညံညံ ဖြစ်ကြပုံကို ပြောပြတတ်ပါသေးသည်။

တစ်ခါတစ်ရံတွင် ကျွန်တော်က သူ့ကို ရုပ်ရှင်ကြည့် ခေါ်ပါသည်။ သို့မဟုတ်လျှင်လည်း လက်ဖက်ရည်ဆိုင်သို့ သွား၍ လက်ဖက်ရည် သောက်ရန် ခေါ်ပါသည်။ သို့ရာတွင် ကျွန်တော် ခေါ်တိုင်း မင်းသည် ငြင်းတတ်ပါသည်။

သို့ငြင်းခြင်းကို အစက ကျွန်တော် နားမလည်သော်လည်း နောင်တွင် သူမတိုက်နိုင်သဖြင့် ယခုကဲ့သို့ မလိုက်ခြင်း ဖြစ်ကြောင်းကို ကျွန်တော် သဘောပေါက်လာခဲ့ပါသည်။

မူလတန်း တစ်လျှောက်လုံးတွင် မင်းနှင့် ကျွန်တော်သည် တစ်တန်းတည်း ကျခဲ့ပါသည်။ စာမေးပွဲ အောင်တော့လည်း အတူတူ အောင်ခဲ့ကြပါသည်။ မူလတန်း ပြီးသည့် အခါတွင် ကျွန်တော်တို့ နှစ်ယောက်စလုံး သိပ္ပံ ဘာသာတွဲကို ယူခွင့် ရခဲ့ကြပါသည်။

မင်းက ဝမ်းမြောက်ဝမ်းသာဖြင့် 'ဟေ့ ချန္ဒရာ၊ ငါ့မိဘတွေကတော့ ငါ့ကို တက္ကသိုလ် ပို့နိုင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ မင်း စောင့်ကြည့်ပါ၊ ငါ စကောလားရှစ် ရအောင် ကြိုးစားပြီး တက္ကသိုလ်ကို တက်ဖြစ်အောင် တက်မယ်၊ ဆရာဝန် မဖြစ် ဖြစ်အောင် လုပ်မယ်ကွာ' ဟု ကျွန်တော့်ကို ပြောပါသည်။

မင်းက သူ့ ရှေ့အစီအစဉ်ကို ပြောပြပါသည်။ တက္ကသိုလ်သို့ ဘယ်လို တက်မည့် အကြောင်း၊ ဆရာဝန် ဘယ်လို ဖြစ်အောင် လုပ်မည့် အကြောင်း စသည်တို့ ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော့်မှာမူ အထက်တန်း စာမေးပွဲ အောင်ဖို့ကိုပင် ကောင်းကောင်း မစဉ်းစားမိသေးပါ။ ကျွန်တော်သည် ဘာကိုမျှ တွေးမပူပါ။ အချိန်တန်လျှင် သူ့အလိုလို ဖြစ်လာလိမ့်မည်ဟုသာ စိတ်ထဲတွင် အောက်မေ့ထားလိုက်ပါသည်။ မူလတန်း အောင်ရုံမျှ ရှိသည့် အတွက် မည်သည့် ဘာသာရပ်တွေကို ယူမည်ကိုလည်း ကျွန်တော် မစဉ်းစားတတ်သေးပါ။

နောက်နှစ်နှစ် ကြာသည့် အခါတွင် ကျွန်တော်တို့ နှစ်ယောက်စလုံး ဆဋ္ဌမတန်းသို့ တက်ခဲ့ကြပါသည်။ ထိုအခါတွင်ကား သိပ္ပံ ဘာသာတွဲကို ကျွန်တော် စိတ်ညစ်နေပါပြီ။ နောက်ထပ် အဋ္ဌမတန်း အထိ သိပ္ပံ ဘာသာကြီးအား ဆက်ယူရမည်ကို ကျွန်တော် စိတ်ကုန်နေပါပြီ။ ရူပနှင့် သင်္ချာကိုလည်း ကျွန်တော် မကြည့်ချင် မမြင်ချင်တော့ပါ။ ထို့ကြောင့် နောက်နှစ်တွင် ကျွန်တော်သည်

mgyoe.com

mgyoe.com SAMPLE BOOK

ဝိဇ္ဇာ ဘာသာတွဲကို ပြောင်းယူလိုက်ပါသည်။ ကျွန်တော့် ဘဝတွင် ပထမဆုံး ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်လိုက်သည့် ဆုံးဖြတ်ချက် ဖြစ်ပါသည်။

မင်းမှာမူကား သိပ္ပံ ဘာသာတွဲကို ဆက်၍ ယူနေရစ်ခဲ့ပါသည်။ ထိုအချိန်မှ စ၍ သူနှင့် ကျွန်တော်တို့ တစ်တန်းစီ ဖြစ်သွားကြပြီး စာသင်ခန်းလည်း တစ်ခန်းစီ ဖြစ်သွားခဲ့ကြပါသည်။

ကျွန်တော့် သူငယ်ချင်း မင်း အကြောင်းနှင့် သူ့ စိတ်ကူး အိပ်မက်များ၊ ရည်မှန်းချက်များ အကြောင်းကို ကျွန်တော် ရေရေလည်လည် စသိလာသည့် အချိန်မှာ ကျွန်တော်တို့ စာမေးပွဲ စစစ်သည့် အချိန်က ဖြစ်ပါသည်။ ထိုနေ့မှာ ကျွန်တော်တို့ အတန်းတွင် ပထဝီ စစ်သည့်နေ့ ဖြစ်ပါသည်။ ကျွန်တော်က ခန်းမထဲတွင် ရပ်ပြီး အတိုကောက် မှတ်ထားသည့် ပထဝီ သင်ခန်းစာများကို ကျက်နေပါသည်။ မင်းမှာလည်း ထိုနေ့ မနက်တွင် စာဖြေစရာ ရှိပါသည်။

ကျွန်တော်နှင့် တွေ့သည့် အခါတွင် သူ့မျက်နှာ တစ်မျိုး ဖြစ်နေသည်ကို ကျွန်တော် သတိပြုမိလိုက်ပါသည်။ ကျွန်တော်က နှုတ်ဆက်သည့် အခါမှာပင် စကားပြန် မပေးနိုင်ဘဲ ခေါင်းကိုသာ ညိတ်ပြပါသည်။

စာမေးပွဲကြောင့် စိတ်လှုပ်ရှားနေသည်ဟု ကျွန်တော် ထင်လိုက်ပါသည်။ သို့ရာတွင် သူက 'တစ်ခါတော့ ပြဿနာ ပေါ်ပြန်ပြီကွ' ဟု အရင်း မရှိ အဖျား မရှိ ပြောပါသည်။

ကျွန်တော်က သူ့ကို လှမ်းကြည့်လိုက်သည့် အခါတွင် မင်းသည် အဝေးသို့ ငေးကြည့်နေပါသည်။

'ဘာပြဿနာ ပေါ်တာလဲ'

'ငါတို့ အထပ်က လူတစ်ယောက် ခုန်ချသွားပြန်ပြီ'

'သေသွားရောလား'

'ဆယ်ထပ်ကနေ ခုန်ချတာ မသေဘဲ ရှိပါ့မလားကွ၊ ငါတို့ အခန်းနားကနေ ခုန်ချ သေသွားတာ၊ သူ စီးတဲ့ ဂျပန် ဖိနပ်ကလေးရယ်၊ စာတစ်စောင်ရယ် ကျန်ရစ်ခဲ့တယ်'

'ဘာလဲ၊ သူက မင်းတို့ အခန်းနီးချင်းလား'

'မဟုတ်ပါဘူး၊ တို့လည်း ဒီလူကို တစ်ခါမှ မမြင်ဖူးဘူး၊ ဘာဖြစ်လို့များ တို့ အခန်းနား လာပြီး ခုန်ချ သေသွားလဲ မသိပါဘူးကွာ၊ ခုန်ချ သေချင်ရင်


mgyoe.com

mgyoe.com
SAMPLE BOOK

တခြား နေရာက သွားသေပါတော့လား၊ ချာတာ ဘဏ် အဆောက်အအုံကြီး ပေါ်က ခုန်ချရင် ဒီထက်တောင် မြင့်သေးတယ်၊ ဘာဖြစ်လို့များ တို့အနားမှာ လာပြီး ခုန်ချ သေသလဲ မသိဘူး'

စာမေးပွဲ ဖြေနေစဉ်တွင် မင်းသည် စိတ်ကောင်းဟန် မတူပါ။

သူ စာမေးပွဲ ဖြေနိုင် မဖြေနိုင်ကိုပင် မပြောတော့ပါ။ ကျွန်တော်လည်း သူနှင့် အတူ လိုက်လာခဲ့ပါသည်။

သူတို့ နေသည့် တိုက်တန်းလျားသို့ ရောက်သည့် အခါတွင် ကျွန်တော့်ကို သူတို့ အခန်းသို့ ခေါ်မည်ဟု ကျွန်တော် တွက်ထားပါသည်။ သူနှင့် ကျွန်တော် စတင် သိကျွမ်းခဲ့ ကတည်းက ပထမဆုံး အကြိမ် သူတို့ အိမ်သို့ ရောက်ဖူး တော့မည် ဖြစ်ပါသည်။

သို့ရာတွင် ဓာတ်လှေကားနားသို့ ရောက်သည့် အခါတွင် မင်းသည် ရပ် လိုက်ပြီး 'ငါ ဒီတိုက်တန်းလျားကြီးမှာ မနေချင်တော့ဘူးကွာ၊ နေရင် ငါလည်း တစ်နေ့မှာ သတ်သေမိမယ် ထင်တယ်၊ ဒီတိုက်တန်းလျားက ပြောင်းဖို့ အဖေ တို့ကို ပြောဦးမယ်' ဟု ပြောပါသည်။

စာမေးပွဲ အောင်စာရင်းများ ထွက်လာသည့် အခါတွင် မင်းသည် မလေး ရှား တက္ကသိုလ် ဝင်ရန် အဆင့်အတန်း မမီပါ။ တတိယတန်းမှသာ အောင်လာ ခဲ့ပါသည်။ သို့ရာတွင် ရလိုရငြားဟု ဆိုကာ ဆေးတက္ကသိုလ်သို့ သူ လျှောက် ပါသည်။ ကျွန်တော်ကမူ ဥပဒေ သင်တန်းသို့ လျှောက်ပါသည်။

ကျောင်းမှ ဝင်ခွင့် ပြန်စာများ ရောက်လာသည့် အခါတွင် ကျွန်တော်တို့ နှစ်ယောက် တွေ့ကြပြန်သည်။ သူက ဆေးတက္ကသိုလ် ဝင်ခွင့် မရဘဲ သိပ္ပံ ဘာသာ ယူခွင့် ရပါသည်။ ကျွန်တော်လည်း ဥပဒေ သင်တန်းသို့ တက်ခွင့် မရပါ။ ရိုးရိုး ဝိဇ္ဇာ ဘာသာတွဲကိုသာ တက်ခွင့် ရပါသည်။ မင်းမှာ ဆေး တက္ကသိုလ် ဝင်ခွင့် မရသည့် အတွက် အကြီးအကျယ် စိတ်ပျက်နေပါသည်။ ကျွန်တော်ကမူ နဂိုကမှ ဥပဒေကို ဝါသနာ ပါသူ မဟုတ်သဖြင့် ဘာမျှ မထူး ခြားလှပါ။

'မတရားဘူးကွာ၊ လောကကြီးဟာ နည်းနည်းမှ မတရားဘူး၊ ခုဆိုရင် ငါ့မှာ တက္ကသိုလ် စကောလားရှစ်တောင် ရတော့မှာ မဟုတ်ဘူး၊ ခု ငါ့ကို ကျောင်းက ဘာပြောလိုက်တယ် ထင်သလဲ၊ အေနှင့် အောင်တာ တစ်ဘာသာ၊ စီနှင့်က နှစ်ဘာသာ၊ ကျန်တာတွေက အီး အဆင့်တွေတဲ့၊ ဒီလောက်နှင့် ဘာမှ ရမှာ မဟုတ်ဘူးတဲ့၊ တရုတ်တွေက မင်းထက် အများကြီး သာတယ်တဲ့၊ ဖြေ

mgyoe.com

mgyoe.com SAMPLE BOOK

ချင်ရင် နောက် တစ်နှစ် နေပြီး ပြန်ဖြေဦးလို့ ပြောလိုက်တယ်ကွ၊ တောက် ပိုက်ဆံ မရှိလို့ပါကွာ၊ ပိုက်ဆံသာ တတ်နိုင်ရင် ဩစတြေးလျတို့ ကနေဒါတို့ က ဆေးတက္ကသိုလ်တွေတောင် သွားပြီး တက်လို့ ရပါတယ်၊ ခုတော့ ပိုက်ဆံ မရှိတော့ ဘာမှ မတတ်နိုင်ဘူးပေါ့'

စင်စစ် ကျွန်တော်တို့သည် မလေးရှားမှ ပညာရေး ခွဲတမ်း ဒဏ်ကို ခံလိုက်ရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့မှာ မလေးရှားတွင် မွေးလာခဲ့သူများ ဖြစ်သော်လည်း ကျွန်တော်တို့ ဘိုးဘေးများမှာ အိန္ဒိယတို့၊ တရုတ်ပြည်တို့မှ ပြောင်းလာကြသူများ ဖြစ်သည့် အတွက် ဘယ်အမျိုးသားကို ဘယ်နှယောက် ဝင်ခွင့်ပြုမည် စသည့် သတ်မှတ်ချက် ရှိနေသဖြင့် ကျွန်တော်တို့ မပါတော့ပါ။

ထို့နောက်တွင်မူ မင်းသည် ကျွန်တော့်ကိုပင်လျှင် ခပ်ရှောင်ရှောင် လုပ်နေသည်ကို တွေ့ရပါသည်။ ကျွန်တော်က နှုတ်ဆက်လျှင်လည်း စိတ်မပါ့တပါဖြင့် ပြန်၍ နှုတ်ဆက်တတ်ပါသည်။

ထို့နောက် မင်းသည် ဘဏ် တစ်ခုတွင် ဘဏ်စာရေး ဝင်လုပ်ပါသည်။ ကျွန်တော်က ရှေ့တွင် တက်လမ်း ရှိသည့် အတိုင်း ကြိုးစားရန် ပြောသည့်တိုင် အင်းမလုပ် အဲမလုပ် လုပ်နေတတ်ပါသည်။

တစ်ခါတွင် တက္ကသိုလ်မှ ကျွန်တော့် သူငယ်ချင်းများနှင့် ဘီယာ သွားသောက်ရင်း သူ့ကို တွေ့သဖြင့် ကျွန်တော်က သူ့ကို ဖိတ်ပါသည်။ မင်းသည် ကျွန်တော်တို့နှင့် လိုက်လာသော်လည်း စကား တစ်လုံးမှ မပြောဘဲ ငူငူကြီး ထိုင်နေပါသည်။

ထို့နောက်တွင်မူ ဘာကြောင့်မှန်း မသိ ကျွန်တော့်ကို ခပ်ရှောင်ရှောင် လုပ်နေသဖြင့် ကျွန်တော်လည်း သူ့ထံ မသွားတော့ပါ။ သူကလည်း ကျွန်တော့်ထံ မလာတော့ပါ။

ကျွန်တော့်မှာလည်း တက္ကသိုလ်တွင် အသားကျသွားပါပြီ။ သို့ဖြင့် သုံးနှစ် ကုန်သွားပါသည်။ ဘွဲ့ရပြီး မကြာမီမှာပင် အလုပ် ရသဖြင့် ကျွန်တော့်ကို ကံကောင်းသည်ဟု လူတိုင်းက ပြောကြပါသည်။

ကျွန်တော့်ကို သတင်းစာတိုက် တစ်တိုက်မှာ အလုပ် ခန့်လိုက်ပါသည်။ မင်းနှင့် တွေ့ရလိမ့်မည်ဟုကား ကျွန်တော် မမျှော်လင့်တော့ပါ။ သူ့ကိုလည်း မေ့သလောက်ပင် ဖြစ်နေပါပြီ။ တစ်ခါတစ်ရံတွင် ငယ်စဉ်က ရိုက်ထားသည့်


mgyoe.com

mgyoe.com SAMPLE BOOK

ဓာတ်ပုံများ၊ ကျောင်းမဂ္ဂဇင်းထဲမှ ဓာတ်ပုံများကို လှန်ကြည့်မှသာ သူ့ရုပ်ပုံကို မြင်ရပါတော့သည်။

ကျွန်တော့်ကို အလုပ်သင် မှုခင်း သတင်းထောက် အဖြစ် ကွာလာလမ်ပူ တရားရုံးသို့ သုံးလ လွှတ်လိုက်ပါသည်။ မှုခင်း သတင်းများကို နားထောင်တတ်အောင်၊ အချက်အလက်များကို ရှာဖွေတတ်အောင်၊ ရသည့် သတင်းများကို လိုရင်းတိုရှင်း ရေးတတ်အောင် လွှတ်ခြင်း ဖြစ်ပါသည်။ သတင်းစာဆရာ အလုပ်ကို ပယ်ပယ်နယ်နယ် သိအောင် ခိုင်းလိုက်ခြင်း ဖြစ်ပါသည်။

မနက်တိုင်လျှင် ရုံးသို့ သွားပြီး အမှုတွေကို နားထောင်ရပါသည်။ သတင်းများကို ရေးရပါသည်။ အလုပ်လက်မဲ့ လူငယ်ကလေးများ အလစ်သုတ်သည့် ကိစ္စ၊ လုယက်သည့် ကိစ္စတို့နှင့် ပတ်သက်၍ စီရင်ချက်များကို နားထောင်ပြီး သတင်း ပြန်ရေးရပါသည်။

ကျွန်တော်သည် ပျင်းပျင်း ရှိသဖြင့် တရားမ ရုံးဘက်သို့ လာခဲ့ပါ၏။ ရုံးခန်းထဲသို့ ရောက်သည့် အခါတွင် ကျွန်တော် သူ့ကို ဘွားခနဲ လှမ်းမြင်လိုက်ရပါသည်။ ဆံပင် အနည်းငယ် ရှည်နေသည်မှအပ တရားခံ ဝက်ခြံထဲတွင် ရပ်နေသူမှာ ကျွန်တော့် သူငယ်ချင်း မင်း ဖြစ်ကြောင်း သေချာပါသည်။

ကျွန်တော့် အနီးတွင် အခြား သတင်းစာတိုက်မှ သတင်းထောက် တစ်ယောက် ထိုင်ကာ အစိုးရ ရှေ့နေက တင်ပြနေသည့် စွဲချက်ကို လိုက်၍ ရေးနေပါသည်။ ကျွန်တော့်မှာ လက်တွေ တုန်လျက် ရှိရင်း ဘာမှုလဲဟု သူ့ကို မေးကြည့်ပါသည်။

'အလွဲသုံးစားမှု၊ ငွေ သုံးသောင်း ငါးထောင်'

မင်းက အပြစ် ရှိကြောင်း ဝန်ခံပါသည်။ တရားသူကြီးက စီရင်ချက် ချရန် ရက်ချိန်း ပေးလိုက်ပါသည်။

ရဲနှစ်ယောက်က သူ့ကို ခေါ်လာသည့် အခါတွင် ကျွန်တော်သည် သူ့ဆီသို့ လျှောက်လာခဲ့ပါသည်။ ကျွန်တော့်ကို မြင်သည့် အခါတွင် တော်တော် ရှက်သွားပုံ ရပါသည်။ သူသည် ကျွန်တော့်ကို နှုတ်မဆက်ဘဲ ရဲနှစ်ယောက် ခေါ်ရာသို့ ခပ်သုတ်သုတ် လိုက်သွားပါသည်။ အမှန်အားဖြင့် ကျွန်တော်ကသာ မသိမသာ နေရစ်ခဲ့ဖို့ ကောင်းပါသည်။ သို့ရာတွင် ကျွန်တော် မနေနိုင်ပါ။ သူ့နောက်သို့ ပြေးလိုက်သွားပြီး သူ့ လက်မောင်းကို လှမ်းဆွဲလိုက်ကာ 'ဟေ့ သူငယ်ချင်း၊ ဘယ်လို ဖြစ်တာလဲဟင်၊ ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲကွာ' ဟု အလိုက်ကန်းဆိုးမသိ ကျွန်တော် မေးမိပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

သူသည် ကျွန်တော့်ကို မပြုံး မရယ် တည်တည်ကြီး တစ်ချက် ကြည့်လိုက်ပြီးနောက် မျက်နှာကို တစ်ဖက်သို့ လွှဲသွားသည်။

'ခုနက အစိုးရ ရှေ့နေ ပြောသွားတာ မင်း မကြားဘူးလား၊ ငါက သူများ ပိုက်ဆံကို လိုချင် မျက်စိ ရှိမိတာကိုး၊ လောဘ ကြီးတာကိုး၊ ဒီတော့ လုပ်မိတာပေါ့'

'မဖြစ်နိုင်ပါဘူးကွာ၊ ငါတော့ နားရှိလို့သာ ကြားရတယ်၊ ယုံတောင် မယုံနိုင်ဘူး၊ ဘာဖြစ်လို့ လုပ်တာလဲဟင် သူငယ်ချင်း'

'မင်း တကယ် သိချင်သလား သူငယ်ချင်း၊ ကောင်းပြီ၊ ဒီလို ဆိုရင် ငါ ပြောမယ်၊ မင်း တက္ကသိုလ် ရောက်နေတဲ့ အတောအတွင်းမှာ ငါ ဘာတွေ ဖြစ်နေတယ် ထင်သလဲ၊ ဘဏ်စာရေးကလေးကွ၊ မင်း တစ်နှစ် တစ်တန်း မှန်မှန်ကြီး အောင်ပြီး တက္ကသိုလ် ဘွဲ့ရ၊ လခတွေ ကောင်းကောင်း ရဖို့ နီးကပ်လာချိန်မှာ ငါ့မှာ တစ်လကို နှစ်ရာ့ငါးဆယ်စား စာရေးကလေး၊ ညနေ အိမ်ပြန်သွားတော့လည်း ဘာမှ ပျော်စရာ မရှိ၊ မျှော်လင့်ချက် မရှိ၊ တိုက်တန်းလျား ဆယ်ထပ်က အခန်းကလေးထဲမှာပဲ ပိတ်လှောင်နေရတယ်၊ ဘယ်တော့မှလည်း လွတ်လမ်း မမြင်ဘူး၊ ဒီအတိုင်းသာ နေရင် တစ်နေ့မှာ ငါ ဒီတိုက်တန်းလျား ပေါ်က ခုန်ချမိတော့မှာ။

'ငါ့ညီတွေ၊ ငါ့ညီမလေးတွေ စာမေးပွဲ အောင်အောင် ဆိုပြီး စာတွေ ကုန်းကျက်နေလိုက်ကြတာ၊ ဒီလောက် ကျက်မနေကြနှင့်ဟ၊ ကျက်နေလို့လည်း မထူးဘူးလို့ ငါ ပြောချင်လိုက်တာလေ၊ ပါးစပ်ကို ယားနေတာပဲ၊ အောင်တော့ကော ဘာထူးမှာလဲ၊ ငါ့လို ခွဲတမ်း စနစ်နှင့် မိရင် သူတို့ ဘာတတ်နိုင်မှာလဲ၊ စာရေးပဲ လုပ်ရမှာ မဟုတ်လား၊ ခု မင်းက ငါ့ကို ဆရာဝန် မဖြစ်နိုင်ဘူးလို့ အောက်မေ့နေသလား၊ ငါ ခု ဩစတြေးလျ တက္ကသိုလ် တစ်ခုကို စမ်းလျှောက်ကြည့်တယ်ကွ၊ ဝင်ခွင့် ရတယ်၊ ဒါပေမဲ့ ပိုက်ဆံ မရှိဘူး၊ မသွားနိုင်ဘူး၊ ဒီတော့ အဲဒီ ဆေးတက္ကသိုလ် တက်ဖို့ ငါ အကြံအဖန် လုပ်တယ်၊ မမိရင် ခု လောက်ဆို ဩစတြေးလျကို ရောက်နေပြီ၊ ဆရာဝန် ဖြစ်နေပြီ၊ ဘဏ်စာရေး စုတ်လေး အနေနှင့် နေရတော့မှာ မဟုတ်ဘူး'

အချုပ်ကားနားသို့ ရောက်သဖြင့် ကျွန်တော် သူ့ကို နှုတ်ဆက်၍ ထွက်မည်ပြုသည်။

မင်းက ကျွန်တော့်ကို လှမ်း၍ 'အေးလေ၊ ဒါတွေကို မင်း နားလည်မှာ မဟုတ်ပါဘူး၊ မင်းဘဝက ဖြောင့်ဖြူးတဲ့ ဘဝ၊ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံ


mgyoe.com

mgyoe.com SAMPLE BOOK

ထည့်ထားနိုင်တဲ့ ဘဝ၊ ဒီတော့ မင်းက ပျော်မှာပေါ့၊ ငါ့ဘဝကို မင်း ကိုယ်ချင်း စာနိုင်မှာ မဟုတ်ပါဘူး'

ခပ်စောစောတုန်းက မင်း၏ မျက်နှာသည် ကျွန်တော် ငယ်ငယ်က တွေ့ခဲ့ရသော သူငယ်ချင်း၏ မျက်နှာ ဖြစ်ပါသည်။ သို့ရာတွင် ယခု ထိုစကားလုံးများကို ပြောလိုက်ချိန်၌ သူ့မျက်နှာသည် တင်းမာ ခက်ထန်လျက် ရှိသည်ကို ကျွန်တော် မြင်လိုက်ရပါသည်။

[မလေးရှား အမျိုးသား စာရေးဆရာ
**Alan John** ၏ **Reunion** ကို ပြန်ဆိုသည်။]



mgyoe.com

mgyoe.com SAMPLE BOOK

# လူလေးရယ် ငို ခိုဖမ်းလို့ ပေး

'အေး အေး အိပ်ပါတော့ သားလေးရယ်၊ လူလေးရယ် ငို ခိုဖမ်းလို့ ပေး၊ ခိုဖြူ ခိုပြာနက်ကယ် ဖမ်းခက်လှသေး'

ဖာလိနီသည် အခါလည် အရွယ်ရှိ သားငယ် စူးရတ်ကို ပေါင်ပေါ် တင်ပြီး လှုပ်ယိမ်း သိပ်နေသည်။

အားနေသည့် လက်တစ်ဖက်ဖြင့် ဂုန်လျှော် တစ်စည်းကို ကောက်၍ စက်ထဲသို့ ထိုးထည့်လိုက်၏။ သားလေးကလည်း အိပ်ခဲလှချည့်ဟု အောက်မေ့မိသည်။

'သားလေးရယ်၊ အိပ်ပါတော့ကွယ်၊ လူလေးရယ် ငို ခိုဖမ်းလို့ ပေး'

သားလေး၏ ကိုယ်က ပူနေသည်။ သူ့ကိုယ်ငွေ့ကြောင့် သူ့ပေါင်သည် ပင်လျှင် ပူနေသည်။ အပူက ချစ်ချစ်တောက်လျက်။ အနံ့ကလည်း ချဉ်စူးစူး။ သားလေး နေမကောင်း ဖြစ်ပုံ ရသည်။ သည်နေ့ တစ်နေ့လုံး တစ်ရေးမှ မအိပ်။ တအီအီ ငိုနေသည်။

ဂုန်လျှော်စက်ကြီးက တဂျုန်းဂျုန်း၊ သားရေပတ်ကြီးက တဖတ်ဖတ်၊ မောင်းတံကြီးတွေက တဂိုမ့်ဂိုမ့်၊ ရေပိုက်ကြီးတွေက တဖျပ်ဖျပ်။ စက်ရုံ ကြမ်းပြင်ကြီး တစ်ခုလုံးသည် မီးရထားတွဲပေါ်က သစ်သား ထိုင်ခုံ မာမာကြီးလို လှုပ်ယမ်းလျက်။

ဖာလိနီသည် ကလေးကို သိပ်ရင်း ဂုန်လျှော်စက်ကြီးထဲသို့ ဂုန်လျှော်စည်းများကို ထိုးထည့်နေသည်။

သူမျှား သီချင်း ဆိုလျှင် မေးတငေါ့ငေါ့ လုပ်ပြီး သူကိုယ်တိုင် ဆိုမှ အဟုတ် ထင်တတ်သည့် ခပ်စွာစွာ မိန်းမ တစ်ယောက်က 'ဟိုကောင်မ ဘာတွေ ဆိုနေတာလဲ မသိဘူး' ဟု တစ်ယောက်ကို လှမ်းပြောလိုက်သည်။

'လူလေးရယ် ငို ခိုဖမ်းလို့ ပေး၊ ခိုဖြူ ခိုပြာနက်ကယ် ဖမ်းခက်လှသေး'



mgyoe.com

mgyoe.com SAMPLE BOOK

ဖာလိနီသည် စက်ထဲ ဝင်လျှင် တပ်လေ့ ရှိသည့် အဝတ်ကို ပါးစပ်နှင့် နှာခေါင်းတွင် စည်းမထားနိုင်။ အဝတ်က လျှော့ကျနေသည်။ ထို့ကြောင့် သူ့ ပါးစပ်ထဲသို့ ဖုန်တွေ၊ ဂွမ်းလျှော်မှုန့်တွေ ဝင်ကုန်သည်။ အမှတ်မထင် မျိုချနေမိသဖြင့် အာခေါင်တွေ ခြောက်စ ပြုလာ၏။ ကြည့်လေရာတွင် ဂွမ်းလျှော်မှုန့်တွေချည်း။ နံရံတွေပေါ်မှာလည်း ဂွမ်းလျှော်မှုန့်တွေချည်း။ နှာခေါင်းထဲတွင်လည်း ဂွမ်းလျှော်မှုန့်တွေကြောင့် ယားကျိကျိ။ ပါးပြင်တွင်လည်း ယားကျိကျိ။ ချွေးကြောင့် အညိုတက်ကာ ခပ်စိမ်းစိမ်း ဖြစ်နေသည့် လည်ပင်းက ငွေကွင်းတွင်လည်း ဂွမ်းလျှော်မှုန့်တွေ ကပ်နေသည်။ ကိုယ့်နှာခေါင်းကိုယ် ပြန်ငုံ့ကြည့်မိသည်။ နှာခေါင်းကလည်း ပုံဆိုးဆိုး။ ဟောက်ပက် ဖြစ်နေသည့် ပါးနှစ်ဖက်ပေါ်တွင် သူ့ နှာခေါင်းကို ကြည့်ရသည်မှာ တော်တော် အရုပ် ဆိုးပေလိမ့်မည်။ ကိုယ့် လက်ဝတ်ရတနာကလေးတွေကို ချွတ်၍ ပေါင်ရသည်မှာ မကောင်း။ သို့ရာတွင် မတတ်နိုင်။ ဖာလိနီသည် သူ့ယောက္ခမကြီး ဝယ်ပေးသည့် ငွေနားပန်ကွင်းကြီးကို နှာခေါင်း ချွန်ချွန်ကြီးပေါ်တွင် မပန်ချင်သဖြင့် အပေါင်ဆိုင်သို့ ပို့ခဲ့သည်။

သားငယ် စူးရတ်က တအီအီ ငိုနေသည်။ လေသည် ငြိမ်သက်နေသော ရေပြင်ကို လှုပ်ရှားစေသကဲ့သို့ သားလေး၏ ငိုသံသည် ဖာလိနီ၏ ဝိညာဉ်တည်းဟူသော မည်းမှောင်သော ညကို လှုပ်ရှားစေ၏။ သို့ရာတွင် သားငယ်၏ ငိုသံသည် တဂျုန်းဂျုန်း မြည်နေသည့် ဂွမ်းလျှော် စက်ကြီး၏ အသံထဲတွင် ပျောက်ကွယ် နစ်မြုပ်သွားလေ၏။

'အေး အေး အိပ်ပါတော့ သားရယ်၊ လူလေးရယ် ငို ခိုဖမ်းလို့ ပေး၊ ခိုဖြူ ခိုပြာနက်ကယ် ဖမ်းခက်လှသေး'

ဖာလိနီသည် ခေါင်းကို ငုံ့၍ သီချင်း ဆို၏။ ငုံ့ထားသည့် သူ့မျက်နှာသည် ချစ်ချစ်တောက်နေသည့် သားငယ်လေး၏ နဖူးပြင်နှင့် သွားထိသည်။ ငိုရင်း လက်သီးကလေးကို ဆုပ်ကာ မျက်လုံးကို ပွတ်နေသည့် သားငယ်၏ လက်ကလေးကို နမ်းမိသည်။ ထို့နောက် ဂွမ်းလျှော် တစ်စည်းကို ကောက်ယူကာ ပါးစပ်ကြီး ဖြဲနေသည်နှင့် တူသော စက်ကြီးထဲသို့ ပစ်ထည့်လိုက်သည်။

သူ့ သီချင်း ဆိုသံသည် ပလွေ အကျိုး တစ်စင်း၏ မြည်သံလို မသဲကွဲ။ မပီမသ။ သည်နေ့ တစ်နေ့လုံး သီချင်း ဆို၍ ဟန်မကျချင်။ စက်ရုံတွင် ဆိုနေကျ သီချင်း ဖြစ်သည့် 'ကုန်ထုတ် စွမ်းအား တိုးပွားရမည်၊ တို့လုပ်သား ခေတ် ရောက်ပြီ' ဆိုသည့် သီချင်းကို ဆိုသည့် အခါတွင်လည်း အသံ မကိုက်။


mgyoe.com

mgyoe.com SAMPLE BOOK

ရှိဝေနေသည့် မျက်လုံးများကို ကလေးထံမှ လွှဲကာ ဂုန်လျှော်တွေကို ကြိတ်ဝါးနေသည့် စက်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။ ဆီချေးတွေ ပေကျံနေသည့် မောင်းတံများ၊ ခွေးသွားစိပ်များ၊ ဝက်အူများဆီသို့ လှမ်းကြည့်သည်။ မီးခိုးတွေဖြင့် မွန်းကျပ်နေသည့် စက်ရုံ အမိုးဆီသို့ လှမ်းကြည့်လိုက်သည်။

ဂုန်လျှော် စက်ကြီးက တဂျုန်းဂျုန်း၊ သားရေပတ်ကြီးက တဖတ်ဖတ်၊ မောင်းတံကြီးတွေက တဂျိမ့်ဂျိမ့်၊ ရေပိုက်ကြီးတွေက တဖျပ်ဖျပ်။ စက်ရုံ ကြမ်းပြင်ကြီး တစ်ခုလုံးသည် မီးရထားတွဲပေါ်က သစ်သား ထိုင်ခုံ မာမာကြီးလို လှုပ်ယမ်းလျက်။

ဖာလိနီ၏ ခေါင်းထဲတွင် တရိပ်ရိပ် မူးလာသည်။

သားလေး မမွေးခင် ငါးလလောက်တုန်းကလည်း သည်လိုပင် တရိပ်ရိပ် မူးဖူး၏။ ပါးစပ်ထဲတွင် စေးထန်းထန်း ဖြစ်လာကာ တစ်ကိုယ်လုံး တုန်သွားအောင် အော်ဂလီဆန်လာသည်။ သို့ရာတွင် ဝမ်းထဲက ကလေးက လှုပ်ခြင်း၊ သင်ယောကျ်ား မျက်နှာကို တရေးရေး မြင်လာခြင်းတို့ကြောင့် အော်ဂလီဆန်သည်တို့ ပျောက်သွားခဲ့သည်။ ယခုလည်း သူ့ယောကျ်ား မျက်နှာကို တွေးကြည့်၏။ မြောက်ဘက် တောင်တန်း ဒေသက ဆင်းလာစဉ်က မြင်ရသည့် သူ့ယောကျ်ား၏ ရုပ်ကို မှန်းကြည့်သည်။

သူတို့ နှစ်ယောက် စတွေ့ကြတုန်းက သူ့ယောကျ်ား ကီရိုဒါးက ခပ်ငယ်ငယ်။ သူ့မျက်လုံးများက ကြီးမား ညှို့မှိုင်းလျက်။ သူ့ကို ကြည့်တော့လည်း ရဲရဲ မကြည့်ရဲ။

သူ့မျက်လုံးတွင် အရှက် လွှမ်းနေသည်။ သားလေး စူးရတ်၏ မျက်လုံးများကား သူ့အဖေ၏ မျက်လုံးများနှင့် ခပ်ဆင်ဆင်။ သားကလေး၏ ကိုယ်နံ့ကလည်း သူ့အဖေ ကိုယ်နံ့နှင့် ခပ်ဆင်ဆင်။ သို့ရာတွင် သူ့ယောကျ်ား ကီရိုဒါးသည် သည်ကလေးကို သူ့သားမှန်း သိမည် မဟုတ်။ သူ့ယောကျ်ား ကီရိုဒါးသည် မြောက်ဘက် တောင်တန်း ဒေသမှ လျှပ်နွယ် တစ်ခုလို ချက်ချင်း ရောက်လာကာ မိုးချုန်းသံ တစ်ခုလို ချက်ချင်း ပျောက်သွားခဲ့သည်။

သည်လောက် ဆိုလျှင် သူ့ယောကျ်ား ကီရိုဒါးသည် ဘယ်ဆီ ဘယ်ဒေသသို့များ ရောက်နေပြီနည်း။ ကီရိုဒါးသည် သူ့အား ကွေကွင်းရခြင်း ဝေဒနာကို ပေးဖို့ သက်သက်မျှသာ ရောက်ရှိလာခြင်းလော။ ယခု ဆိုလျှင် ဘယ်သို့ ရောက်နေပြီနည်း။ တစ်မြန်နှစ် နွေတုန်းက သူ ရောက်လာခဲ့သည်။ ယခု နွေရောက်ပြန်ပြီ။ ဖာလိနီသည် သူ ထွက်သွားရာ မြောက်ဘက်သို့ လှမ်းကာ တိုက်တာ


mgyoe.com

mgyoe.com SAMPLE BOOK

အိမ်ခြေတို့ အထက်မှ မြင်ရသော မိုးကုပ်စက်ဝိုင်းကို နေ့ရှိသရွေ့ မှန်းဆ လွမ်းတခဲ့ရသည်။ သို့ရာတွင် ဟာလာဟင်းလင်း ဖြစ်နေသည့် အာကာသကြီး ထဲတွင် သူ့ချစ်သူကို ကြည့်၍ မမြင်ရ။ ရှာ၍ မရ။ သူ့ရင်ခွင်ထဲတွင် သားငယ် စူးရတ်သာ ကျန်ရစ်ခဲ့သည်။ သားလေးကို အမည် မှည့်ခေါ်ရာ ဖြစ်သည့် (စူးရတ် သူရိယ) နေမင်းလည်း မြင့်တက်လာခဲ့ပြီ။

မျက်ရည်များသည် ပူလောင်သော မျက်နှာပြင် တစ်လျှောက်တွင် စီးဆင်း လာကြကာ မေးပေါ်သို့ စီးလာကြ၏။ သည်တော့မှ ဝိုနေမှန်း သူ့ဘာသာသူ သိတော့သည်။ သည်လောက်ဆို သူ့ချစ်သူ၊ သူ့အသည်း၊ သူ့ချစ်လင် ကီရိဒါး တစ်ယောက် ဘယ်ဆီသို့ ရောက်လေပြီနည်း။ ကီရိဒါးက ခပ်ရိုးရိုး၊ ခေါင်းက မာပါဘိသနှင့်။

'ငါကသာ အိုစနာကျပြီး လွမ်းနေရတာပါ၊ သူကတော့ ငါ့ကို သတိတောင် ရမှာ မဟုတ်ပါဘူး ထင်ပါရဲ့'

ပေါင်ပေါ်က သားငယ်သည် တအင်အင် ညည်းနေသည်။

ဂုန်လျှော် စက်ကြီးက တဂျုန်းဂျုန်း၊ သားရေပတ်ကြီးက တဖတ်ဖတ်၊ မောင်းတံကြီးတွေက တဂိုမ့်ဂိုမ့်၊ ရေပိုက်ကြီးတွေက တဖျပ်ဖျပ်။ စက်ရုံ ကြမ်း ပြင်ကြီး တစ်ခုလုံးသည် မီးရထားတွဲပေါ်က သစ်သားခုံ မာမာကြီးလို လှုပ် ယမ်းလျက်။

သည်စက်ကြီး၏ ပါးစပ်ထဲသို့ ဝါးဖို့ ဂုန်လျှော်တွေကို ထည့်ရဦးမည်။

'ဟဲ့ ကောင်မ၊ ဘာဖြစ်နေတာလဲ၊ ညည်းကလေးကို ငြိမ်အောင် မထိန်း နိုင်တော့ဘူးလား'

အနားတွင် ရှိသည့် ခပ်စွာစွာ မိန်းမက ပြော၏။

ဖာလိနီသည် သူ့ယောကျာ်း ကီရိဒါးကို မြင်ယောင်နေသည်။ ပြုံးပြုံးကြီး လုပ်၍ သူ့ဘေးတွင် ရပ်နေသည်။ သည်တုန်းက ကီရိဒါးကို ရင်ခွင်ထဲတွင် ပွေ့၍ ထွေးပိုက်ထားလိုက်ချင်သည်။ ထို့ကြောင့် လက်နှစ်ဖက်ကို ဆန့်တန်း ကာ သူ့ဆီသို့ တိုးလာသည်။ ဤတွင် ရုတ်တရက် လန့်နိုးလာကာ အနီးတွင် အိပ်ပျော်နေသည့် ကီရိဒါး အနီးသို့ တိုးလာခဲ့သည်။ ကီရိဒါးသည် သူ့ကို ပွေ့ ဖက်လိုလိမ့်မည်။ သူ ထင်သည့် အတိုင်း သူ့ချစ်လင်ကလည်း သူ့ကို ထွေးပိုက် ထားခဲ့သည်။

သို့ရာတွင် ယခု သူ မရှိတော့။ မြောက်ဘက် တောင်တန်း ဒေသသို့ ရောက်နေပြီ။ ဘာတွေများ လုပ်နေပါလိမ့်။ တောတွေ တောင်တွေထဲတွင် ပျော်


mgyoe.com

mgyoe.com SAMPLE BOOK

ပျော့ပါးပါး လွတ်လွတ်လပ်လပ် လှည့်လည်နေလေသလား။ သူကမူ သား တစ်ကောင်နှင့် အကျဉ်းကျ ကျန်ရစ်ခဲ့ပြီ။

ကလေးကို ငုံ့ကြည့်လိုက်သည်။ မျက်လုံးများက ပွင့်လျက်။ မျက်လုံး များက ငြိမ်သက်လျက်။ ငိုကြွေးခြင်း မပြုတော့။ ဟုတ်ပြီ။ သူ သည်လို ငြိမ် ငြိမ်နေလျှင် စက်ထဲသို့ ဂုန်လျှော် များများ ထည့်၍ ရပြီ။ အလုပ်တွင်ပြီ။

'လူလေးရယ် ငို ခိုဖမ်းလို့ ပေး၊ ခိုဖြူ ခိုပြာနက်ကယ် ဖမ်းခက်လှသေး'

သီချင်းကို ညည်းကာ ပြုံး၍ ငုံ့ကြည့်ရင်း ကလေးကို လှုပ်သိပ်နေသည်။ သားလေး၏ မျက်လုံးများက သူ့ကို ကြောင်တောင်တောင်ကြီး ကြည့်နေကြ ၏။ သူ့လက်ကလေးက တောင့်တင်း အေးစက်ကာ တွဲလောင်း ကျလျက်။

သူ့ကိုယ်သည် ယိုင်သွားကာ လက်ထဲမှ ဂုန်လျှော်စည်းကြီးကို လွှတ်ချ လိုက်သည်။ ကလေးက ငြိမ်သက်လျက်။ အသက် မရှိတော့။

ဖာလိနီသည် အီခနဲ အလန့်တကြား အော်၍ ငိုလိုက်သည်။ သူ့ ငိုသံသည် မျက်နှာကြက်ကို ဖောက်ထွင်းသွားသည် ထင်ရ၏။ ထို့နောက် သူ့ပါးကို ရိုက် ကာ ရင်ကို ထုကာဖြင့် ကြောက်ဖွယ် အော်၍ အော်၍ ငိုသည်။

'ဒီကောင်မ ငိုနေပြန်ပြီ၊ ဘာဖြစ်နေသလဲ မသိဘူး' ဟု အနားက မိန်းမ က ပြောသည်။

'ငါ့သားလေး၊ ကျုပ်သားလေး၊ ကျုပ်သားလေး'

ဖာလိနီသည် စကားကို ဆုံးအောင် မပြောနိုင်။ ဆံပင်ကို ဆောင့်ဆွဲကာ အော်၍ ငို၏။ သူ့ အနီးတွင် မိန်းမတွေ စုလာကြသည်။

'ဟဲ့ ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်လို့ ဒီအနားမှာ စုစု စုစု လုပ်နေကြတာလဲ ဟင်' ဟု အမျိုးသမီး အလုပ်သမားခေါင်းက အော်သည်။

ဂုန်လျှော်စက်ကြီးက တဂျုန်းဂျုန်း၊ သားရေပတ်ကြီးက တဖတ်ဖတ်၊ မောင်းတံကြီးတွေက တဂိုမ့်ဂိုမ့်၊ ရေပိုက်ကြီးတွေက တဖျပ်ဖျပ်။ စက်ရုံ ကြမ်း ပြင်ကြီး တစ်ခုလုံးသည် မီးရထားတွဲပေါ်က သစ်သားခုံ မာမာကြီးလို လှုပ် ယမ်းလျက်။

[အိန္ဒိယ အမျိုးသား စာရေးဆရာကြီး
**Mulk Raj-Anand** ၏ **Lullaby** ကို ပြန်ဆိုသည်။]


mgyoe.com

mgyoe.com SAMPLE BOOK

# ဆန်ဖွပ်တဲ့ အဘိုးအိုး

ပထမ ကမ္ဘာစစ်ကြီး ဖြစ်ခါစဉ်၌ ဝါဆောမြို့ ကရိမာလနာ လမ်းရှိ ချိန်ဆက္ကား သည် လူချမ်းသာ တစ်ယောက် ဖြစ်၏။ သမီး တစ်ယောက်စီ အတွက် လက်ဖွဲ့ အဖြစ် ရူဗယ် တစ်ထောင်စီ ဖယ်ထားပြီးနောက် တိုရာ ရေဝတီ ကျမ်းစာတို့ကို လေ့လာသော သမက် တစ်ယောက်ကိုပါ ထားနိုင်သည့် အိမ်ကြီး တစ်ဆောင် ကို ငှားလိုက်သည်။ အသက် ကိုးဆယ် ရှိသည့် ဖခင်အိုကြီး အတွက်လည်း အခန်းပို တစ်ခန်း ရှိသေး၏။ သူ့ဖခင် မိုရှေဗားမှာ ဓမ္မဆရာ ဖြစ်ပြီး မကြာမီ ကမှ ဝါဆောသို့ ရောက်လာကာ သူနှင့် အတူ လာရောက် နေထိုင်ခြင်း ဖြစ် သည်။

သို့ရာတွင် နောက်နှစ်နှစ် ကြာသည့် အခါ၌ကား ချိန်ဆက္ကား၏ အိမ်တွင် နေသူ မရှိတော့။ ကြံခိုင် တောင့်တင်းသည့် သူ့သား နှစ်ယောက် စစ်ထဲသို့ ပါသွားရာ မည်သည့် နေရာ၌ ကျဆုံးပြီး မည်သည့် နေရာတွင် မြှုပ်နှံခဲ့ပြီကို မည်သူမျှ မပြောနိုင်တော့ပြီ။ ဇနီးနှင့် သမီး နှစ်ယောက်မှာလည်း အူရောင် ငန်းဖျား ရောဂါဖြင့် ကွယ်လွန်ခဲ့ကြပြီ။ ချိန်ဆက္ကားသည် သူတို့ သုံးဦး၏ အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်သည်။ သူတို့ သုံးယောက် အတွက် ဆုတောင်း အမျှအတန်း ဝေသည်။ ဘုရားကျောင်းတွင် အကောင်းဆုံး နေရာတို့ကို ယူ၍ သူတို့ အတွက် ဆွမ်းသွတ် လှူဒါန်းသည်။ အခြား အသုဘရှင်များကမူ သူ့တွင် ဇနီးရော သားသမီးရော ဆုံးရှုံးသည့် အတွက် သူတို့ထက် သောက ပရိဒေဝ များသူ ဖြစ်သဖြင့် စိတ်ချမ်းသာသလို လုပ်ပါစေ ဆိုသည့် သဘောဖြင့်သာ သည်းခံကြရသည်။ စိတ်ထဲတွင်မူ မကျေနပ်ကြ။ မသာ သုံးခုကြောင့် အခွင့် အရေး ယူသည်ဟု ကွယ်ရာတွင် ပြောကြသည်။

ဝါဆော မြို့ကို ဂျာမန်တို့ သိမ်းပိုက်လိုက်သည့် အခါတွင် အရပ် မြင့်မြင့် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်နှင့် အသက် ခြောက်ဆယ် ရှိသည့် ဘဲနန်း



mgyoe.com

mgyoe.com SAMPLE BOOK
ဆိုင် ပိုင်ရှင် ချိန်ဆက္ကားသည် သူ့ဆိုင်ကို သော့ခတ်၍ ပိတ်ထားလိုက်သည်။ ဆိုင်တွင် ရှိသည့် စားပွဲ၊ ကုလားထိုင် စသည်တို့ကို တစ်ခုစီ ချရောင်းကာ ရေခဲစိမ် အာလူးနှင့် မှိုတက်နေသော ပဲဆန်တို့ကို ဝယ်သည်။ သူနှင့် မသေမပျောက် ကျန်ရစ်နေသော ဖခင်အိုကြီး အတွက် ကျပ်ခိုးတွေ မည်းနက်နေသည့် ခေါက်ဆွဲကို ဝယ်ပြုတ်သည်။

ချိန်ဆက္ကားတွင် ဘဲင်္ခန်း အရှင်တို့ မရှိတော့သည်မှာ တစ်လ နီးပါးမျှ ကြာပြီ ဖြစ်သည့်တိုင် ကြီးမားသည့် စက်ရုံ အင်္ကျီကြီးပေါ်တွင် ငန်းမွေး နုနု တွေ အုပ်ထားဆဲ ရှိသေးသည်။ အနားပတ်ပြားကြီးနှင့် သူ့ ဦးထုပ်ကြီးပေါ်တွင်လည်း သားမွေးတွေ ကွပ်ထားဆဲ ရှိသေးသည်။ ဦးပြားကြီးနှင့် သူ့ ဖိနပ်ရှည်ကြီးပေါ်၌ သားသတ်ရုံမှ သွေးတွေ စွန်းပေနေဆဲ ရှိသေးသည်။ ငတ်ပြတ်ကြောက်လန့်လျက် ရှိသည့် သေးငယ်သော သူ့မျက်လုံး နှစ်လုံးသည် ကျိုးတိုးကျဲတဲ ဖြစ်နေသော မျက်ခုံးမွေး အောက်မှ ပြူးထွက်နေသည်ဟု ထင်ရ၏။ မနက်တိုင်း ဘုရား ဝတ်ပြုပြီးသည်နှင့် အသည်းကြော် တစ်ခုနှင့် ကြက်ဥပြုတ်တို့ကို ဗော်ဒကာ တစ်လုံးနှင့် သောက်ခဲ့သဖြင့် သူ့မျက်ခမ်းများသည် ယခုတိုင် နီရဲလျက် ရှိသေး၏။

ယခုတွင်မူ ချိန်ဆက္ကားသည် ထိုအစားအသောက်များကို မစားနိုင်တော့ဘဲ တစ်နေကုန် ဈေးထဲ လျှောက်သွားကာ အမဲသားဆိုင်မှ သားစိမ်းနံ့များ၊ ပျော်ပွဲရုံမှ ဟင်းလျာနံ့များကို ရှူရှိုက်ရင်းဖြင့် အချိန်ကုန်ရတော့သည်။ တစ်ခါတစ်ရံတွင်လည်း မောမောဖြင့် ဝက်သားလှည်းပေါ်တွင် အိပ်ပျော်နေတတ်သည်။ ချိန်ဆက္ကားသည် ဈေးထဲမှ အရိုးအရင်းများ၊ စွန့်ပစ်ထားသည့် ဟင်းသီးဟင်းရွက်များကို လိုက်ကောက်ကာ ညစာ ချက်ရ၏။ အမွေးအမှင် ထူသော လက်မောင်းပေါ်မှ အင်္ကျီလက်များကို ပင့်တင်ပြီးနောက် ကောက်လာသော မုန်လာဥကို ဆုံတွင် ထည့်ထောင်းသည်။ ထိုအချိန်၌ သူ့ ဖခင်အိုကြီးသည် ခွေခေါင်ခေါင်ကြီး ဖြစ်သည့်တိုင် မီးဖိုဘေးတွင် ထိုင်၍ မီးလှုံနေတတ်သည်။ ကျမ်းစာအုပ်ကို ဖွင့်၍ ပေါင်ပေါ်တွင် ဖြန့်တင်ထားရင်း ငတ်မွတ် ဆာလောင်သဖြင့် အမြဲတမ်း ညည်းညူနေတတ်သည်။

ယခုကဲ့သို့ ငတ်မွတ်ရခြင်းသည် သူ့သားကြောင့် ဖြစ်ရသည့်နှယ် 'ဆာလှပြီကွ၊ ဒီလိုပဲ ငတ်နေရတော့မှာလား' ဟု မြည်တမ်းနေတတ်သည်။

သူ့ ပေါင်ပေါ်တွင် တင်ထားသည့် ကျမ်းစာအုပ်မှာ အကုသိုလ် တရားအပြားပြား အကြောင်းကို ရေးသားထားသည့် ဋီကာကျမ်း တစ်စောင် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဘိုးအိုသည် ခေါင်းကို ငုံ့ကာ ကျမ်းစာကို ဖတ်နေရာမှ 'အကုသိုလ်' ဆိုသည့် စကားလုံးကို အဖန်တလဲလဲ ရွတ်နေသည်။ သူ့ မျက်လုံးသည် ပြာလဲ့ကာ ကြောင်တောင်ကန်းကဲ့သို့ ဖြစ်နေသော်လည်း ယခုထက်တိုင် မျက်မှန် မပါဘဲ စာဖတ်နိုင်သေးသည်။ သွားမှာ သံချေးတက်နေသော သံချောင်းများလို ဝါကြန့်နေသည့်တိုင် အခိုင်ကြီး ရှိသေးသည်။ အိပ်လျှင်လည်း နေရာ မရွေးတော့ဘဲ တစ်ဖက်တည်းကိုသာ စောင်းပြီး ထိုဘက်တွင် စောင်းအိပ်လျက်မှ နိုးလာတတ်သည်။ တစ်ခါတစ်ရံ ကိုယ်လက် ဖောသွပ် ရောင်အန်းခြင်း ဖြစ်တတ်သည့်တိုင် နေ့စဉ် တောင်ဝှေး တစ်ချောင်းဖြင့် ဈေးဘက်သို့ ထွက်တတ်သည်။ သူ့ တောင်ဝှေးကို သူ့ 'မြင်း' ဖြစ်သည်ဟု အဘိုးအိုက ပြောတတ်သည်။ တောင်ဝှေး တဒေါက်ဒေါက်ဖြင့် ဘုရားကျောင်းများသို့ ရောက်သွားတတ်၏။

ဘုရားကျောင်းသို့ ရောက်လျှင် စစ်တွင်းက အဖြစ်အပျက်များ အကြောင်းကို ပြောတတ်သည်။ တစ္ဆေ သရဲ အကြောင်းကို ပြောတတ်သည်။ ရှေးခေတ် ဟောင်းစဉ်က သိုးရေများကို မြေတိုက်ထဲတွင် အခြောက် လှန်းခဲ့ကြပုံ၊ အရက်ဆိုလျှင် စည်ကြီးတွေထဲမှ ကောက်ရိုး စုပ်တံကလေးဖြင့် အချိန်မရွေး သောက်နိုင်ကြပုံ၊ ထိုစဉ်က သူတို့တစ်တွေ မည်သို့ ချောင်ချောင်လည်လည် ရှိပုံတို့ကို ပြောတတ်သည်။ ပုံပြောသဖြင့် နားထောင်သူတို့က သူ့ကို မုန်လာဥနီ၊ မုန်လာဥဝါ၊ မုန်လာဥဖြူတို့ကို ကျွေးတတ်ကြသည်။ မိုရှေဗားသည် သူတို့ ကျွေးသမျှကို အငမ်းမရ စားသောက်ပြီးနောက် ပေါင်မုန့် အပဲ့ကလေးများကို တုန်ယင်သော လက်ချောင်းများဖြင့် ဖဲ့၍ စားရင်း သူ ငယ်ငယ် ဟန်ဂေရီပြည်တွင် နေခဲ့စဉ်က ယောက္ခမ အိမ်တွင် မည်သို့ သားသားနားနား နေခဲ့ရပုံတို့ကို ပြောပြတတ်သည်။

'အဲဒီတုန်းကတော့ ဘယ်မှာ ဒီလို ဟုတ်လိမ့်မတုံးကွာ၊ ဘုရား ဝတ်ပြုတာနှင့် တစ်ပြိုင်နက် ရှေ့မှာ ဝိုင်အရက်အိုးကြီးတွေ၊ သိုးသားကင် ပန်းကန်ကြီးတွေ ရောက်လာတော့တာပဲ၊ ဟင်းချိုရည်မှာ ဆိုရင်လည်း ကြက်ဥတွေ စားလို့မကုန်ဘူး၊ ခေါက်ဆွဲကလည်း ကောင်းလိုက်တာ၊ နူးညံ့နေတာပဲ'

ထိုအခါမျိုး၌ သူ့အနီးတွင် ဟောက်ပက် ချုံးကျနေသော မျက်နှာများနှင့် အဝတ်အစား စုတ်ပြတ်နေသော လူများသည် မစားရ ဝခမန်း ဖြစ်လျက် ရှိကာ မျက်လုံး အပြူးသား၊ ပါးစပ်မှ သွားရည်တွေ တမျှားမျှားဖြင့် စုပြုံ နားထောင်နေတတ်ကြသည်။ ဥပုသ်စောင့်နေသဖြင့် ဝတ်မွတ် ဆာလောင်နေသော ကျမ်းစာသင်တန်းသား လူငယ်များသည် ဟောက်ပက် ချုံးကျသော မျက်နှာ၊ အရှုး၏


mgyoe.com

mgyoe.com SAMPLE BOOK
မျက်လုံးကဲ့သို့ ဂနာမငြိမ်သော မျက်လုံးများဖြင့် တွဲလောင်း ကျနေသည့် နားရွက်များကို လက်ချောင်းများဖြင့် ဆွဲလိမ်ကာ ဗိုက်ထဲတွင် ပိုးမျိုး ရှစ်ဆယ်တို့ သောင်းကျန်းနေကြသည့်နှယ် မျက်နှာများကို ရှုံ့မဲ့နေကြ၏။

'အဲဒီတုန်းက အစားအသောက်တို့ ဘာတို့က တယ်ပေါတာပဲနော်၊ တယ်ပြီး လူဖြစ်ရကျိုး နပ်တာပဲ၊ ခု ကျွန်တော်တို့မှာဖြင့် ဘာမှ မရှိဘူး' ဟု တဖွဖွ ပြောတတ်ကြသည်။

သို့ဖြင့် မိုရှေဗားသည် လအတန်ကြာမျှ လမ်းမများပေါ်တွင် လျှောက်သွားကာ သမုဒ္ဒရာ ဝမ်းတစ်ထွာကို ဖြည့်တင်းရ၏။ နေ့လယ် တစ်ညတွင်မူ မိုရှေဗားသည် ထိုသို့ ရှာဖွေ စားသောက်ပြီး အိမ်သို့ ပြန်လာခဲ့သည်တွင် သူ့သားကြီး ချိန်ဆက္ကားသည် နာမကျန်း ဖြစ်ကာ အိပ်ရာပေါ်တွင် လဲနေသည်ကို တွေ့ရ၏။ သူ့ကိုယ်တွင် စောင်လည်း မရှိ။ သူ့မျက်နှာသည် ရေနွေးငွေ့ဖြင့် ချွေးအောင်းလာသူ၏ မျက်နှာကဲ့သို့ နီရဲလျက် ရှိသည်ကို တွေ့ရ၏။ မုတ်ဆိတ်မွေးတို့မှာလည်း ချည်ခင်ထုံးသို့ လိမ်ကျစ် ရှုပ်ထွေးလျက် ရှိသည်။ မနေနိုင်သော အိမ်နီးချင်း မိန်းမ တစ်ယောက် ရောက်လာကာ သူ့နဖူးကို စမ်းကြည့်ပြီးနောက် 'ဟင် ပလိပ် ဖြစ်နေတာပါလား၊ ဒီအတိုင်း နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဆေးရုံ သွားမှပေါ့' ဟု ပြောသည်။

နောက်တစ်နေ့ မနက်တွင် သူတို့ အိမ်ရှေ့ ကွက်လပ်သို့ ဆေးရုံကား အနက်ကြီး ရောက်လာကာ ချိန်ဆက္ကားကို ဆေးရုံသို့ သယ်သွားသည်။ သူ့အခန်းကိုလည်း ကာဘော်လစ်ရည် ဖျန်း၍ ဆေးကြောသည်။

သူ့အဖေ မိုရှေဗားကိုမူ ကပ်ရောဂါ ပြေးသည့် ဒုက္ခသည်များ စခန်းသို့ ပို့လိုက်၏။ ဒုက္ခသည် စခန်းသို့ ရောက်လျှင် ဝတ်ရုံ အင်္ကျီရှည်ကြီး တစ်ထည်နှင့် သစ်သား ခုံဖိနပ်ကြီး တစ်ရန်ကို ထုတ်ပေးသည်။ သူ့ကို ကောင်းကောင်း သိသည့် အစောင့်များက မိုရှေဗားကို ပေါင်မုန့် ပို့ပေးကြသည်။ စီးကရက်တို့ ဘာတို့လည်း ပေးကြသည်။ ဆက္ကတ် ပွဲတော် ပြီးသည့် အခါတွင် အဘိုးအို မိုရှေဗားကို ဒုက္ခသည် စခန်းမှ ပြန်ခွင့်ပြုလိုက်သည်။ သားဖြစ်သူ ချိန်ဆက္ကားမှာ အတန်ကြာကပင် သေဆုံးခဲ့လေပြီ။

မိုရှေဗားသည် သားဖြစ်သူ အတွက် ကားဒစ် ဝတ်ပြု ဆုတောင်းကို ရွတ်၏။ အိမ်တွင် သူတစ်ယောက်တည်းသာ ကျန်ခဲ့လေပြီ။ အဘိုးအို မိုရှေဗားသည် အမှိုက်ပုံထဲမှ စက္ကူစုတ်နှင့် ရွှေဘော်စတို့ကို ကောက်၍ မီးဖိုရသည်။ ပဝါဖြင့် ထုပ်ထားသည့် အာလူးပုပ်တို့ကို ဖုတ်သည်။ ဒန်အိုး တစ်လုံးဖြင့်


mgyoe.com

mgyoe.com
SAMPLE BOOK

ကော်ဖီ ကျိုသည်။ မိုရှေဗားသည် အိမ်မှုကိစ္စ အဝဝကို သူကိုယ်တိုင်ပင် လုပ်ရသည်။ ဖယောင်းစ အပဲ့ကလေးများနှင့် အမဲဆီတုံးတို့ကို မီးစာထည့်လုံးကာ ဖယောင်းတိုင် လုပ်၏။ မီးဖို သံပြား အောက်တွင် အင်္ဂျီကို မီးပူတိုက်သည်။ ကြိုးတန်း၍ အဝတ် လှန်းသည်။ ညတိုင်း ကြွက် ထောင်ချောက် ထောင်ပြီး မနက်တိုင်း မိလာသည့် ကြွက်များကို ရေထဲသို့ ပစ်ချသည်။ အပြင် ထွက်လျှင် သူ့ အိမ်တံခါးကို သော့ခတ်ရန် ဘယ်တော့မျှ မမေ့။ ထိုအချိန်က ဝါဆောတွင် မည်သူမျှ အိမ်လခ မပေးကြရ။ မိုရှေဗားသည် သူ့သား၏ ဘောင်းဘီနှင့် ဖိနပ်ရှည်တို့ကို ဝတ်သည်။ ကျမ်းစာ ပိဋကတ်တိုက်တွင် လာသူများမှာ သူ့ကို ကြည့်၍ မနာလိုဝန်တို ဖြစ်ကြသည်။

'သူကတော့ သူ့သား ပစ္စည်းတွေကို အမွေ ရလိုက်တော့ ရှင်ဘုရင်လို နေနိုင်ပေမှာပေါ့' ဟု သူ့ မိတ်ဆွေများက ပြောကြသည်။

ထိုနှစ် ဆောင်းသည် အလွန် ဝေါ်ပြတ် ခေါင်းပါးသည့် ဆောင်း ဖြစ်၏။ မီးသွေးကလည်း အလွန် ရှားသည်။ မီးဖိုကြီးမှ အုတ်များကလည်း နေရာ တော်တော်များများတွင် ကွာကျနေသဖြင့် မီးမွေးလျှင် တစ်ခန်းလုံး မီးခိုးတွေ အူနေတော့သည်။

နိုဝင်ဘာလထဲ ရောက်လျှင် ပြတင်းမှန်များတွင် နှင်းပွင့်တွေ၊ ရေခဲတွေ သီးနေပြီ။ ထို့ကြောင့် မိုရှေဗား၏ အခန်းထဲတွင် အလင်းရောင် ကောင်းစွာ မရတော့ဘဲ မှောင်ရီရီ ဖြစ်နေတတ်သည်။ နေ့ချင်း ညချင်း ဆိုသလို အအေး ပိုလာကာ အိပ်ရာဘေး စားပွဲပေါ်ရှိ ရေတကောင်းထဲတွင် ရေခဲစပြုလာသည်။ အိပ်ရာထဲတွင် အဝတ်အစားတွေ အထပ်ထပ် ဝတ်၍ စောင်ဖြူ စောင်ကျားတွေ ဘယ်မျှ ခြုံစေကာမူ နွေးသည် မရှိ။ ခြေထောက်များသည် အေးစက် တောင့်တင်းနေတတ်သည်။ ခဏကြာလျှင် ချမ်းချမ်းနှင့် အိပ်ပျော်သွားပြီး အဝတ်အစားတွေ၊ စောင်တွေ ကွာကျကုန်သဖြင့် ပြန်၍ နိုးလာပြန်၏။ ထိုအခါမျိုးတွင် မိုရှေဗားသည် အိပ်ရာမှ ထကာ အဝတ်အစားတွေ၊ စောင်တွေကို ပြန်၍ ထပ်ခြုံရပြန်သည်။ ရေနံဆီလည်း မရှိ။ မီးခြစ်က ဈေးကြီးလွန်းသဖြင့် မဝယ်နိုင်။

မိုရှေဗားသည် ဆာလံ ကျမ်းစာကို အထပ်ထပ် အဖန်ဖန် ရွတ်ဆိုသည့်တိုင် အိပ်၍ မပျော်။ လေသည် အခန်းထဲတွင် အတားအဆီး မရှိ တိုက်ခတ်လျက် ရှိကာ တံခါးရွက်များသည် လေတိုးသဖြင့် တဂျုန်းဂျုန်း မြည်နေကြသည်။ ချမ်းလွန်းသဖြင့် အခန်းထဲတွင် ကြွက်တွေပင် မနေနိုင်တော့ဘဲ ပြေး


mgyoe.com

mgyoe.com
SAMPLE BOOK

ကုန်ကြပြီ။ အင်္ကျီကို လျှော်၍ လှန်းထားလျှင် မခြောက်နိုင်တော့ဘဲ အင်္ကျီသည် မှန်သားကဲ့သို့ ကြွပ်ရွနေတတ်၏။

မိုရှေဖားသည် ရေလည်း မချိုးတော့။ သူ့မျက်နှာသည် ကျပ်ခိုးတို့ကြောင့် မည်းလျက် ရှိ၏။ မိုရှေဖားသည် အိမ်တွင် မီးမလှုံနိုင်သဖြင့် ကျမ်းစာ ပိဋကတ်တိုက်သို့ သွားကာ သံတွေခဲကဲ့သို့ ရဲရဲနီလျက် ရှိသော မီးလင်းဖိုကြီး အနီးတွင် တစ်နေ့လုံး ထိုင်နေတတ်သည်။ စာအုပ်စင်များပေါ်တွင်မူ ကျမ်းစာအုပ်ဟောင်းများသည် အဝတ်စုတ် အဝတ်ဟောင်းများသဖွယ် ဖရိုဖရဲ စုပုံနေကြ၏။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်တို့ကို ဝတ်ကာ ရောင်အန်းသော ခြေထောက်များ၊ ကျီးသိုက်ကဲ့သို့ ရှုပ်ပွေ ရှည်လျားသည့် ဆံပင်များဖြင့် အခြေမဲ့ အနေမဲ့များသည် သံဖြူ အုပ်ထားသည့် စားပွဲရှည်ကြီးများ ပတ်ပတ်လည်တွင် ရပ်နေကြသည်။ ထိုသူများမှာ စစ်ကြီး အတွင်းတွင် အိုးအိမ်တို့ ပျက်စီး ဆုံးရှုံးခဲ့ကြသူများ ဖြစ်၏။ သူတို့တွင် ဘာမျှ မကျန်တော့။ အဝတ်အစားကိုမျှပင် အချမ်းသုံ့အောင် မဝတ်နိုင်။ စုတ်ပြတ်နေသော လွယ်အိတ်များကို ပခုံးတွင် လွယ်ထားကြသည်။ ဘုရားဝတ်ကျောင်းများတွင် မိဘမဲ့ ကလေးများက ဆုတောင်းဝတ်ပြုနေကြစဉ် အမျိုးသမီးများသည် ပလ္လင်ခန်းထဲတွင် စုဝေးကာ နာမကျန်းသူများ အတွက် ဆုတောင်းနေကြသဖြင့် သူတို့တစ်တွေ၏ ဆုတောင်းသံ၊ ငိုညည်းသံတို့သည် နားထဲတွင် ဆူညံနေသည်။ အခန်းထဲတွင် မွန်းကျပ် ပိတ်လှောင်လျက် ရှိရာ မီးပူဖော်ထားသည့် ဖယောင်းတိုင်နံ့များကြောင့် အခန်းသည် အသုဘ အလောင်းများ ထားရာ အခန်းနှင့် တူနေသည်။

မိုရှေဖားသည် ထိုင်လျက် မကြာခဏ အိပ်ငိုက်၍ သွားတတ်သဖြင့် သူ့ကိုယ်သည် မီးဖိုနှင့် ထိကာ မကြာခဏ အပူ လောင်တတ်သည်။ ညရောက်လျှင် အိမ်သို့ တစ်ယောက်တည်း ပြန်၍ မဖြစ်။ ဖိနပ်က ပေါက်နေပြီ။ ရေခဲပြင်ပေါ်တွင် ချော်လဲမည်ကို စိုးရိမ်ရသေး၏။ ထို့ကြောင့် အိမ်ပြန်လျှင် တစ်ယောက်ယောက်ကို လိုက်အပို့ခိုင်းရဦးမည်။ သူတို့ တန်းလျားတွင် နေသည့် အိမ်နီးချင်းများကမူ မိုရှေဖားကို သေလူဟု သဘော ထားလိုက်ကြပြီ။ 'အဘိုးကြီးတော့ ခက်တာပဲ၊ ချော်လဲရင်တော့ မလွယ်ဘူး' ဟု အချင်းချင်း ပြောကြသည်။

သူတို့ ပြောသည့် အတိုင်းပင် ဒီဇင်ဘာလ တစ်ရက်တွင် မိုရှေဖား ချော်လဲပြီး ယာဘက် လက်မောင်း နာသွားသည်။ သူ့ကို လိုက်ပို့သည့် လူငယ်က တွဲထူပြီး အိမ်သို့ ထမ်း၍ ပို့ခဲ့ရ၏။ ထို့နောက်တွင်မူ လူငယ်သည် ထိုအိမ်မှ


mgyoe.com

mgyoe.com
SAMPLE BOOK

ပစ္စည်းကို ခိုးယူ ဖောက်ထွင်းသည့် သူခိုး တစ်ယောက်နှယ် အဘိုးအိုကို ပို့ပြီးသည်နှင့် ချက်ချင်း သုတ်ခြေတင်၍ ပြန်လာခဲ့သည်။ နှစ်ရက်လုံးလုံး မိုရှေဗားသည် ကယ်ပါ ယူပါ အော်ဟစ်လျက် ရှိ၏။ သို့ရာတွင် မည်သူမျှ ပေါ်မလာကြ။ မိုရှေဗားသည် သူ့ကိုယ်သူ အပြစ် ဆိုရင်း ရင်ဘတ် စည်တီးဖြင့် ငိုယိုကာ မြန်မြန် သေပါစေဟု ဆုတောင်း၏။ အပြင်ဘက်တွင် လူဟူ၍ မရှိတော့သည့်နှယ် ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်လျက် မှိုင်းမှုန် ပြာဝေသော ဆည်းဆာရောင်သည် ပြတင်းပေါက်မှ ဖြာကျလာ၏။ ညညတွင် နံရံကို ကြောင်တစ်ကောင် ကုတ်ခြစ် တွယ်တက်နေသည့်နှယ် တဂျစ်ဂျစ် မြည်သော ခြစ်သံများကို ကြားနေရသည်။ အောက်ထပ်မှာ အာခေါင်သံကြီးဖြင့် ဟိန်းနေသည့် အသံမျိုးကို ကြားနေရသည်။ သူ့ အိပ်ရာသည် အခန်း အလယ်ကောင်တွင် ရောက်နေပြီး ပြတင်းပေါက် အားလုံးသည် ပွင့်နေသည်ဟု ထင်ရ၏။ ချော်လဲပြီး ဒုတိယမြောက်နေ့ နေဝင်ပြီး မကြာမီတွင် သူ့ အခန်း တံခါးသည် ပွင့်လာကာ အနက်ရောင် ခြုံထည်ကြီးကို ခြုံထားသည့် မြင်းကြီး တစ်ကောင် ဝင်လာသည်ကို မြင်လိုက်ရသည်။ ထိုမြင်းကြီး၏ ခေါင်းသည် မြည်းတစ်ကောင်၏ ခေါင်းကဲ့သို့ အဆမတန် ရှည်လျားလျက် ရှိပြီး မျက်လုံးပေါင်း များစွာ ပါသည်ဟု ထင်လိုက်ရ၏။ ထိုသတ္တဝါသည် သေမင်း၏ တမန်တော် ဖြစ်ကြောင်းကို မိုရှေဗား သိလိုက်ပြီ။ မိုရှေဗားသည် အိပ်ရာပေါ်သို့ လဲကျသွားကာ အလန့်တကြားဖြင့် အော်သည်။ သူ့ အော်သံကို အိမ်နီးနားချင်းများ ကြားလိုက်ရ၏။ ခဏ ကြာလျှင် အိမ်ရှေ့ ကွက်လပ်တွင် လူတွေ စုရုံး စုရုံး ဖြစ်နေလေပြီ။ သူနာတင် ကားကို ခေါ်သူက ခေါ်ကြသည်။ သတိရ၍ ကြည့်လိုက်သည့်အခါတွင် သူ့တစ်ကိုယ်လုံး ပတ်တီးတွေ စည်းထားပြီး မည်းနက်သည့် သေတ္တာကြီး တစ်လုံးထဲသို့ ရောက်နေသည်ကို တွေ့ရသည်။ ထိုသေတ္တာကြီးသည် သူ့ အသုဘခေါင်းပင် ဖြစ်လိမ့်မည်ဟု မိုရှေဗား ထင်လိုက်သည်။ သူ့တွင် ဆွမ်းသွတ်ပေးမည့် ဆွေမျိုးသားချင်း တစ်ဦးမျှ မကျန်ရစ်ခဲ့။ သို့ဆိုလျှင် ကျွတ်ချိန်တန်သည့်တိုင် မကျွတ်ဘဲ ရှိတော့မည်။ ထိုစဉ် မိုရှေဗားသည် ကျမ်းစာထဲမှ သေမင်းတမန် နတ်ဆိုး ဂျူးမား၏ ဟောစာကို သတိရ၏။ ဖူးရောင် ပွဲရွဲနေသော သူ့မျက်နှာပေါ်တွင် သေသူ၏ မျက်နှာတွင် တွေ့ရတတ်သည့် အပြုံးမျိုး ပေါ်လာ၏။

ပုပုရွရွ များလှသူငါ
ပိုးဖလံမျိုး သေမျိုးချည်းသာ


mgyoe.com

mgyoe.com SAMPLE BOOK

မသေတဲ့ဆေး အဝေးလိုက်ရှာ
ရှာသော်လည်း သေမြဲ သေရမှာ။

ထာဝရ ဘုရားကို ပသပွဲ ဖြစ်သည့် အဇုမ ပွဲတော် ပြီးသည့်နောက်တွင် မိုရှေဗားကို ဆေးရုံမှ ပြန်လွှတ်လိုက်သည်။ နာလန်ထပြီး ဖြစ်သဖြင့် ခါတိုင်းထက် စားလို့ သောက်လို့ ကောင်းသည်။ သို့ရာတွင် သူ့တွင် စားစရာ ဆို၍ ဘာမျှ မရှိ။ အိမ်တွင် ကျန်ခဲ့သမျှ ပစ္စည်းတို့မှာလည်း သူခိုး ခိုး၍ တက်တက်ပြောင်ပြီ။ နံရံကပ် စက္ကူတွေ အလိပ်လိပ် ကွာကျနေသော နံရံကြီးသာ ဟောင်းလောင်း ကျန်ရစ်ခဲ့၏။

ထိုအခါတွင် မိုရှေဗားသည် ဂါစီလီယာ နယ်စပ်မှ ဂျိုစီဖော ဆိုသည့် ရွာကလေးကို အမှတ်ရသည်။ ထိုရွာကလေးတွင် မိုရှေဗားသည် နှစ်ပေါင်း ငါးဆယ် လုံးလုံး နေထိုင်ခဲ့ကာ တူရကီ နယ်စပ်မှ ရွာသူရွာသားများ အပေါ်တွင် သူ့ တန်ခိုး ဩဇာ လွှမ်းခဲ့သည်။ ထိုရွာကလေးမှ ရွာသူရွာသားတို့သည် သူ့အား ကဝိကြီး တစ်ဆူ ပမာ ရိုသေ လေးစားခဲ့ကြသည်။ ထိုရွာကလေးသို့ ပြန်ချင်သဖြင့် အကျိုးအကြောင်း စုံစမ်းကြည့်၏။ သို့ရာတွင် လူတိုင်းက ပခုံးကို တွန့်ပြကာ တစ်ယောက် တစ်မျိုးစီ ပြောကြသည်။ ဂျိုစီဖော ရွာကလေးမှာ မီးလောင်၍ ရွာပျက်သွားပြီဟု အချို့က ပြောကြ၏။ ထိုနယ်သို့ ရောက်ခဲ့သည့် သူတောင်းစား တစ်ယောက်ကမူ ဂျိုစီဖော ရွာကလေးမှာ အလျှင်ကထက် စည်ကားလျက် ရှိပြီး ရွာသူရွာသားများလည်း ဥပုသ်နေ့တွင်သာ စားနိုင်ကြသည့် ပေါင်မုန့်ဖြူကို နေ့တိုင်း စားနိုင်လောက်အောင် စီးပွား တက်နေကြသည်ဟု ဆိုသည်။

သို့ရာတွင် ဂျိုစီဖော ရွာကလေးမှာ (ဂျာမန်) ဩစတြီးယန်း နယ်ထဲတွင် ရှိသည့် အတွက် သူက မေးတိုင်း လူများသည် ခေါင်းယမ်းကာ ရယ်သလို မောသလိုဖြင့် 'အဘိုးကြီးနယ်ဗျာ၊ ဘာစိတ်ကူးများ ပေါက်နေသလဲ မသိဘူး၊ သေခါနီးကြီး မပြောနှင့်၊ ငယ်ငယ်ရွယ်ရွယ်တွေတောင် အဲဒီကို သွားရဲတာ မဟုတ်ဘူး' ဟု ဆိုကြသည်။

သို့ရာတွင် မိုရှေဗား ဇော်လှ ပြတ်လှပြီ။ ဒုက္ခသည် စခန်းများက ကျွေးသည့် မုန်လာဥပြုတ်၊ သဘော် ဒန့်သလွန်ရွက်ပြုတ်၊ ဟင်းချို စသည်တို့ကို စားသောက်၍ မတင်းတိမ်နိုင်။ သူ့ ဝမ်းဗိုက်သည် အမြဲလို ဟာလျက် ရှိကာ


mgyoe.com

mgyoe.com
SAMPLE BOOK

အမြဲလို ဆာလောင် မွတ်သိပ်လျက် ရှိ၏။ ဂျိုစီဖောတွင် နေ့ခဲ့စဉ်က စားသောက်ခဲ့ရသော အသားစင်းကော ကြက်သွန်ဥ နိုင်နိုင်ဖြင့် ညှပ်ထားသည့် ဥာပနာ မုန့်၊ နွားခြေထောက် ဟင်းချို၊ ကြက်ဆူဆူများနှင့် အမဲသားတို့ကို ညတိုင်း သူ အိပ်မက် မက်နေသည်။ မျက်စိကို မှိတ်လိုက်သည်နှင့် ထိုရွာကလေးမှ မင်္ဂလာဆောင်၊ ရှင်ပြု စသည်တို့ကို မျက်စိထဲတွင် မြင်ယောင်လာတတ်သည်။ စားပွဲရှည်ကြီးများပေါ်တွင် တောင်လို ပုံအောင် ချထားတတ်သည့် ပေါင်မုန့်လုံးကြီးများကို မြင်ယောင်နေသည်။ လက်ထဲတွင် အရက်ခွက်ကို ကိုင်ကာ ခေါင်းခွံကပ် ဦးထုပ်ကလေးပေါ်တွင် ကတ္တီပါ ဦးထုပ် မြင့်မြင့်ကြီးတွေ ဆောင်းပြီး ပိုးဝတ်ရုံရှည်ကြီးတွေကို ဝတ်၍ ကနေကြသည့် ကျမ်းစာ သင်တန်းသားများကို မြင်ယောင်နေသည်။

ထိုစဉ်ကမူ သည်လို ဘယ်ဟုတ်ပါ့မတုံး။ ထိုပွဲများ အားလုံးကို သူပင် စီစဉ်၍ ကြီးကြပ်ရသည်။ အချက်အပြုတ်ဘက်က လူတွေနှင့် ရန်ဖြစ်ရသည်မှာလည်း သူ၊ တီးဝိုင်းဆရာတွေနှင့် ရန်ဖြစ်ရသည်မှာလည်း သူ၊ မင်္ဂလာ အလှူပွဲပြီးမြောက်အောင် အစစအရာရာ စီမံ ခန့်ခွဲရသည်မှာလည်း သူ။ ထမင်း စားဖို့သောက်ဖို့ပင် အချိန် မရ။ ကိစ္စဝိစ္စတွေ ပြီးတော့မှ စားရ သောက်ရတော့သည်။ ယခုမူ အိပ်မက်ထဲမှာပင်လျှင် ထိုဟင်းလျာများကို မတွေ့ရတော့။ မနက် လင်းလာလျှင် ပါးစပ်ထဲ၌ ခါးသက် စေးထန်းလျက် အိပ်ရာမှ နိုးလာသည်။ သူ့နှလုံးသည် တဒိတ်ဒိတ် ခုန်နေသည်။ သူ့တစ်ကိုယ်လုံးသည် ချွေးစေးကြီးတွေဖြင့် အေးစက်နေသည်။ အပြင်ဘက်မှ အလင်းရောင်သည် နေ့စဉ်နှင့်အမျှ ပို၍ တောက်ပလာသည်ဟု ထင်ရ၏။ မနက် လင်းသည်နှင့် လေးထောင့်ကွက် နေရောင်ခြည် ပြောက်တိပြောက်ကျားသည် စက္ကူတွေ ကွာကျနေသော နံရံပေါ်သို့ ထိုးကျလာတတ်သည်။ ပြိုပျက်နေသော နံရံတွင် တွဲလောင်း ကျနေသည့် မီးပဒေသာပွင့်များ ချိတ်ဆွဲရာ သံချိတ်ကြီး အနီးတွင်မူ ယင်ကောင်တို့ တဝီဝီ ဝဲလျက်။ အရုဏ်ခြည် ရွှေရောင်လဲ့လဲ့တို့ မှန်ပြတင်းပေါ်သို့ အရိပ် ထိုးကျလာသည့် အခါမျိုး၌ ပျံသန်းသွားသော ငှက်တစ်ကောင်၏ အဝေး ဘေးတိုက်ပုံရိပ်ကို လှစ်ခနဲ မြင်လိုက်ရတတ်သည်။ အောက်ထပ် လမ်းမမှ သူတောင်းစားများ၊ ဒုက္ခိတများ၏ သီချင်း ဆိုသံ၊ ဗျပ်စောင်း တီးသံ၊ နဲ့မှုတ်သံတို့ကို ကြားရတတ်သည်။

မိုရှေဖားသည် ညဥ့်အိပ် အဝတ်အစားဖြင့်ပင် တစ်လုံးတည်းသာ ကျန်တော့သော ခုတင်ပေါ်မှ ထလာကာ ကိုယ်လက် သန့်စင်သည်။ ထို့နောက်


mgyoe.com

mgyoe.com
SAMPLE BOOK

ကွက်လပ်တွင် ထိုင်ဖုံများကို ဖုန်ခါနေကြသည့် ဖိနပ် မပါသော မိန်းကလေးများကို ငေးကြည့်နေသည်။ ကြက်မွေးများမှ ကြက်တောင် အစအနများသည် ပန်းပွင့်များနှယ် အရပ် လေးမျက်နှာသို့ လွင့်နေကြသည်။ ထိုင်ဖုံမှ ကောက်ရိုး အဆွေးနံ့၊ ကတ္တရာစေးနံ့တို့က မွန်ထူလျက်။

မိုရှေဖားသည် ကောက်ကွေးနေသော လက်ချောင်းများဖြင့် ရှည်လျား၍ အမွေးအမှင် ထူထပ်လှသော နားရွက်များကို ဆွဲလိမ်ကာ အဝေးမှ အသံဗလံတို့ကို နားထောင်နေသည်။ သည်နှစ် နွေတွင်မှ ဂျူစီဖောသို့ မသွားဖြစ်လျှင် နောင် ဘယ်တော့မှ သွားနိုင်တော့မည် မဟုတ်ဟု အကြိမ် တစ်ထောင်မြောက် တွေးနေသည်။

'ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရား၊ နောင်နှစ် ဆိုရင် ဂျူစီဖောကို ပြောင်းနိုင်အောင် ကူညီ မှိုင်းမတော်မူပါ ဘုရား၊ ဂျူစီဖောကို ရောက်ရင် ပန်းခြံလေးထဲမှာ အေးအေးလူလူ ထိုင်ပြီး စားကောင်းသောက်ဖွယ်တို့ကို စားရတဲ့ ဘဝနှင့် တွေ့ရပါလို၏ ဘုရား' ဟု မိုရှေဖား စိတ်ထဲမှ ဆုတောင်းနေသည်။

ဂျူစီဖောသို့ သွားချင်လျှင် နိုင်ငံကူး လက်မှတ် လျှောက်ရမည်၊ ပြည်ဝင်ခွင့် လက်မှတ် လျှောက်ရမည်ဟု အခြားသူများ ပြောကြသဖြင့် မိုရှေဖားသည် အချိန်အတန်ကြာ စောင့်ဆိုင်းနေရသေး၏။ ဓာတ်ပုံ ရိုက်ပြီးလျှင် ကျဉ်းမြောင်းကောက်ကွေ့သည့် လမ်းကလေး တစ်လမ်းရှိ ဩစတြီးယား ကောင်စစ်ဝန်ရုံးဝတွင် ရက်ပေါင်း များစွာ သွားစောင့်ရသည်။ သူတို့ အားလုံးကို ဆေးတံခဲ၍ မုတ်ဆိတ်မွေး ဖားလျားနှင့် သေနတ်ကိုင် စစ်သားများက ဂျာမန်လို ကျိန်ဆဲသည်ကို ခံကြရသည်။ ကလေးငယ်တွေ ချီထားသည့် အမျိုးသမီးများမှာ ငိုသူက ငို၊ သတိမေ့ လဲကျသူက လဲကျ ဖြစ်ကုန်ကြသည်။ ပြည့်တန်ဆာများနှင့် ရွှေစတို့ဖြင့် လာဘ်ထိုးသည့် အမျိုးသားများကိုသာ ပြည်ဝင်ခွင့် လက်မှတ် ထုတ်ပေးသည်ဟုလည်း သတင်း ကြားရ၏။

မိုရှေဖားသည် မနက် လင်းသည်နှင့် ကောင်စစ်ဝန် ရုံးပေါက်သို့ သွားကာ မြေကြီးပေါ်တွင် ထိုင်ပြီး ကျမ်းစာအုပ်ကို ဖတ်ရင်း သူ့ အလှည့်ကို စောင့်သည်။ ဆာလာလျှင် ပါလာသည့် မုန့်လာဥပြုတ်နှင့် သဘော်ဒန့်သလွန်ရွက်တို့ကို စားသည်။ သို့ရာတွင် လျှောက်လွှာတင်သူတို့မှာ လျော့သည် ဟူ၍ မရှိ။ တစ်နေ့ထက် တစ်နေ့ များလာသည့် အတွက် နောက်ဆုံးတွင် မိုရှေဖားသည် ပြည်ဝင်ခွင့် လျှောက်သည့် ကိစ္စကို လက်လျှော့လိုက်တော့သည်။ မိုရှေဖားသည် သူ့ ဝမ်းကပ် အင်္ကျီကြီးကို လမ်းဘေး ဈေးသည် တစ်ယောက်သို့ ရောင်း

mgyoe.com

mgyoe.com
SAMPLE BOOK

လိုက်ပြီး ထိုရောင်းရငွေဖြင့် ပေါင်မုန့် တစ်လုံး၊ ဘုရား ဝတ်ပြုရာတွင် သုံးသည့် ပဝါ ထည့်ရန် လွယ်အိတ် တစ်အိတ်နှင့် အဆောင် အဖြစ် ကျမ်းစာအုပ် အချို့ကို ဝယ်သည်။ ထို့နောက် မိုရှေဗားသည် ခိုး၍ ထွက်ရန် အကြံဖြင့် ခြေကျင် ခရီး ထွက်လာခဲ့သည်။

သီတင်း ငါးပတ် ကြာသည့် အခါတွင် မိုရှေဗားသည် မိုင်ဇန်ဂိုရော့ မြို့သို့ ရောက်လေ၏။ နေ့လယ် နေ့ခင်း ရာသီဥတု ပူနွေးသည့် အချိန်များမှာ မိုရှေဗားသည် ဖိနပ် မပါဘဲ လယ်ကွင်းများကို ဖြတ်လျှောက်သည်။ လယ်သမားကဲ့သို့ ပါလာသည့် ဖိနပ်ရှည်ကြီးကို ပခုံးပေါ်တွင် ကြိုးဖြင့် သိုင်း၍ ထမ်းလာခဲ့၏။ လမ်းတွင် ဆာလျှင် ဂျုံခင်းတွေထဲမှ ရင့်မှည့်ခြင်း မရှိသေးသော ဂျုံများကို ဆွတ်၍ စားသည်။ အိပ်လျှင် လယ်တဲများထဲတွင် ဝင်အိပ်သည်။ လမ်းတွင် ဂျာမန် အစောင့်များနှင့် တွေ့သဖြင့် မကြာခဏ စစ်ဆေးခြင်း ခံရသည်။ ဂျာမန် စစ်သားများသည် သူ့ ရုရှားပြည်သား မှတ်ပုံတင်ကို ကြည့်ပြီးနောက် မှောင်ခို ပစ္စည်း ပါ မပါ သူ့ကို အနှံ့အပြား ရှာဖွေကြသည်။ ကျေနပ်ပြီ ဆိုသည့် အခါတွင် သူ့ကို ခရီး ဆက်ခွင့် ပြုလိုက်ကြသည်။ ခရီး သွားရင်း မကြာခဏ အူကျတတ်သဖြင့် ပြူထွက်လာသော အူကို နေရာကျအောင် ပြန်သွင်းရသည်ကလည်း အကြိမ်ပေါင်း မရေတွက်နိုင်။

မိုင်ဇန်ဂိုရော့မြို့ အနီးရှိ ကျေးရွာကလေး တစ်ရွာသို့ အရောက် ခပ်ငယ်ငယ် ကျမ်းစာ သင်တန်းသားများနှင့် တွေ့၏။ သူ လာသည့် အကြောင်းနှင့် တကွ ဂါစီယာ မြို့သို့ သွားမည့် အကြောင်းကို သိလျှင် တအံ့တသြ ဖြစ်ကာ သူတို့ အချင်းချင်း တွတ်ထိုးကြသည်။

'အဘိုးကြီးနှယ်ဗျာ၊ သူမိုလို့ ဒီလို အချိန်ကြီးမှာ စွန့်စွန့်စားစား သွားပလေ၊ ဟိုရောက်ရင် မသက်သာ ဖြစ်ပြီး စက်တိုင် တက်ရမှာ' ဟု သူ့ကို သတိပေးကြ၏။

သူနှင့် ကြာကြာ စကား ပြောလျှင် ဂျာမန် စစ်အာဏာပိုင်တို့က သူတို့ ကိုပါ သင်္ကာမကင်း ဖြစ်မည် စိုးသည့် အတွက် သူ့ကို ငွေစ အနည်းငယ် ပေးကာ လမ်းခွဲသွားကြသည်။ ရက် အနည်းငယ် ကြာလျှင် ရေဝတီ အဘိုးကြီး တစ်ယောက်ကို မသင်္ကာ၍ သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း သတင်းများ ထွက်ပေါ်လာသည်။ သို့ရာတွင် ထိုအချိန်၌ မိုရှေဗားမှာ အသက် မသေရုံမျှမက သြစတြီးယား နယ်ဘက်သို့ပင် ရောက်ရှိသွားခဲ့လေပြီ။ လမ်းတွင် လယ်သမား တစ်ယောက်နှင့် တွေ့သဖြင့် ငွေပေးရာ လယ်သမားက သူ့ကို ကောက်ရိုး

mgyoe.com

mgyoe.com SAMPLE BOOK

လှည်းကြီးပေါ်တွင် ဖွက်၍ ခေါ်သွားသောကြောင့် ချောမောစွာ ရောက်သွားခြင်း ဖြစ်သည်။

မိုရှေဗားသည် ထိုရွာကလေးတွင် ဆင်းပြီး ရာဂျိုဝက် မြို့သို့ ရောက်သည့် အခါ၌ ဝမ်းကိုက် ရောဂါ ဖြစ်သဖြင့် လူအိုရုံတွင် အတန်ကြာမျှ သောင်တင်နေသေးသည်။ သည်တစ်ချီတွင်မူ မိုရှေဗား တစ်ယောက် သေတော့မည်ဟု လူတိုင်းက ထင်ကြသည်။ သို့ရာတွင် အချိန်တန်သည့် အခါတွင် မိုရှေဗားသည် ပြန်၍ နာလန်ထလာခဲ့၏။

ထိုနယ်ဘက်တွင်မူ အစာရေစာ သည်လောက် ခေါင်းပါးခြင်း မရှိ။ အိမ်ရှင်မများက သူ့ကို သနားသဖြင့် ဂျုံကြမ်းဖြင့် ပြုလုပ်သည့် ပေါင်မုန့်များနှင့် နို့ကို အဝ ကျွေးကြသည်။ စနေနေ့များတွင် ဆိုလျှင် နုအိနေသည့် နွားကလေးခြေထောက် စွပ်ပြုတ်နှင့် ဘရန်ဒီကလေး တစ်ခွက်တလေကိုပင် သောက်ရတတ်သေးသည်။ အားပြည့်၍ ထူထူထောင်ထောင် ဖြစ်လာသည်နှင့် မိုရှေဗားသည် ဝက်၍ ခရီး ထွက်လာခဲ့ပြန်သည်။ သည်နယ်ဘက်ကိုမူ သူ ကောင်းကောင်း ကျွမ်းသည်။ လယ်သမားများကလည်း လွန်ခဲ့သည့် အနှစ် ငါးဆယ်ကကဲ့သို့ပင် အဖြူရောင် ကုတ်အင်္ကျီရှည်ကြီးတွေကို ဝတ်ပြီး ခေါင်းတွင် ပန်းပွား တပ်ထားသည့် လေးထောင့် ဦးထုပ်ကြီးတွေကို ဆောင်းဆဲ ရှိသေး၏။ မုတ်ဆိတ် ဖားဖားကြီးတွေကို ထားကြပြီး ယူကရိန်း စကားကို ပြောကြဆဲ ရှိသေးသည်။ ဇာမော့သို့ ရောက်သည့် အခါတွင် အာဏာပိုင်တို့က သူနှင့် လယ်သမား နှစ်ယောက်ကို ဖမ်း၍ ထောင်ထဲသို့ ထည့်ထားလိုက်ကြ၏။ ရဲကလည်း သူ့အိတ်ကလေးကို သိမ်းလိုက်ပြီး အစားအသောက်လည်း ကောင်းစွာ မကျွေး။

မိုရှေဗားသည် ရေဝတီတို့ မစားသည့် အစားအသောက်တို့ကို မစားဘဲ ပေါင်မုန့်နှင့် ရေကိုသာ မှီဝဲသည်။ သူ့ကို တစ်ရက်ခြား တစ်ခါ ထုတ်၍ စစ်ဗိုလ်က စစ်ဆေး မေးမြန်းသည်။ မိုရှေဗားကို နားလေးသည် ထင်သဖြင့် စစ်ဗိုလ်သည် နားနားသို့ ကပ်ကာ အသံညြညြကြီးဖြင့် သူ့ကို စစ်ဆေးသည်။ မိုရှေဗားသည် သူတို့ မေးသည်ကိုလည်း ဘာမျှ နားမလည်။ ခေါင်းညိတ်သည့် အခါ ညိတ်ပြပြီး တစ်ခါတစ်ရံတွင်လည်း စစ်ဗိုလ်၏ ခြေထောက်ကို ဖက်၍ တောင်းပန်သည်။

သို့ဖြင့် ဂို့ရှ်ဟာဟာရှိုနာ ခေါ် နှစ်သစ်ကူး ပွဲတော်သို့ ရောက်လာခဲ့သည်။ ထိုအခါကျမှ ရေဝတီ အဘိုးကြီး တစ်ယောက်အား ဆိုင်ရာတို့က ချုပ်နှောင်ထားကြောင်းကို ဇာမော့ရှိ ရေဝတီများ သိလာခဲ့ကြသည်။ ရေဝတီ အမျိုးသား


mgyoe.com

mgyoe.com
SAMPLE BOOK

များက စစ်ဗိုလ်ကို ပိုက်ဆံ ပေး၍ သူ့ကို လွတ်အောင် လုပ်ခဲ့ကြ၏။ ရေဝတီ အမျိုးသားများက သူ့ကို အပြစ်ချေ ဥပုသ် ထွက်သည် အထိ ဇာမော့တွင် နေရန် တိုက်တွန်းကြသည်။ သို့ရာတွင် မိုရှေဗား မနေနိုင်။ သူတို့နှင့် အတူ တစ်ညတာမျှ တည်းခိုကာ ပေါင်မုန့် အနည်းငယ်ကို ယူပြီးနောက် မနက် မိုးသောက်သည်နှင့် ဗီဂိုရိုင်းသို့ ထွက်လာခဲ့သည်။ ကောက်နှံတို့ ရိတ်သိမ်းပြီး ခါစ လယ်ကွင်းများကို ဖြတ်ကာ လမ်းတွင် အစာ အလို့ငှာ မုန်လာဥတို့ကို တူးစားပြီး တောအုပ် ကောင်းကောင်းသို့ ရောက်လျှင် အပန်းဖြေသည်။ တော အုပ်ထဲတွင် ဆီးဖြူသီးတွေ ပေါ၏။ အလုံး ကြီးကြီး၊ အရည် ရွှမ်းရွှမ်း၊ အရသာ ချဉ်ချဉ် ဖြစ်၍ သူတို့ကို စားလိုက်လျှင်ပင် အမောပြေသည်။ တစ်ခါတစ်ရံ တွင်လည်း လမ်းတွင် လှည်းကြုံစီး၍ လိုက်လာခဲ့၏။ ဗီဂိုရိုင်းသို့ မရောက်မီ ကလေးတွင်မူ သိုးကျောင်းသား တစ်စုက သူ့ကို ဝိုင်းရိုက်ပြီး ဖိနပ်ရှည်ကြီး ကို လုယူသွားကြ၏။

မိုရှေဗားသည် ဖိနပ် မပါဘဲ ဆက်၍ လာခဲ့ရသည်။ ခြေထောက်တွေ ပေါက်ပြဲကုန်သဖြင့် ဗီဂိုရိုင်းသို့ အတော် ညဥ့်နက်မှ ရောက်၏။ ကျမ်းစာ ပိဋကတ်တိုက်တွင် သူ့ထက် အလျင် စော၍ ရောက်နေသည့် လူလေ လူလွင့် များက သူ့ကို တံခါး ဖွင့်မပေးသဖြင့် မိုရှေဗားသည် လှေကားရင်းတွင်ပင် ငုတ်တုတ် ထိုင်၍ အိပ်ရသည်။

ထိုညမှာ ဆောင်းဦးပေါက်ည ဖြစ်၍ ကောင်းကင် ကြည်လင်ကာ စိမ့်အေး နေသည်။ ဆောင်းတွင်းသို့ ရောက်လျှင် ဘုရားကျောင်းကို မီးပူဇော်ရန် အဆင် သင့် စုစည်းထားသည့် သစ်ကိုင်းများ ရှိ၏။ ဆိတ်တစ်အုပ်သည် ထိုသစ်ကိုင်း ခြောက်မှ အခေါက်များကို ဝါးလျက် ရှိသည်ကို ကြယ်ရောင် ဖြိုးဖြက် တောက်ပ နေသော ကောင်းကင် နောက်ခံတွင် ထင်ရှားစွာ မြင်နေရသည်။ မမေ့နိုင်သော အတိတ်ကို လွမ်းဆွတ် တသနေသည့်နှယ် ဇီးကွက် တစ်ကောင်သည် အသံ သေးသေးဖြင့် မြည်တမ်းလျက် တိတ်ဆိတ်သွားသည်။ အတန်ကြာလျှင် သူ့ မြည်တမ်းသံသည် ထပ်မံ ပေါ်ထွက်လာပြန်သည်။ သစ်သား မီးအိမ် တချို့ ကို ကိုင်ထားသည့် လူအချို့သည် အရုဏ်တက် ဝတ်ပြုရန် ဘုရားကျောင်း ဆီသို့ သွားနေကြသည်။

လှေကားရင်းတွင် ငုတ်တုတ် အိပ်ပျော်နေသည့် မိုရှေဗားကို တွေ့သည့် အခါ၌ သူ့ကို ပိဋကတ်တိုက်ထဲသို့ ခေါ်ခဲ့ကာ စွန့်ပစ်ထားသော ဝတ်ပြု ပဝါ များကို သေတ္တာကြီး တစ်လုံးထဲမှ ထုတ်ပြီး သူ့ကို ခြုံပေးကြသည်။ နေ အတန်


mgyoe.com

mgyoe.com
SAMPLE BOOK

မြင့်သည့် အခါတွင် စစ်ဖိနပ်ဟောင်းကြီး တစ်ရန်ကို ယူလာပေးကြသည်။ ဖိနပ် ပေါက်သဖြင့် ခြေထောက်တွေ နာနေသည့်တိုင် မိုရှေဗားသည် ခရီး ဆက်ခဲ့ပြန်၏။ အပြစ်ချေ ဥပုသ်နေ့ အမီ ဂျိုစီဖော ရွာကလေးသို့ သူ ရောက် ချင်သည်။ ထိုဥပုသ်နေ့ကလည်း မဝေးတော့။ တစ်ရက်သာ လိုတော့သည် မဟုတ်လော။

မိုရှေဗားသည် နောက်တစ်နေ့ မနက် စောစောတွင် ခရီး ဆက်ခဲ့၏။ ခရီးက လေးမိုင်သာ ကျန်တော့သည်။ အရုဏ်တက် ဝတ်ပြုချိန် အမီ ရောက် ချင်သည့် အတွက် မိုရှေဗား မနေနိုင်။ သို့ရာတွင် မြို့မှ ထွက်သည်နှင့် ဖိနပ် ပေါက်သဖြင့် ရှေ့သို့ တစ်လှမ်းပင် မလှမ်းနိုင်တော့။ ထို့ကြောင့် ဖိနပ်ရှည် ကြီးကို ချွတ်၍ ဖိနပ် မပါဘဲ လမ်းလျှောက်ရသည်။ ထိုစဉ် မိုးတွေ ချုန်း၍ လျှပ်စီးတွေ ပြက်ကာ လေကြီး မိုးကြီး ကျလာသည်။ မိုရှေဗားသည် ဒူးဆစ် လောက် နက်သော ဗွက်များကို ဖြတ်၍ ရုန်းရသည်။ သူ့တစ်ကိုယ်လုံး ရွှံ့တွေ ပေနေလေပြီ။ မကြာခဏလည်း ချော်လဲတတ်သေး၏။ သူ့ ခြေထောက်များမှာ ရောင်အန်းကာ သွေးသံရဲရဲ ဖြစ်နေသည်။ မိုရှေဗားသည် ထိုညဦး ကွင်းပြင်ရှိ ကောက်ရိုးပုံကြီး တစ်ပုံပေါ်သို့ တက်အိပ်လိုက်၏။ ချမ်းလွန်းသဖြင့် ကောင်း စွာ အိပ်၍ မပျော်။ မလှမ်းမကမ်းရှိ ရွာထဲမှ ခွေးဟောင်သံများကို တစ်ညလုံး ကြားနေရ၏။ မိုးကလည်း တစ်ညလုံး ရွာနေသည်။ သည်တစ်ချီတွင်မူ မိမိ သေတော့မည်ဟု မိုရှေဗား ထင်လိုက်သည်။ သို့ဖြင့် မိုရှေဗားသည် တစ်ညလုံး ဘုရားစာ ရွတ်သည်။ သေလျှင်လည်း ကောင်းရာ သုဂတိသို့ ရောက်အောင် ဆုတောင်းသည်။ မနက် အရုဏ်ကျင်း၍ အရှေ့ဘက် ကောင်းကင်တွင် လင်း ရောင် ပျို့လာသည့် အခါ မိုရှေဗားသည် အားခွန်တွေ ပြည့်လာပြန်ကာ ခရီး ဆက်ပြန်သည်။

ညမိုးချုပ် ဓမ္မဆရာများ စည်းဝေးနေချိန်တွင် ဂျိုစီဖော ရွာကလေးသို့ အချိန်ကိုက် ရောက်သွားသည်။ အချို့က သူ့ကို မှတ်မိကြ၏။ သေပြီဟု ထင် နေကြရာမှ မမျှော်လင့်ဘဲ ရောက်လာသဖြင့် အားလုံး ဝမ်းသာနေကြ၏။ သူ့ကို လက်ဖက်ရည်ပူပူ တိုက်ကြ၏။ မိုရှေဗားသည် ခပ်သုတ်သုတ် ဘုရား ဝတ်ပြုပြီး ပျားရည်နှင့် ပေါင်မုန့်ဖြူကို စားသည်။ ကက္ကူရုံ ငါးဖြင့် လုပ်သည့် ငါးမုန့်ကို စား၏။ ဘရန်ဒီ တစ်ခွက် သောက်သည်။ ထို့နောက် သူ့ကို ရေနွေး ဖြင့် ရေချိုးရန် ခေါ်သွားကြသည်။ ဂုဏ်သရေရှိ လူကြီး နှစ်ယောက်က သူတို့ ထုံးစံ အရ ဘုရားဝတ်ကျောင်း သတ္တမ အဆင့်သို့ ခေါ်သွားပြီး သစ်ကိုင်းစိမ်း


mgyoe.com

mgyoe.com SAMPLE BOOK

များဖြင့် ရိုက်နှက်ကြ၏။ မိုရှေဗား ဝမ်းသာလိုက်ပုံမှာ ဆိုဖွယ် မရှိတော့ပြီ။ ဝမ်းသာလွန်းသဖြင့် မျက်ရည်ပင် လည်မိသေးသည်။

အပြစ်ချေ ဥပုသ်ကို စောင့်နေစဉ် မိုရှေဗားသည် ထမင်း ဆာလွန်းသဖြင့် မူးမေ့ လဲကျမည်ကဲ့သို့ ဖြစ်သည်မှာလည်း အကြိမ်ပေါင်း မရေမတွက်နိုင်။ သို့ရာတွင် မိုရှေဗားသည် ဥပုသ်ကို ပြီးအောင် စောင့်သည်။

နောက်တစ်နေ့တွင် ဓမ္မဆရာကြီးက သူ့ကို အဝတ်အစားသစ်များ ပေးပြီး တိုရာ ကျမ်းစာကို လေ့လာခိုင်းသည်။ သူတို့ အားလုံးမှာ ဟန်ဂေရီ စစ်သားများ၊ ဘော့စနီးယန်း စစ်သားများနှင့် မှောင်ခို အရောင်းအဝယ် လုပ်ကြသဖြင့် ချမ်းသာကြသည်။ ဂျုံနှင့် ဆေးရွက်ကြီးကို လဲလှယ်ကြသည်။

ထို့ကြောင့် မိုရှေဗား တစ်ယောက်လောက်ကိုမူ အသာကလေး ကျွေးမွေး ထားနိုင်သည်။

ဓမ္မဆရာကြီးက သူ့ကို ကောင်းကောင်း မှတ်မိသည်။ မမှတ်မိဘဲ ရှိပါ မည်လော။ တစ်ခါက မိုးတေး ရာနိုင်ဗယ် အမည်ရှိ ဓမ္မဆရာ ထိုင်ခဲ့သော နေရာတွင် ထိုင်ခဲ့သည့် ဓမ္မဆရာ တစ်ဦး မဟုတ်ပါလော။

နောက် ရက်သတ္တပတ် အနည်းငယ် ကြာသည့် အခါတွင်မူ ဓမ္မဆရာ ကြီးနှင့် သစ်ကုန်သည်များသည် မိုရှေဗားကို အိမ်တစ်ဆောင် ဆောက်ပေးပြီး အသက် လေးဆယ်ခန့်ရှိ နားထိုင်း ဆွံ့အနေသည့် အပျိုကြီး တစ်ယောက်နှင့် နေရာ ချပေးလိုက်ကြသည်။

နောက်ကိုးလတိတိ ကြာသည့် အခါတွင် သားလေး တစ်ယောက် မွေး ဖွားသည်။ သူ သေလျှင် ကောင်းရာ သုဂတိ လားအောင် အမျှအတန်း ဝေပေး မည့်သူ ရှိလေပြီ။ ထိုကလေးငယ်၏ ရှင်ပြုပွဲမှာ မင်္ဂလာပွဲ တစ်ခုနှယ် တီးဝိုင်း တွေ ဘာတွေနှင့် အမြိုင်သား ဖြစ်နေ၏။ အိမ်နီးချင်းများက မုန့်များ ဖုတ်၍ ကလေး အမေကို ပြုစု စောင့်ရှောက်ကြသည်။ ညစာ စားပွဲ ကျင်းပသည့် ခန်းမဆောင်ထဲတွင် ကရဝေးနံ့၊ သစ်ကြံပိုးနံ့ စသည့် ဟင်းခတ် အမွှေးအကြိုင် တို့၏ အနံ့သည် ထုံသင်းလျက် ရှိ၏။ အခန်းထဲတွင် သားနားစွာ ဝတ်ဆင်ထား သည့် မိန်းမတွေ ပြည့်နှက်လျက် ရှိ၏။

မိုရှေဗားမှာလည်း ကတ္တီပါ ဦးထုပ် မြင့်မြင့်ကြီး ဆောင်းကာ ပိုးဝတ်ရုံ အသစ်ကြီးကို ဝတ်ထားသည်။

မိုရှေဗားသည် စားပွဲပေါ်သို့ တက်၍ ကကာ သူ့အသက် အမှန်ကို ပထမ ဆုံး အကြိမ် ထုတ်ဖော် ပြောဆိုခြင်း ပြုလေ၏။


mgyoe.com

mgyoe.com
SAMPLE BOOK

'အာဗြဟံ အသက် တစ်ရာ ရှိသည့် အခါတွင် သူ့ သားငယ် ဣဆပ်ကို မွေး၏၊ ဘုရားသခင်သည် ငါ့အား ရယ်စေတော်မူ၏၊ ငါ့ ရယ်သံကို ကြားသူ တို့လည်း ရယ်ကြစေသတည်းဟု အာဗြဟံ၏ မိန်းမ စာရာက ဆို၏' ဟူသော ကျမ်းစာမှ စာကို ရွတ်ဖတ်ခြင်း ပြုလေသည်။

သူ့ သားငယ်ကိုလည်း ဣဆပ်ဟု အမည် ပေးလေ၏။

[အမေရိကန် နိုင်ငံသား ရေဝတီ အမျိုးသား စာရေးဆရာ
**Issac Bashevis Singer** ၏ **The Old Man** ကို ပြန်ဆိုသည်။]



mgyoe.com

mgyoe.com SAMPLE BOOK

# မသာခေါင်း တစ်လုံး အသက် တစ်ချောင်း

ရွာနှင့် မနီးမဝေးတွင် ချောင်းနှစ်သွယ်သည် ပေါင်းဆုံကြ၏။ ချောင်းရေက ပြာလဲ့လဲ့ ကြည်လင်လင်။ အဝေးကနေ ကြည့်လျှင် ဖဲကြိုး နှစ်ချောင်းကို ပစ်ချထားသည့်နှယ်။ မိုးတွင်း ဆိုလျှင် တောင်ကျရေ ဆင်းသဖြင့် ချောင်းနှစ်သွယ်သည် ခါတိုင်းလို ကြည်လင်ခြင်း မရှိတော့။ ရေသည် နောက်ကျိ ဝါကျင်နေတတ်သည်။ တောင်ကျရေများသည် တစ်ဟုန်ထိုး စီးဆင်းလာကာ ချောင်းကမ်းဘေးက ရွာများ၊ စားကျက်များ၊ တောအုပ်များကို လွှမ်းသွားတတ်သည်။ ထိုအခါမျိုး၌ ကြည့်လေရာရာတွင် ရေတွေ ဖွေးလျက်။

ရွာနှစ်ရွာ ကြားတွင် စိမ်းလန်းသည့် စားကျက်များ ရှိသည်။ တောအုပ်များလည်း ရှိသည်။ တစ်ခါတစ်ရံတွင် တဲစုကလေးများကလည်း ဟိုတစ်စု သည်တစ်စု တွေ့ရတတ်၏။

မိုးကုန်ခါနီးပြီ ဖြစ်သည့်တိုင် တောင်ပေါ်တွင် မိုးကောင်းနေသဖြင့် ချောင်းရေသည် အမြဲလိုလို နောက်ကျိ ဝါကျင်နေတတ်၏။ တစ်ခါတစ်ရံ တောင်ပေါ်တွင် မိုးသည်းလျှင် တောင်ကျရေသည် တဝုန်းဝုန်း မြည်သံကို ပြုကာ စီးဆင်းလာမြဲ။

တစ်ညနေတွင် ကျွန်တော်သည် ရွာမှ ထွက်၍ တောင်ကျရေ ကြည့်ရန် ချောင်းကမ်းပါးသို့ လျှောက်လာခဲ့သည်။ ခေါင်းပေါ်တွင် ငှက်တို့က လူးလာပျံဝဲလျက်။

ချောင်းစပ်သို့ ရောက်လျှင် ကမ်းစပ်တွင် ငူငူကြီး ထိုင်နေသည့် အဘိုးကြီး တစ်ယောက်ကို တွေ့ရ၏။ အဘိုးကြီး ခေါင်းတွင် ဆောင်းစရာ မပါ။ အင်္ကျီလက်တိုကလေးက စုတ်ပြဲစ ပြုကြပြီ။ အဘိုးကြီးသည် မေးကို လက်နှစ်ဖက်ဖြင့် ထောက်ရင်း အဝေးသို့ ငေးကြည့်လျက် ရှိ၏။ တစ်ဟုန်ထိုး စီးဆင်းနေသည့် ချောင်းရေကို ကြည့်ပြီး ရေကသိဏ်း ရှုနေသည်လော မဆိုနိုင်။ မှိုင်းပြာ



mgyoe.com

mgyoe.com SAMPLE BOOK

နေသည့် ကောင်းကင်နှင့် စိမ်းညို့နေသည့် တောအုပ်များ နောက်ခံတွင် သူ့ ထိုင်နေပုံကို ကြည့်ရသည်မှာ ကျောက်ရုပ် တစ်ရုပ်နှင့်ပင် တူတော့သည်။ အဟုန်ပြင်းစွာ စီးဆင်းနေသည့် ချောင်းရေကို ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် စဉ်းစားနေခြင်းလည်း ဖြစ်နိုင်သည်။

ကျွန်တော်သည် အဘိုးကြီး အနီးမှ နှစ်ကြိမ်တိုင် ဖြတ်လျှောက်ရင်း သူ့အခြေအနေကို အကဲခတ် ကြည့်သည်။

သို့ကလို ကျွန်တော် အကဲခတ်နေစဉ်တွင် အဘိုးကြီးသည် ထိုင်ရာမှ ရုတ်ခနဲ ထကာ သူ့အင်္ကျီကို ချွတ်လိုက်ပြီးနောက် ချောင်းထဲသို့ ခုန်ဆင်းလိုက်သည်။ ကျွန်တော်သည် သူ့ကို ကြည့်ရင်း 'လာကြပါဦးဗျို့၊ လူတစ်ယောက်ရေထဲခုန်ဆင်းလို့၊ လာကြပါ' ဟု သံကုန် အော်၍ အကူအညီ တောင်းသည်။ သို့ရာတွင် ထိုအနီးတစ်ဝိုက်တွင် လူသူ ရှင်းလျက် ရှိသဖြင့် ကျွန်တော့် အော်သံကို မည်သူမျှ ကြားမည် မထင်ပါ။ ရေသံများကလည်း တဟဲဟဲ အော်မြည်လျက် ရှိသဖြင့် လူရှိသည့်တိုင် ကျွန်တော့် အော်သံကို ကြားဖို့ မလွယ်ပါ။ ခဏ ကြာ၍ ရေထဲသို့ လှမ်းကြည့်လိုက်သည့် အခါ ကျွန်တော့် အထင်နှင့် အမြင် ပါစင်အောင် လွဲနေသည်ကို တွေ့ရပါသည်။

အဘိုးကြီးမှာ အတော် ရေကူးသန်သူ ဖြစ်ပြီး ရေကို ဆန်၍ ကူးလျက်ရှိသည်ကို တွေ့ရ၏။ သေသေချာချာ ကြည့်လိုက်သည့် အခါ အဘိုးကြီးသည် ပျဉ်ပြား တစ်ချပ်ကို လိုက်ဆယ်နေခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ရေကူးသန်သူ ဖြစ်သည့် အတွက် ပျဉ်ပြားကို တွယ်မိကာ ကမ်းသို့ ကူးလာသည်ကို တွေ့ရ၏။

တော်တော် လောဘ ကြီးသည့် လယ်သမား အဘိုးအိုပါတကား။

ပျဉ်ပြားကလေး တစ်ချပ် ရဖို့ အရေး ရေထဲသို့ သက်စွန့်ဆံဖျား လိုက်ဆယ်ရသလောဟု အပြစ် တင်မိပါသေးသည်။

အဘိုးကြီးသည် ကျွန်တော် ရပ်နေသည့် ကမ်းနဖူးသို့ တက်လာပါသည်။

'ဦးကြီးက ဒီနား တစ်ဝိုက်မှာ နေပါသလား' ဟု ကျွန်တော်က မေး၏။

'ဟုတ်တယ်ဗျ၊ ဟောဟိုနားက အရက်ဖိုမှာ အလုပ် လုပ်တယ်'

'ဦးကြီး သယ်လာတဲ့ ပျဉ်ပြားက တော်တော် ကောင်းသေးတာပဲ၊ နည်းနည်းလေး တိုနေတာ တစ်ခုပဲ'

'ဘုရား မတာလေ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ လူတွေကို ဘယ်တော့မှ ပစ်မထားဘူးဗျ၊ အမြဲတမ်း စောင့်မတော်မူတယ်'


mgyoe.com

mgyoe.com SAMPLE BOOK

'ဒီပျဉ်ပြားကို ဘာလုပ်ဖို့လဲ ဦးကြီး၊ စားပွဲခုံ လုပ်ဖို့လား၊ ထိုင်ခုံ လုပ်ဖို့လား၊ စင်ရိုက်ဖို့လား'

အဘိုးကြီးက သက်ပြင်း တစ်ချက်ကို ချလိုက်ရင်း 'အင်း၊ ဒါတွေ မလုပ်နိုင်ပါဘူးကွယ်၊ အသုဘခေါင်းမှာ ပျဉ်ဖုံးကလေး တစ်ချပ် လိုနေတာနှင့် လိုက်ရှာတာပါ'

'ဗျာ'

မထင်မှတ်ဘဲ ကြားလိုက်ရသည့် အဖြေကြောင့် ကျွန်တော် အံ့အားသင့်သွားကာ တော်တော်နှင့် စကား မပြောနိုင်ဘဲ ဖြစ်နေသည်။

'ဦးကြီးကို ကြည့်ရတာ တော်တော် သန်သေးတာပဲ၊ ဒီလောက် သန်တဲ့ ရေစီးကို ကူးတာတောင် တော်တော် ကူးနိုင်တာပဲ၊ ကျွန်တော်သာ ကူးရရင် တစ်ခါတည်း ပါသွားမှာ'

'အင်း၊ မင်း ထင်လို့ပါကွာ၊ ဦးကြီးက သိပ်မသန်တော့ပါဘူး၊ တော်တော်လေးကို ချည့်နေပါပြီ၊ အေးလေ၊ အသက်ကလည်း မနည်းတော့ဘူး၊ ၆၇ နှစ်တောင် ရှိပြီကပဲ၊ တစ်သက်လုံး ပင်ပင်ပန်းပန်း လုပ်လာခဲ့ရတော့ လူက တယ်ပြီး မသန်ချင်တော့ပါဘူး၊ ငယ်ငယ်တုန်းကလိုများ သန်ရင် မယ်ရီ တစ်ယောက် ဘယ်မှာ ဒီလို အဖြစ်မျိုးနှင့် ကြုံရပါ့မလဲကွယ်'

'ဩော် ဦးကြီးမှာ ဆွေမျိုးရင်းချာထဲက တစ်ယောက်ယောက် ဆုံးရှုံးခဲ့သလား'

'ကျုပ် သမီးကလေးလေ၊ မယ်ရီတဲ့'

အဘိုးကြီးသည် ကမ်းပေါ်တွင် ထိုင်ချပြီး တဝေါဝေါ စီးဆင်းနေသည့် ချောင်းရေပြင်ကို ငေးကြည့်နေသည်။

'ဦးကြီးမှာ သားသမီး ဆိုလို့ သမီးကလေး တစ်ယောက်ပဲ ရှိတာ၊ ခုတော့ မီးစာကုန် ဆီခန်း ဆိုသလို ဟုပ်ခနဲ ငြိမ်းသွားပြီလေ၊ သစ်ရွက်ကလေး တစ်ရွက်လို ကြွေကျသွားတယ် ဆိုလည်း ဟုတ်ရဲ့၊ ပန်းကလေး တစ်ပွင့်လို ကြွေကျသွားတယ်လို့လည်း ပြောလို့ ရရဲ့'

သူ စိတ်မကောင်း ဖြစ်နေသဖြင့် ကျွန်တော် သူ့ကို ဆက်၍ မမေးရက်တော့ပါ။ ထို့ကြောင့် တိတ်တိတ်သာ နေလိုက်ပါသည်။ အဘိုးကြီးက ဆက်၍ 'နောက်ဥပုသ်နေ့ ဆိုရင် သမီးလေး မယ်ရီ ၁၉ နှစ် ပြည့်တော့မယ်လေ၊ အင်း ဒါပေမဲ့ သမီးလေး သက်ဆိုး မရှည်ရှာဘူး၊ သမီးလေး ကြည့်ရတာ အရုပ်အမောင်းကလည်း သွယ်သွယ်နွဲ့နွဲ့၊ ပန်းငုံကလေးလိုလည်း လှ၊ စိတ်သဘော

mgyoe.com

mgyoe.com SAMPLE BOOK

ကလည်း ကောင်း၊ ဒီလို သမီးမျိုး လိုချင်လိုက်တာလို့ လူတကာကတောင် ပြောယူရတယ်၊ ခုတော့ ကျုပ်သမီးကလေး မယ်ရီ မရှိတော့ဘူးလေ၊ သေမင်းနှယ် ရက်စက်လိုက်တာ၊ ကျုပ်လို အိုမင်းတွင်းဆုံး ကျခါနီး အဘိုးကြီးကျတော့ မခေါ်ဘူး၊ သူ့လို ငယ်ငယ်ရွယ်ရွယ် လှလှပပလေးကိုမှ ရွေးခေါ်သွားတယ်လေ'

မျက်ရည်များသည် အဘိုးကြီး၏ ပါးပြင်ပေါ်သို့ စီးကျလာ၏။ အားရပါးရ အော်ဟစ် ငိုလိုက်ချင်သည့်နှယ် သူ့ နှုတ်ခမ်းများသည် တရွရွ တုန်နေကြသည်။ အဘိုးကြီး၏ သောကကို ဘယ်သူ ဖျောက်၍မှု ပျောက်နိုင်မည် မထင်ပါ။ ထို့ကြောင့် ကျွန်တော်ကလည်း ဘာမှ မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

ခဏ ကြာသော် အဘိုးကြီးသည် တစ်ယောက်တည်း နေလိုသည့်နှယ် ပျဉ်ပြားကို ထမ်းပြီး ခပ်လှမ်းလှမ်းသို့ ထွက်ခွာသွားလေသည်။

ကျွန်တော်လည်း ဘာမှ မပြောတော့ဘဲ အဘိုးကြီး နောက်မှ လိုက်လာခဲ့လေသည်။

ချောင်းစပ် တစ်နေရာသို့ ရောက်လျှင် အဘိုးကြီးသည် ပျဉ်ပြားကို ထမ်းလာရာမှ အောက်သို့ ချရန် ပြင်နေသည်။

ကျွန်တော်က မနေနိုင်သဖြင့် သူ့ ပျဉ်ပြားကို ကူ၍ အောက်သို့ ချပေးသည်။

'အင်း ကျေးဇူးပါပဲဗျာ၊ မောင်မင်းကြီးသား ဘုန်းကြီးလို့ အသက် ရှည်ပါစေ၊ အသက် ကြီးတဲ့ သူကို ကူညီတယ် ဆိုတာ ကုသိုလ် ရပါတယ်ကွယ်၊ ကျုပ် သမီးလေးဟာ အသက် ကြီးတဲ့ လူကို ကူညီရင်း သေသွားရတာကွယ့်၊ တကယ်တော့ သမီးကလေး မယ်ရီကို ကျုပ် သတ်တာ၊ သူ့ကို အလုပ်တွေ မညှာမတာ ခိုင်းလို့ ဒဏ်ပိပြီး သေရတာ၊ သမီးကလေး မယ်ရီက အရက်ဖိုမှာ အရက် ချက်ဖို့ ကောက်ညှင်းအိတ်ကြီးတွေကို မနိုင်မနင်းနှင့် ရွက်လာရလို့ သမီးလေး ဒဏ်ပိပြီး သေရတာ၊ ကျုပ် ဒီအရက်ဖိုမှာ အလုပ် လုပ်လာတာ အသက် သုံးဆယ်ကျော်လောက်ကတည်းက ဆိုပါတော့၊ လုပ်သက်နှင့်ချည်းပဲ သုံးဆယ်ကျော်လောက် ရှိနေပြီလေ၊ ကောက်ညှင်းအိတ်ကြီးတွေကို သိပ်မထမ်းနိုင်တော့ဘူး၊ ဒီတော့ အရက်ဖို ပိုင်ရှင်က ကျုပ်ကို အလုပ်က ထုတ်ပစ်ချင်တယ်၊ ကျုပ်ကို အလုပ်က ထုတ်ပစ်ရင် ကျုပ်တို့ သားအဖ နှစ်ယောက် ဘာနှင့် သွားစားမလဲကွယ်၊ ဒီတော့ သမီးကလေး မယ်ရီကို ကောက်ညှင်းအိတ် အထမ်းခိုင်းရတယ်၊ အလုပ် ပင်ပန်းတဲ့ ဒဏ်နှင့် သမီးလေး သေရှာပြီလေ၊ ခု သမီးလေး



mgyoe.com

mgyoe.com SAMPLE BOOK

အတွက် ခေါင်းဖုံး မရှိလို့ ပျဉ်စကလေး တစ်ချပ် လိုက်ရှာရတာ၊ ခုတော့ သမီးလေး ခေါင်းအတွက် အဖုံး ရပါပြီ၊ သမီးလေး မယ်ရီဟာ မနေ့က ကြက်ဦးတွန်လောက်မှာ ဆုံးရှာတယ်'

'ခေါင်းစပ်ဖို့ ပျဉ်ကလေး တစ်ချပ် နှစ်ချပ်လောက်တော့ အရက်ဖို ပိုင်ရှင်ဆီ သွားတောင်းရင် ရမှာပါ ဦးကြီးရယ်၊ သွားတောင်းရောပေါ့'

ကျွန်တော်က ပြောလိုက်သည်။ အဘိုးကြီးက ခေါင်းယမ်းရင်း 'တောင်းပါသော်ကော မောင်ရာ၊ ဒီနေ့ မနက်တင်ပဲ အရက်ဖို ပိုင်ရှင် သူဌေးဆီကို ခေါင်းစပ်ဖို့ ပျဉ်ကလေး တစ်ချပ် နှစ်ချပ် သွားတောင်းပါတယ်၊ ဒါပေမဲ့ မရခဲ့ပါဘူး၊ သူတို့မှာ ပျဉ်တိုပျဉ်စ အလွယ်တကူ မရှိဘူးတဲ့၊ ဒါဖြင့် ခေါင်းဖိုးကလေးများ လိုလို့ ငွေကလေး နည်းနည်းပါးပါး ထုတ်ချေးပါ ဆိုတော့လည်း မချေးနိုင်ဘူးတဲ့၊ အဘိုးကြီးက အိုပြီတဲ့၊ ဒီပိုက်ဆံကို ဘယ့်နှယ် လုပ်ပြီး ပြန်ဆပ်မလဲတဲ့၊ သူတို့ဘက်က ကြည့်တော့လည်း ဟုတ်တာပေါ့လေ၊ ဒါနှင့် ဦးကြီးလည်း အရက်ဖိုနား ရစ်ဝဲ ရစ်ဝဲ လုပ်ပြီး နေ့လယ် လူရှင်းချိန်ကျတော့ အရက်ဖိုနားက ပျဉ်တိုကလေး တစ်စ နှစ်စကို ဝင်ဆွဲတယ်၊ ဒီတင်မိသွားလို့ ဦးကြီးရဲ့ မျက်နှာသုတ်ပဝါလေးနှင့် ခမောက်ကလေးကိုတောင် ယူထားလိုက်ကြတယ်၊ ဒီနားက ခြံပိုင်ရှင်များ ရှိလို့ အကူအညီ တောင်းမယ် ဆိုပြီး ထွက်လာတော့လည်း ခြံပိုင်ရှင်များက မရှိကြဘူး၊ မြို့ကို တက်သွားကြသတဲ့၊ ဒါနှင့် ချောင်းကမ်းပါးမှာ ထိုင်နေတုန်း ချောင်းထဲမှာ ပျဉ်ပြား တစ်ချပ် မျောလာတာ မြင်တာနှင့် လိုက်ဆယ်တာ၊ ဘုရား မတာပေါ့လေ၊ ခုတော့ တစ်ချပ် ရပြီ၊ နောက်တစ်ချပ်လောက် ရရင် လုံလောက်ပါပြီ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နောက်တစ်ချပ်လောက်တော့ ပေးတော်မူဦးမှာပါ'

စကား ပြော၍ မဆုံးမီ အဘိုးကြီးသည် ထိုင်ရာမှ ထကာ ချောင်းစပ်သို့ ပြေးဆင်းသွားသည်။

'ဗျို့ ဦးကြီး၊ မဆင်းပါနှင့်၊ ခေါင်းဖိုးကို ကျွန်တော် ပေးပါ့မယ်၊ ပြန်ခဲ့ပါ' ကျွန်တော်က အော်ခေါ်သည်။

သို့ရာတွင် အဘိုးကြီးသည် လူငယ်လေး တစ်ယောက်နှယ် ချောင်းစပ်ဆီသို့ ပြေးဆင်းသွားသည်။

အခြားကြောင့် မဟုတ်၊ ချောင်းရေထဲတွင် မျောပါလာသည့် ပျဉ်ပြားစများကို မြင်လိုက်ရသောကြောင့် ဖြစ်ပေသည်။ အလိုရှိတုန်းတွင် ဘုရားသခင်က ပေးလိုက်သည့် ပျဉ်ပြားများပေတကား။

mgyoe.com

mgyoe.com
SAMPLE BOOK

သို့ရာတွင် သည်တစ်ကြိမ်တွင်မူ ရေကူးသန်သည့် အဘိုးကြီး ကံမကောင်းရှာပါ။ အဟုန် ပြင်းစွာဖြင့် စီးဆင်းလာသည့် တောင်ကျရေများသည် အဘိုးကြီးကို ဆွဲနှစ်လိုက်ကြလေပြီ။

သူ့ သောကနှင့် အသက်သည် နိဂုံးသို့ ရောက်လေပြီ။

[ပိုလန် စာရေးဆရာကြီး **Adolf Dygasinsky** ၏
**Coffin** ကို ပြန်ဆိုသည်။]


mgyoe.com

mgyoe.com SAMPLE BOOK

# ဘိလပ်မြေအိတ်ထဲမှ စာတစ်စောင်

မတ်ဆူဒို ယိုရှီဇိုသည် ဘိလပ်မြေ အိတ်များကို သွန်နေသည်။ သွန်ရင်း သူ့ကိုယ်တွင် ကပ်နေသည့် ဘိလပ်မြေ အမှုန့်များကိုလည်း ကြိုးစား၍ သုတ်၏။ သို့ရာတွင် သူ့ခေါင်း တစ်ခေါင်းလုံးနှင့် သူ့ ပါးစပ်တွင် ဘိလပ်မြေမှုန့်တွေက ဖွေးမြ ဖွေးလျက်။ နှာခေါင်းထဲသို့ ဘိလပ်မြေမှုန့်တွေ ဝင်သည့် အခါ၌ သူ့နှာခေါင်းမွေးသည် အားဖြည့် ကွန်ကရီ ခံထားသည့် သံတိုင်ကြီးများလို မာတောင့်နေသည်ဟု ထင်ရ၏။ ထို့ကြောင့် နှာခေါင်းကို နှိုက်ချင်နေသည်။ သို့ရာတွင် ဘိလပ်မြေဖျော်စက်က တစ်မိနစ်ကို ဆယ်ဂေါ်လောက် ဝါးနေသည်။ ထို့ကြောင့် နှာခေါင်းကို နှိုက်ချိန် မရ။ အချိန်မီ ဖျော်စက်ထဲသို့ ဘိလပ်မြေမှုန့်တွေကို လောင်း ထည့်ရဦးမည်။

သူ့ အလုပ်ချိန်က တစ်နေ့ကို ၁၁ နာရီ။ နှာခေါင်းကို နှိုက်ပြီး ဘိလပ်မြေမှုန့် ကပ်နေသည့် နှာခေါင်းမွေးတွေကို နုတ်ဖို့ မပြောနှင့်၊ ယား၍မျှပင် မကုတ်အား။ နေ့လယ်စာ စားရန် အားလပ်ချိန်က ဘာမှ မကြာ။ ရသည့် အချိန်ကလေးအတွင်းတွင် ထမင်းကို ကတိုက်ကရိုက် စားရသည်။ ဆာလည်း ဆာပြီ။ ညနေပိုင်း အားလပ်ချိန်ကျမှ နှာခေါင်းထဲတွင် ဝင်၍ တိုက်အိမ် ဆောက်နေကြသောဘိလပ်မြေမှုန့်များကို ရှင်းလင်း သုတ်သင်ရဦးမည်။

သို့ရာတွင် ညနေ အားလပ်ချိန် ရောက်သည့် အခါတွင် ကိုယ့် နှာခေါင်းထဲတွင် ကျပ်ခဲ ပိတ်ဆို့နေသည့် ဘိလပ်မြေမှုန့်တို့ကို မရှင်းနိုင်သေး။ ဘိလပ်မြေ ဖျော်စက်ထဲတွင် ကျပ်ခဲ ပိတ်ဆို့နေသည့် ဘိလပ်မြေများကို အလျင် ရှင်းလင်းရဦးမည်။ ညနေ အချိန် ကုန်သည့် အခါတွင်မူ သူ့နှာခေါင်းသည် သရွတ်ကိုင်ထားသည့်နှယ် ဖြစ်နေလေပြီ။

သို့ဖြင့် အလုပ်ချိန် ကုန်သွားသည်။ ထိုအခါတွင် သူ့ လက်မောင်းကိုပင်မသယ်ချင်လောက်အောင် ပင်ပန်းနေလေပြီ။ ဖျော်စက် ဘေးတွင် သွန်ချပြီး



mgyoe.com

mgyoe.com SAMPLE BOOK

ပစ်ထားသည့် ဘိလပ်မြေစည်ကြီးများကို သယ်ရဦးမည်။ ဘိလပ်မြေစည်ကြီး တစ်လုံးကို ကောက်သယ်မည် ပြုစဉ် အထဲမှ ဘိလပ်မြေ အကျန်ထဲတွင် မြုပ်နေသည့် သစ်သားဘူးကလေး တစ်လုံးကို သွားတွေ့သည်။

'အလို၊ ဘာဘူးကလေးများပါလိမ့်'

မတ်ဆူဒို ပါးစပ်မှ အသံ ထွက်သွားသည်။ သို့ရာတွင် ထိုသေတ္တာကို မကြည့်နိုင်သေး။ ဘိလပ်မြေများကို ဝါးစားသလို ဖျော်နေသော ဖျော်စက်ထဲသို့ ဘိလပ်မြေများကို လောင်းထည့်ရဦးမည်။ သို့မဟုတ်လျှင် အရည်က ချက်ချင်း ခဲသွားပြီး စက်ထဲတွင် ပိတ်နေဦးမည်။ ထို့ကြောင့် စည်ကြီးထဲက ဘိလပ်မြေတွေကို ဂေါ်ပြားဖြင့် ကော်ပြီး စက်ထဲသို့ လောင်းထည့်နေရပြန်သည်။

'အရေးထဲမှာ ဒီဘူးက ဘာဖြစ်လို့ ဘိလပ်မြေအိတ်ထဲ လာရောက်နေရပြန်သလဲ မသိဘူး၊ နေဦး၊ ပြီးတော့မှ ဖွင့်ကြည့်ရမယ်' ဟု မတ်ဆူဒို သူ့ကိုယ်သူ ပြောသည်။ မတ်ဆူဒိုသည် ဘူးကလေးကို ကောက်ယူလိုက်ကာ သူ့ အလုပ်သမား ဝတ်စုံ အင်္ကျီအိတ်ထဲသို့ ထိုးထည့်ထားလိုက်၏။ 'အင်း သိပ်တော့ မလေးဘူး၊ ခပ်ပေါ့ပေါ့ကလေးရယ်၊ ပိုက်ဆံတို့ ဘာတို့တော့ များများ ပါမှာ မဟုတ်ဘူး၊ ဘာများ ဖြစ်မလဲ မသိဘူး' ဟု တစ်ယောက်တည်း တွေးနေသည်။

ဘိလပ်မြေ ကော်နေသည့် အလုပ်ကို ရပ်ထား၍ မရ။ တစ်ချက်ကလေး ရပ်လိုက်ရုံဖြင့် စက်ထဲ အရည်တွေ ခဲသွားနိုင်သည်။ ထို့ကြောင့် မတ်ဆူဒိုသည် ဘိလပ်မြေမှုန့်တွေကို ဂေါ်ပြားဖြင့် ဆက်တိုက် ကော်ထည့်ပေးနေရသည်။

မတ်ဆူဒိုသည် စက်ရုပ်ကြီး တစ်ရုပ်လို ဘိလပ်မြေတွေကို ကော်ထည့်ပြီးနောက် ဖျော်ပြီးသား ဘိလပ်မြေ အရည်များကို အပျစ် အကျဲတိုင်း စက်ပေါ်သို့ တင်၍ ချိန်ကြည့်လိုက်သည်။ ထိုစဉ် ဘိလပ်မြေ အရည်ဖျော်စက်သည် အရှိန် တဖြည်းဖြည်း နှေးလာကာ ရပ်သွား၏။ မတ်ဆူဒို၏ တစ်နေ့တာ လုပ်ငန်း ပြီးသွားလေပြီ။ မတ်ဆူဒိုသည် ဖျော်စက်တွင် တပ်ထားသည့် ရာဘာပိုက်ကို ဖြုတ်လိုက်ပြီးနောက် မျက်နှာနှင့် လက်တို့ ဆေးကြော သန့်စင်မည် ပြုသည်။ ထို့နောက် ထမင်းဘူးကို လည်ပင်းတွင် တွဲလောင်း ဆွဲကာ သူ့တန်းလျားသို့ ပြန်လာခဲ့သည်။ လောလောဆယ် ဘာကိုမျှ မလုပ်ချင်သေး။ ဟာနေသော ဝမ်းကို ဖြည့်လိုက်ချင်သေး၏။ အမောပြေ ဆန်အရက်ကလေး တစ်ခွက်လောက် သောက်လိုက်ချင်သေးသည်။

မတ်ဆူဒိုသည် ဓာတ်အားပေး စက်ရုံကြီးနားမှ ဖြတ်လာခဲ့၏။ စက်ရုံကြီး ဆောက်ပြီးတော့မည်။ များမကြာမီ ဆိုလျှင် သူတို့တစ်တွေ လျှပ်စစ်ဓာတ်အား


mgyoe.com

mgyoe.com
SAMPLE BOOK

ရတော့မည်။ ဆည်းဆာ၏ မှုန်ပျပျ အရောင်ထဲတွင် ကီရာ တောင်ထိပ်သည် နှင်းဖြူ ဝတ်ရုံကို ခြုံ၍ မားမားကြီး ရပ်နေသည်။ မတ်ဆူဒို၏ ချွေးသံ စိုရွှဲနေသော သူ့ ခန္ဓာကိုယ်သည် ချက်ချင်း စိမ့်ခနဲ ဖြစ်သွားကာ ချမ်းစ ပြုလာသည်။ ထို့နောက် မတ်ဆူဒိုသည် ရေမြှုပ် ရေပန်းတွေ ဖွာထွက်နေသည့် ကီဆို မြစ်ကမ်းပါးသို့ ဆင်းလာခဲ့သည်။

'အင်း ဒုက္ခပဲ၊ ဒီအတိုင်း ဆိုရင်တော့ မပဟန်သေးပါဘူး၊ မိန်းမကလည်း ကိုယ်ဝန် ရှိနေပြန်ပြီတဲ့' မတ်ဆူဒို တစ်ယောက်တည်း တွေးလာသည်။

သူတို့ နေရာ အခန်းကျဉ်းကလေးထဲတွင် ပြွတ်သိပ်နေကြသည့် ကလေးငယ် ခြောက်ယောက်ကို မြင်လာသည်။ တစ်ပြိုင်နက်တည်းမှာပင် ဆောင်းတွင်းကြီးတွင် လူ့လောကသို့ ချမ်းချမ်းစီးစီးဖြင့် ရောက်လာဦးမည့် ကလေးငယ် အကြောင်းကို တွေးမိပြန်သည်။ မိန်းမကလည်း တစ်ယောက်ပြီး တစ်ယောက် မွေးပဲ မွေးနိုင်လွန်းလှသည်။ သည်လောက် မွေးလွန်းတော့လည်း စိတ်ပျက်လှပြီ။

'စဉ်းစားကြည့်ကြစမ်းပါဗျာ၊ ရတဲ့ လခလေးက တစ်နေ့ကို တစ်ကျပ်ပြားကိုးဆယ်ရယ်၊ အဲဒီထဲက ဆန်က တစ်နေ့ကို နှစ်ခွက် ဝယ်ရတယ်၊ တစ်ခွက်ကို ပြားငါးဆယ် ကျတယ်၊ ကျန် ပြားကိုးဆယ်ထဲက အိမ်လခနှင့် အဝတ်အစား ဖိုးလည်း ထည့်ရတယ်၊ အရက်ကလေး တစ်ခွက် တစ်ဖလား သောက်ချင်တာတောင် မသောက်ရတော့ဘူး'

အိတ်ထဲတွင် ထည့်လာသည့် ဘူးကလေးကို ချက်ချင်း အမှတ်ရလိုက်သည်။ ဘူးကလေးကို ထုတ်လိုက်ပြီးလျှင် ဘိလပ်မြေမှုန့်တွေ စင်သွားအောင် သူ့ ဘောင်းဘီဖြင့် သုတ်လိုက်သည်။ ဘူးကလေးပေါ်တွင် ဘာမျှ ရေးထားခြင်း မရှိ။ ဘူးကလေးကို သေသေသပ်သပ် ချိပ်ပိတ်ထားသည်။

'ဒီဘူးကလေးကို ဘာလို့များ ချိပ်ပိတ်ထားရပါလိမ့်မလဲ၊ တွေ့တဲ့လူ စိတ်ဝင်စားအောင် တမင် လုပ်ထားတာ ထင်တယ်၊ ဘယ်သူများ ထည့်လွှတ်လိုက်သလဲ မသိဘူး'

မတ်ဆူဒိုသည် ဘူးကလေးကို ကျောက်ခဲ တစ်လုံးဖြင့် ရိုက်ဖွင့်လိုက်၏။ သို့ရာတွင် အဖုံးက တုတ်တုတ်မျှ မလှုပ်။ မြေကြီးပေါ်တွင် ချပြီး ဖနောင့်ဖြင့် ပေါက်လိုက်သည်။ ဘူးကလေးသည် ကွဲသွား၏။ မြေကြီးပေါ်တွင် အဝတ်စုတ်ကလေး တစ်ခုဖြင့် ပတ်ထားသည့် စာခေါက်ကလေးကို ကောက်ပြီး ဖွင့်ဖတ်လိုက်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်မဟာ နို့မူရာ ဘီလပ်မြေ စက်ရုံမှာ အလုပ် လုပ်တဲ့ အလုပ်သမ ကလေး တစ်ယောက် ဖြစ်ပါတယ်။ ကျွန်မက ဘီလပ်မြေ အိတ်တွေကို ချုပ်ရပါတယ်။ ကျွန်မရဲ့ ချစ်သူကလည်း အဲဒီ စက်ရုံမှာပဲ လုပ်ပါတယ်။ သူ့အလုပ်က ဝါးတဲ့ စက်ထဲကို ကျောက်ခဲတွေ ထည့်ပေးရတဲ့ အလုပ်ပါ။ လွန်ခဲ့တဲ့ အောက်တိုဘာလ ၇ ရက်နေ့တုန်းကတော့ ဝါးစက်ထဲကို ကျောက်တုံးကြီး တစ်တုံး ထည့်မလို့ ထမ်းလာတုန်း ချော်လဲပြီး လူရော ကျောက်တုံးကြီးရော ဝါးစက်ထဲကို ပါသွားပါတယ်။

အနားမှာ ရှိတဲ့ အလုပ်သမား တစ်ယောက်က လှမ်းဆွဲလိုက်ပါသေးရဲ့။ ဒါပေမဲ့ မမီလိုက်တော့ပါ။

ကျောက်တုံးရော လူရော စက်ထဲ ပါသွားလိုက်တာ ကျောက်တုံးရော လူရော အစိတ်စိတ်အမွှာမွှာ ဖြစ်ပြီး စက်တစ်ဖက်ကို ထွက်လာတဲ့ အခါကျတော့ လူရော ကျောက်တုံးရော မရှိတော့ဘဲ ပန်းနုရောင် ကျောက်ပြားကြီး ထွက်လာပါတယ်။

အဲဒီ ပန်းနုရောင် ကျောက်ပြားကြီးဟာ ကွန်ဗေယာ ခါးပတ် ကြီးကြီးပေါ် ပါသွားပြီး အမှုန့် ကြိတ်တဲ့ စက်ထဲကို ရောက်သွားပါတယ်။ အဲဒီစက်ထဲ ရောက်တော့ အဲဒီ ပန်းနုရောင် ကျောက်ပြားကြီးကို ဆလင်ဒါကြီးနှင့် ကြိတ်ပြီး ထောင်ပစ်လိုက်ပါတယ်။ အဲဒီမှာ ပန်းနုရောင် ကျောက်တုံးကြီးဟာ တကျွိကျွိ မြည်ပြီး အပူ ပေးတဲ့ စက်ထဲ ရောက်ပြီးတော့ အဲဒီ စက်ထဲမှာ အပူ ပေးပြီးနောက် ဘီလပ်မြေခဲကြီး ဖြစ်သွားပါတယ်။

သူ့အရိုး သူ့အသားနှင့် သူ့စိတ်ဟာ အမှုန့် ဖြစ်သွားပါတယ်။ ဒီလိုနှင့် ကျွန်မ ချစ်သူဟာ ဘီလပ်မြေ ဖြစ်သွားပါတယ်။ သူ့ကို အမှတ်တရ အလွမ်းပြေစရာ ဆိုလို့ သူ ဝတ်ထားတဲ့ အလုပ်သမား ဝတ်စုံက အပြာစ ကလေး တစ်လက်မလောက်သာ ကျန်ခဲ့ပါတယ်။

ဒီနေ့ ဆိုရင် ကျွန်မမှာ သူ့ကို ထည့်ဖို့ အိတ်တွေ ချုပ်နေရတာနှင့်ပဲ တစ်နေကုန်တာပါပဲ။

ဒီစာကို သူ ဘီလပ်မြေ ဖြစ်သွားတဲ့နောက် ရေးလိုက်တာပါ။ ရေးပြီးတော့ ခု ကျွန်မ ချုပ်နေတဲ့ ဘီလပ်မြေ အိတ်ထဲကို ထည့်ပေးလိုက်ပါတယ်။

ရဲဘော်ကြီးရှင့်၊ ရှင်လည်း အလုပ်သမား တစ်ယောက်ပဲ မဟုတ်လား။ ဟုတ်လို့ ရှိရင် ကျွန်မကို မေးခွန်းကလေး တစ်ခုကို ဖြေပေးစမ်းပါ။ ခု

mgyoe.com

mgyoe.com SAMPLE BOOK

ဘီလပ်မြေ အိတ်ဟာ ဘာလုပ်ဖို့လဲ။ ဘယ်အဆောက်အအုံ အတွက်လဲ။ အဲဒါကို ကျွန်မ သိပ်ကို သိချင်ပါတယ်။

ကျွန်မ ချစ်တဲ့သူ တစ်ယောက် ဓာတ်ရုံကြီး တစ်ရုံရဲ့ နံရံ ဖြစ်သွားတာ၊ စည်းစိမ်ရှင်ကြီး တစ်ယောက်ရဲ့ အိမ်မှာ နံရံကြီး ဖြစ်နေတာကို ကျွန်မ မကြည့်ချင် မမြင်ချင်ပါဘူး။ ဒါပေမဲ့ ကျွန်မ ဘာတတ်နိုင်မှာလဲ။ ရဲဘော် အလုပ်သမားကြီးရှင့်၊ ခု ဘီလပ်မြေ အိတ်ဟာ အဲဒီ အဆောက်အအုံတွေ အတွက် ဆိုရင် ဒီ ဘီလပ်မြေ အိတ်ကို မသုံးဘဲ ဖယ်ထားပေးပါနော်။

အို ဒီလိုလည်း မဟုတ်သေးပါဘူးလေ။ သုံးချင်လည်း သုံးလိုက်ပါတော့။ ဘယ်နေရာ ဘယ်အဆောက်အအုံမှာ ဖြစ်စေ သုံးသာ ပစ်လိုက်ပါတော့။ ဘယ်နေရာပဲ သူ့ကို မြှုပ်မြှုပ် သူ့ တာဝန်ကို ကျေပွန်အောင် လုပ်မှာပါ။ ကျွန်မ ချစ်သူဟာ သစ္စာ ရှိတဲ့ လူ၊ ခိုင်မာတဲ့ လူ။ ဒီတော့ သူ ရောက်ရာ အရပ်မှာ သူဟာ သူ တတ်နိုင်တဲ့ တာဝန်ကို ကျေပွန်အောင် လုပ်မှာပါ။

ကျွန်မ ချစ်သူဟာ စိတ်ရင်းလည်း အလွန် ကောင်းပါတယ်။ သတ္တိလည်း ကောင်းပါတယ်။ ငယ်ငယ်ပဲ ရှိပါသေးတယ်။ သူ့ အသက်က ၂၅ နှစ်ပါ။ သူ ကျွန်မကို တကယ် ချစ်သလား မချစ်ဘူးလား ဆိုတာကိုတော့ ကျွန်မ မေးချိန် မရလိုက်ပါဘူး။ ကျွန်မ သူ့ အတွက် ဘီလပ်မြေအိတ် တစ်အိတ် ချုပ်နေပါတယ်။ တစ်နည်းပြောရရင် သူ့ အလောင်းကို လွှမ်းဖို့ ဖျင်စ တစ်စ ချုပ်နေတယ် ဆိုပါတော့။ ဒါပေမဲ့ ကျွန်မ ချစ်သူကတော့ မီးသင်္ဂြိုဟ်တဲ့ သင်္ချိုင်းကို မရောက်ဘဲ ဘီလပ်မြေဖုတ်တဲ့ ဖိုထဲကို ရောက်ရတော့မယ်ပေါ့နော်။ သူ့ကို နှုတ်ဆက်ချင်ရင်တောင် ဘယ်သင်္ချိုင်းမှာ လိုက်ပြီး နှုတ်ဆက်ရမလဲ မသိတော့ဘူး။ သူ့ကို ဘယ်မှာများ မြှုပ်ကြမှာလဲရှင်။ အနီးကလေးလား။ အဝေးကြီးလား။ အရှေ့ဘက်မှာလား။ အနောက်ဘက်မှာလား။ သိရင် ပြောကြပါ။ ဒီအဖြေလေးကို သိချင်လို့ ဒီစာကို ရေးထည့်လိုက်တာပါ။ ရှင်ဟာ အလုပ်သမားကြီး တစ်ယောက် ဆိုရင် ကျွန်မ မေးခွန်းကို ဖြေပါနော်။ ရှင် ဖြေလို့ ရှိရင် ကျွန်မက သူ့ အလုပ်သမား ဝတ်စုံက အစကလေးကို ကျေးဇူးဆပ်တဲ့ အနေနှင့် ပြန်ပေးပါ့မယ်။ ခုဘူးကလေးမှာ ပေးလိုက်တဲ့ အစကလေးဟာ သူ့ဝတ်စုံက အစကလေးပါ။ သူ့ကိုယ်က ချွေးတွေ၊ သူ ထမ်းလာတဲ့ ကျောက်တုံး


mgyoe.com

mgyoe.com SAMPLE BOOK

*ကြီးထဲက အမှုန့်တွေဟာ ဒီအဝတ်စကလေးထဲမှာ ပါပါတယ်။ ဒီဝတ်စုံကလေးဟာ သူနှင့် ကျွန်မ တွေ့ကြတုန်းက ဝတ်တဲ့ ဝတ်စုံကလေးပါ။ သူ့ အထိမ်းအမှတ် ဆိုလို့ ဒီအစကလေး တစ်ခုပဲ ကျန်ပါတော့တယ်။*

*ဒီတော့ ကျွန်မကို သနားရင် အဖြေ ပေးပါနော်။ နည်းနည်းတော့ ဒုက္ခ များတယ် ဆိုတာ သိပါတယ်။ ဒါပေမဲ့ မတတ်နိုင်လို့ ဒီလို ရေးရတာပါ။ ဒီဘိလပ်မြေအိတ်ကို ဘယ်ရက်မှာ အသုံးပြုသလဲ၊ ဘယ်နေရာမှာ ဘယ်အဆောက်အအုံ အတွက် အသုံးပြုမှာလဲ ဆိုတာ သိပါရစေ။ နေရာ အတိအကျကို ရေးပေးပါနော်။ ရှင့်နာမည်ကိုလည်း ရေးပေးလိုက်ပါနော်။ မမေ့ပါနှင့်ရှင်။ ဆက်ဆက် ရေးပေးလိုက်ပါ။ ကျေးဇူးတင်ပါတယ်။*

မတ်ဆူဒို အနီး တစ်ပိုက်တွင် ကလေးတွေ ဆူညံလျက် ရှိ၏။ မတ်ဆူဒိုသည် စာအောက်တွင် ပါရှိသည့် အမည်နှင့် လိပ်စာကို ကြည့်ပြီးနောက် လက်ဖက်ရည်ကြမ်း ပန်းကန်ထဲသို့ ဆန်အရက် တစ်ခွက်ကို အပြည့် ထည့်ကာ မော့ချလိုက်၏။

'သောက်မယ်၊ မူးအောင်ကို သောက်ပစ်လိုက်မယ်၊ သောက်ပြီး ငါ့ အနားမှာ ဘာပစ္စည်းမှ လာမထားကြနှင့်၊ တွေ့ရင် အကုန် ရိုက်ခွဲပစ်မိလိမ့်မယ်၊ သွားကြ'

'ကိုတော်ချော ဘယ်လို ဖြစ်နေတာလဲ၊ ရှင်ကတော့ မူးအောင် သောက်၊ မူးဖို့တော့ ပိုက်ဆံ ရှိတယ်၊ ကလေးတွေ အတွက်ကျတော့ကော' ဟု သူ့ မိန်းမက ပြောသည်။

မတ်ဆူဒိုသည် စူထွက်နေသော သူ့ မိန်းမ၏ ဗိုက်ကို လှမ်းကြည့်လိုက်ပြီးနောက် သတ္တမမြောက် ကလေးကို သတိရလာလေသည်။

[ဂျပန် အမျိုးသား စာရေးဆရာ **Hayama Yochiki** ၏
**Letter Found in a Cement-barrel** ကို ပြန်ဆိုသည်။]

mgyoe.com

mgyoe.com SAMPLE BOOK

# မောင်တို့ ယောက်ျားတွေရယ်

ကျွန်တော်တို့ ကျောင်းတွင် ကျောင်းပိတ်ရက် ကျောင်းဖွင့်ရက် ဟူ၍ ပုံမှန် မရှိ။ တခြား နယ်များတွင် ဆိုလျှင် နွေတွင် ကျောင်းပိတ်တတ်ကြပါသည်။ ကျွန်တော်တို့ နယ်တွင်မူ ကောက်ရိတ်ချိန်၌ ကျောင်းပိတ်လေ့ ရှိသည်။ ကျောင်းသားတွေကလည်း လာချင်သည့်အခါမှ လာတတ်သည်။ ကျောင်းဆရာ၏ ဘဝသည် တောဘတ်စ်ကားဆရာ၏ ဘဝနှင့် အတူတူပင် ဖြစ်ပါသည်။ ကိုယ် စာသင်ချင်တိုင်း သင်၍ မရ။ သတ်မှတ်ထားသည့် ကျောင်းသားဦးရေ ပြည့်မှ သင်၍ ရပါသည်။ ကျောင်းသား တစ်ယောက်စ နှစ်ယောက်စလောက်နှင့်သာ ဆိုလျှင် ကျောင်းဆရာသည် ဘာမျှ လုပ်၍ မရတော့။

စာသင်ချိန် ကုန်ပြီ ဆိုလျှင်လည်း ကျွန်တော်တို့ တောကျောင်းဆရာများသည် အအား နေရသည် မဟုတ်ပါ။ ရွာသားတွေ အတွက် လျှောက်လွှာ ရေးပေးရ၏။ သူတို့ ဆွေမျိုးသားချင်းတွေထံ စာရေးလိုလျှင် စာရေးပေးရသည်။ အမတော်ကြေး ကိစ္စတို့၊ အခွန်တော် ကိစ္စတို့ အတွက် ရုံးသို့ တင်ရန် လျှောက်လွှာတွေ ရေးပေးရသည်။ တစ်နည်း ပြောရလျှင် ရွာသားများ၏ စာရေးကြီး အလုပ်ကိုလည်း ကျွန်တော်တို့ လုပ်ရပါသေးသည်။ ကျောင်းအားရက် ရ၍ ကျွန်တော့် ဇာတိမြို့ကလေးသို့ ပြန်ရသည့် အခါမျိုးတွင် သူတို့တစ်တွေ ထည့်ချင်သည့် စာများကို စာတိုက်ပုံးထဲသို့ ထည့်ရန် ယူသွားရပါသေး၏။

ရွာသားတို့၏ ဗာဟိရ ကိစ္စတို့ကို ဤသို့ မညည်းမညူ ဆောင်ရွက်သည်ကို မြင်သည့် အခါ၌ ရွာသားများသည် သူတို့၏ ပြဿနာ မှန်သမျှကို ကျွန်တော့်ထံ ယူဆောင်လာလေ့ ရှိပါသည်။

သို့ဖြင့် ကျွန်တော်သည် ရွာသားတို့၏ အတိုင်ပင်ခံ အရာရှိ၊ အကြံပေး အရာရှိ ဖြစ်မှန်း မသိ ဖြစ်လာခဲ့လေသည်။ ကျွဲပျောက် နွားပျောက် ကိစ္စမှသည် လင်မယား ရန်ဖြစ်သည့် ကိစ္စထိ ကျွန်တော့်ထံ ရောက်လာတတ်ကြသည်။ သူ

mgyoe.com

mgyoe.com
SAMPLE BOOK

တို့ စိတ်ထဲ၌ ကျောင်းဆရာ ဆိုသည်မှာ ပညာ ရှိသူ၊ ဉာဏ် အမြော်အမြင် ရှိသူ၊ အသိတရား ရှိသူ၊ တရား ဥပဒေကို ကျွမ်းကျင်သူဟု နားလည်ထားကြသည်။

ထို့ကြောင့် ကျောင်းဆင်း၍ အိမ်ပြန်ရောက်သည့်တိုင် ကျွန်တော့်တွင် အနား မနေရ။ မြို့နယ် ပညာအုပ်တို့ ဘာတို့က ကျောင်းတွင် ကျောင်းဝင် မှတ်ပုံတင် နည်း၍ ကျွန်တော့်ကို မေးလျှင် ကျောင်းမှာ စမ်းဖွင့်ထားရသည့် ကျောင်း ဖြစ်သည့် အတွက် နည်းခြင်း ဖြစ်ကြောင်း၊ ကောက်စိုက်ချိန် ဖြစ်၍ ရွာသားများ အလုပ် များကြကြောင်း၊ ဘာကြောင်း ညာကြောင်း စသည်ဖြင့် အကြောင်း အမျိုးမျိုး ပြသဖြင့် ကျွန်တော့် ကျောင်းကလေးကို ဖွင့်မြဲ ဖွင့်ပေး ထားခဲ့သည်။ ကျွန်တော် ကျောင်းဖွင့်ထားသည့် နေရာမှာ ကျေးရွာ တရားရုံး တည်ရာလည်း ဖြစ်၏။ အစည်းအဝေး ကျင်းပသည့် နေရာလည်း ဖြစ်၏။ ရဲ ဌာန ဆိုလျှင်လည်း မှန်၏။ အခွန် ကောက်သည့် ဌာန ဆိုလျှင်လည်း ဟုတ်၏။ ထိုနှင့် အညီ ကျွန်တော့် တာဝန်များကလည်း များလှပါသည်။ တရားသူကြီး လည်း ကျွန်တော်၊ ရဲလည်း ကျွန်တော်၊ အခွန် ကောက်သူလည်း ကျွန်တော်၊ တစ်ခါတစ်ရံ တံဆိပ်ခေါင်းပင် ရောင်းလိုက်ရသေးသည်။ သို့တိုင်အောင် ကိစ္စ မရှိပါ။ ထိုအရာများလောက်ကိုမူ ကျွန်တော် လုပ်နိုင်ပါသည်။

ကျွန်တော်တို့ နယ်ထုံးစံမှာ ရွာတွင် ခိုက်ရန် ဖြစ်ပွားလျှင် ရုံးပြင်ကနား သို့ မရောက်။ ရွာမှာပင် ကိစ္စ ပြီးသွားတတ်သည်။ အများအားဖြင့် ရွာလူကြီး များက ဆုံးဖြတ် ဖျန်ဖြေပေးလေ့ ရှိသည်။

ရွာလူကြီးများ စာရင်းတွင် ကျောင်းဆရာလည်း ပါပါသည်။ ရွာလူကြီး များ၏ ဆုံးဖြတ်ချက်ကို အားလုံးက နာခံလေ့ ရှိကြပါသည်။ ရွာလူကြီးများ က တော်သင့်သလို ဆုံးဖြတ်ကြသည်။ အကယ်၍ ကျေးရွာ လူကြီးများ၏ ဆုံးဖြတ်ချက်ကို တရားလိုက မကျေနပ်လျှင် အထက် အာဏာပိုင် အဖွဲ့သို့ အယူခံနိုင်ပါသည်။

အထက် အာဏာပိုင် အဖွဲ့မှာ အခြား မဟုတ်၊ ဆိုင်ရာပိုင်ရာ နတ်တို့ကို နတ်ပွဲ ပေးပြီး တိုင်တည်ခြင်း ဖြစ်ပါသည်။ သို့ရာတွင် များသောအားဖြင့်မူ အထက် အာဏာပိုင် အဖွဲ့ အထိ မရောက်တတ်ပါ။ အထက် အာဏာပိုင် အဖွဲ့ သို့ တက်လျှင် နတ်ကနား ပေးရမည်။ နတ်ကနား ပေးလျှင် ပွဲတစ်ပွဲကို ငွေ ကိုးရာမျိုး တစ်ထောင်မျိုး ကုန်နိုင်သည်။ ထို့ကြောင့် အောက်ရုံးတွင်ပင် ကိစ္စ ပြီးသွားတတ်ကြပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော်တို့ ရွာတွင် ရွာသူရွာသား လယ်သမား ဦးရေ သိပ်မများလှ။

မိုးဦး တစ်ပြိုက် နှစ်ပြိုက်လောက် ကျပြီးစ ဖြစ်၍ လယ်ထဲတွင် ပေါင်းတွေ ပြန်ထစပြုပြီ။ ပျိုးကြဲတော့မည် ဆိုလျှင် သည်ပေါင်းမြက်တွေကို ရှင်းရဦးမည်။ ထွန်ရဦးမည်။ ထယ်ထိုးရဦးမည်။ သည်လို ထွန်ထယ် ထိုးပြီး တစ်ပတ်နှစ်ပတ်လောက် မိုးလိုက်လာလျှင် လယ်တွင် သမန်း ညက်ပြီ။ သို့ရာတွင် ခက်သည်က လယ်ထဲတွင် ရွံ့တွေ ရေတွေ များနေသေး၏။ ထိုနေရာများကို ဖောက်ထုတ်ပစ်ရမည်။ ထို့ကြောင့် ရေကို ဖောက်ထုတ်ပြီး သမန်း မခြောက်တခြောက် ဖြစ်အောင် စောင့်ရဦးမည်။ ထိုမြေ အသားကျမှ ပဲမျိုး ပြောင်းမျိုးတို့ကို စိုက်နိုင်မည်။

ပျိုးကြဲချိန် တစ်နေ့တွင် ကျွန်တော့်ထံသို့ ရှီကူး ပေါက်လာလေ၏။ ရှီကူးသည် ရွာထဲတွင် သိပ်မနေလှ။ ရွာ အပြင်ဘက်တွင်သာ အနေ များသည်။ ရွာပြင်ဘက်တွင် သူကိုယ်တိုင် လုပ်သည့် မြေကလေး နှစ်ကေလောက် ရှိသည်။ လယ်ယာ စိုက်ပျိုးခြင်းသည် ရှီကူး၏ ဘဝ ဖြစ်သည်။ သူ့လုပ်ငန်း ဖြစ်သည်။

ရှီကူးသည် ဒိုတီကြီးကို စောင်လိုလုပ်ခြုံပြီး ကျွန်တော့်ဆီသို့ ရောက်လာခြင်း ဖြစ်သည်။

ဒိုတီကြီးကို ခြုံထားသဖြင့် ပါးရေတို့ တွန့်ကာ ပိန်ချုံးကျနေသည့် မျက်နှာနှင့် ဖုန်တွေ အလိမ်းလိမ်း ကပ်နေသည့် ခြေထောက်တို့ကိုသာ မြင်ရ၏။ ဖိနပ်မပါဘဲ လျှောက်လေ့ ရှိသဖြင့် သူ့ ခြေထောက်များသည် သားရေ အခြောက်ကြီးများနှယ် ကွဲအက်လျက် ရှိလေပြီ။ ခြေသည်းများကလည်း ပုံ့ရွဲ့လျက် ရှိကြ၏။ လက်များကိုမူ ကျွန်တော် မမြင်ရချေ။

ကျွန်တော်နှင့် အယူဇူတို့ နှစ်ယောက်သား ထိုင်၍ စကား ပြောနေကြစဉ်သူ ရောက်လာခြင်း ဖြစ်သည်။ ခရီး ရောက်မဆိုက်ပင် ရှီကူးက 'ဆရာလေးများ နွားတစ်ကောင်လောက် ရှာပေးနိုင်မလားလို့၊ ထွန်ချိန် ယက်ချိန် ရောက်ပြီမဟုတ်လား ဆရာလေးရဲ့'

ကျွန်တော်သည် ကျောင်းဆရာ တစ်ယောက်သာ ဖြစ်၏။

ကျွန်တော့်တွင် နွားပိုင် ကျွဲပိုင် မရှိ။

ဤသည်ကို ပြောစရာ မလို။

ယခု ရှီကူးက ကျွန်တော့်ဆီ လာ၍ ကျွဲ နွား အရှာခိုင်းနေလေပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်နှင့် ဘာဆိုင်သနည်း။

'ဆရာလေးရယ်၊ ဆရာလေး ငှားပေးရင် လွယ်လွယ်ကလေးနှင့် ရမှာပါ၊ ကျုပ်ဖို့ တစ်ကောင်လောက် ငှားပေးပါ၊ ကျုပ်မှာ တစ်ကောင် သေသွားတော့ တစ်ကောင်ပဲ ကျန်ရစ်ခဲ့တယ်၊ နောက်တစ်ကောင် ရပြီ ဆိုရင် ကျုပ် ထွန်လို့ ရပါပြီ၊ လယ်ထွန်စရာ နွားတစ်ကောင်မှ ရှာလို့ မရဘူး ဆိုရင်တော့ တစ်နှစ်လုံး ငတ်တော့မှာပဲ ဆရာလေးရယ်၊ ကြည့်လုပ်ပေးပါဦး'

'ဒီလိုဆိုရင် ဘယ်သူ့ဆီမှာ ငှားလို့ ရမလဲ၊ ကျွန်တော့်ကို ပြောလေ၊ ကျွန်တော် ငှားကြည့်ပေးရတာပေါ့'

'အပိုရယ်လို့တော့ ဘယ်သူ့ဆီမှာမှ ရှိမှာ မဟုတ်ဘူး ဆရာလေးရဲ၊ ခု အချိန်က ထွန်ယက်ချိန် ဆိုတော့ အားလုံး လယ်ထဲ ရောက်ကုန်ကြမှာ၊ ကိုယ့်အလုပ်ကို အပျက်ခံပြီး ဘယ်သူ ငှားမလဲ ဆရာလေးရယ်၊ ကျွန်တော် ငှားတာလည်း တစ်ရွာလုံး နှံ့နေပြီ၊ ဘယ်ကမှ မရခဲ့ဘူး'

'ဒီလိုဆို ကျွန်တော် ငှားလို့ကော ဘယ်ရမလဲ၊ ဘယ်က ငှားရမလဲ၊ ပြောစမ်းပါဦး'

'ဆရာလေးဘာသာ ဆရာလေး ကြိုက်တဲ့ လူဆီက ငှားပေါ့ ဆရာလေး၊ ကျုပ်ကတော့ နွားရရင် ပြီးတာပဲ၊ ရွာထဲက ပြောတော့ ဆရာလေးဟာ အလွန် ကူညီတတ်တယ်တဲ့၊ အခက်အခဲ ရှိရင် သူ့ဆီသာ သွားတဲ့၊ တစ်ရွာလုံးကို ကူညီနေပြီး ကျုပ်ကျမှ ဘာဖြစ်လို့ ဒီလောက် အင်တင်တင် ဖြစ်နေရတာလဲ ဆရာလေးရယ်'

တစ်လုံးမျှ ဝင်ရောက် ပြောဆိုခြင်း မရှိဘဲ တစ်လျှောက်လုံး တိတ်ဆိတ်စွာ နားထောင်နေသည့် အယူဗူက ရှီကူးဘက်သို့ လှည့်လိုက်လျက် 'အဘိုးကြီး ခင်ဗျား ရူးနေသလား၊ ဆရာလေးကော ဘယ်မှာ သွားရှာရမှာလဲ၊ ဆရာလေး က လယ်သမားလည်း မဟုတ်ဘူး၊ နွားကုန်သည်လည်း မဟုတ်ဘူး၊ ခင်ဗျား ဘာသာ ခင်ဗျား စိတ်ကူးပေါက်ပြီး သူများကို လာအပူကပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ မရှိဘူး၊ သွား သွား'

ရှီကူးသည် သူ့အမှားကိုသူ သိသွားပုံ ရ၏။

ထို့ကြောင့် အသံ တုန်တုန်ဖြင့် 'သွားပါ့မယ်ဗျာ၊ သွားပါ့မယ်၊ ကျုပ်က အကူအညီလေး ဘာလေးများ ပေးနိုင်မလားလို့ လမ်းကြုံတာနှင့် ဝင်ပြောမိတာပါ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဆရာလေးရယ်၊ တတ်နိုင်ရင်တော့ ကျွန်တော့်ကိစ္စကလေးကို လုပ်ပေးပါနော်၊ ဟုတ်လား'

mgyoe.com

mgyoe.com SAMPLE BOOK

အယူဖူမှာ အနည်းငယ် စိတ်တိုသွားဟန်ဖြင့် အဘိုးကြီးကို လှေကား အတိုင်း ဆွဲခေါ်သွားကာ 'အဘိုးကြီး၊ ခင်ဗျား တော်တော် ခက်ပါလားဗျ ဟင်၊ ကျောင်းဆရာ ဆိုတာ ကျွဲတွေ နွားတွေ ချိုင်းကြားမှာ ညှပ်ပြီး ကျောင်းလာ တက်တဲ့ လူလို့ ထင်နေသလား'

အဘိုးကြီး ရှီကူးသည် ပါးစပ်မှ တဖျစ်တောက်တောက် ပြော၍ ထွက် သွားသည်။ အယူဖူသည် ကုလားထိုင်တွင် ပြန်ထိုင်ရင်း 'ဆရာလေးရေ၊ ဒီ အဘိုးကြီးကိုတော့ ဘာမှ ဖွေမယူနှင့်နော်၊ အဘိုးကြီးက ဘာမှ နားလည်တာ မဟုတ်ဘူး'

သို့ဖြင့် ရှီကူးသည် နှစ်ရက်တိုင်တိုင် နွား လိုက်ရှာသည်။ သို့ရာတွင် ဘယ်ကမှ ငှား၍ မရ။

အိမ်သို့ ပြန်ရောက်သည့် အခါတွင် မောနေလေပြီ။

'နွားလည်း ရှာလို့ မရပါဘူး ရှင်မရယ်'

ရှီကူးက သူ့ မိန်းမကို ပြောသည်။ သူ့ မိန်းမမှာ အရပ် ထောင်ထောင် မောင်းမောင်း။ ရွာထဲရှိ အခြားသော မိန်းမများထက် ခေါင်းတစ်လုံး ပိုမြင့် သည်ဟု ဆိုနိုင်သည်။ အားကောင်းမောင်းသန်။ ရွာထဲရှိ ယောကျ်ား တစ်ဝက် ကျော်ကျော်ထက် သန်မာသည်။ လယ်ထဲတွင် ယောကျ်ားကြီး တစ်ယောက်စာ လောက်တော့ ကောင်းကောင်း လုပ်နိုင်သည်။

'တော် ဘယ်သူတွေဆီကို သွားငှားခဲ့သလဲ'

'တစ်ရွာလုံး နှံ့နေပြီ၊ ဘယ်နွားမှ မအားဘူး'

'ဒါဖြင့် ကျုပ်တို့ ဘယ်လို လုပ်ကြမတုံး'

'ဘာလုပ်ရဦးမှာလဲ၊ တော်ဖို့ ရှိတော့တာပေါ့'

မိန်းမသည် ရှီကူး၏ မျက်နှာကို ကြည့်လိုက်၏။ မျက်လုံး အစုံသည် ကုန်ခါနီး မီးခွက်မှ မီးရောင်လို ဖျော့တော့လျက် ရှိ၏။

'ကဲ ဒီလိုဆိုရင် မနက်ဖြန်မှာ စထွန်မယ် တော်' ဟု ပြတ်သားစွာ ပြော လိုက်သည်။

'ဘယ်မှာလဲ နွား'

'တစ်ကောင်တော့ ရအောင် ရှာရမှာပေါ့'

'ဘယ်လိုလုပ် ရှာမှာလဲ'

'အို ဘယ်လို ရှာရှာပေါ့တော်'

'နေစမ်းပါဦး၊ ညည်းဟာက'


mgyoe.com

mgyoe.com
SAMPLE BOOK

'အို ရရင် ပြီးရော မဟုတ်လား၊ ရှင့်အပူ မဟုတ်ပါဘူး၊ မနက်ဖြန် မနက်ကျရင်သာ လယ်ထဲကို ဆင်းဖို့ ပြင်'

ရှီကူးသည် အမျိုးမျိုး စဉ်းစား၏။ သူ့ မိန်းမသည် မည်သည့် နေရာသို့ သွား၍ နွားရှာမည်နည်း။ မနက် မိုးလင်းသော် ရှီကူးသည် ထွန်ကို ပခုံးတွင် ထမ်း၊ နွားတစ်ကောင်ကို လက်က ဆွဲလျက် လယ်ထဲသို့ ဆင်းခဲ့၏။ လယ်ထဲသို့ ရောက်လျှင် ကန်သင်းရိုးတွင် ထိုင်ကာ ရွာထဲက သူ့မယား အလာကို စောင့်လင့်၏။

တစ်နာရီကျော်ကျော်ခန့် ရှိသည့် အခါတွင် သူ့မယားကို မြင်ရလေပြီ။ အလို ဘယ့်နှယ်တုံး။ ဘယ်မှာတုံး နွား။ လက်ထဲမှာ ဘာမှ မပါပါလား။ ရှီကူး၏ မျက်နှာသည် မဲ့လာခဲ့လေပြီ။

'ကောင်မ ပြောသွားတုန်းက လေတစ်လုံး မိုးတစ်လုံး၊ ခုတော့ ဘယ်မှာတုံး နွား၊ လယ်ထွန်ရတော့မှာ မဟုတ်ဘူး၊ ထွန်တဲ့လူ ထွန်ကုန်ကြပြီ၊ လယ်ကွက်တွေထဲမှာ နွားမောင်းသံတွေ ဆူနေပြီ၊ ငတ်လို့ သေရင်သေ၊ မသေချင်ရင် ခတောင်းစားရတော့မယ်' ဟု တွေးနေစဉ် အရပ် ထောင်ထောင်မောင်းမောင်းနှင့် သူ့မယားသည် အနီးသို့ ရောက်လာလေသည်။

'နွား မရခဲ့ဘူးပေါ့ ဟုတ်လား'

'ဘယ်သူက မရဘူး ပြောလို့တုံး၊ စကား မများနှင့်၊ ထွန်ကို တပ်မှာသာ တပ်'

'နို့ နွားတစ်ကောင်ကကော'

'ရှိတဲ့ နွားကိုသာ တပ်မှာ တပ်စမ်းပါတော်၊ တစ်ဖက်ကို အဲဒီ နွား တပ်၊ တစ်ဖက်က ကျုပ် ဝင်ဆွဲမယ်'

သူ့မိန်းမ စကားကြောင့် ရှီကူး တုန်လှုပ်သွား၏။

'မလုပ်ပါနှင့် ရှင်မရယ်၊ လူမြင် မကောင်းပါဘူး' ဟု အသံ တုန်တုန်ဖြင့် ပြောသည်။

သို့ရာတွင် သူ့မိန်းမကို ပြော၍ ရမည် မထင်။ သူ့မိန်းမသည် နွားတစ်ကောင် အလုပ်တော့ လုပ်နိုင်သည်ဟု သူ့ကိုယ်သူ ထင်ပုံ ရသည်။

'ကဲ ဟိုဟာတွေ ဒီဟာတွေ မေးမနေနှင့်၊ ရှိတဲ့ နွားကိုသာ တပ်စမ်း'

မတုန်မလှုပ် ဖြစ်နေသည့် သူ့ ယောက်ျားကို မြင်သည့် အခါတွင် သူ့မယားသည် နေရာမှ ထကာ နွားကို ထွန်တွင် တပ်သည်။ နောက် ထမ်းပိုး တစ်ဖက်ကို သူ့ပခုံးတွင် ကန့်လန့် တင်လိုက်ပြီး 'ကဲ ကျုပ်ကို ကြိုးတစ်ချောင်း


mgyoe.com

mgyoe.com
SAMPLE BOOK

နှင့် ခိုင်ခိုင်လေး ချည်’ ဟု ပြောသည်။ ဤတွင် ဖျော့တော့ ကြုံလှီသည့် ရှိကူးသည် အားတက်လာကာ ထိုင်ရာမှ ထပြီး ထွန်တုံးပေါ်တွင် ခြေတင်ကာ နွားကို မောင်းသည်။ နွားက ရွေ့သည်။ သူ့ မိန်းမကလည်း နွားနှင့် အပြိုင် ရွေ့သည်။ ထွန်တုံးများသည် မြေပျော့ထဲသို့ စူးနစ် ဝင်သွားကာ နောက်တွင် ထွန်ရေးကြောင်းကြီးများ ထင်ကျန်ရစ်စေခဲ့သည်။ ရှိကူးသည် လူးဆတ် မျိုးစေ့ များကို ဝါးကျည်တောက်ထဲတွင် ထည့်၏။ အပေါက်မှ နေ၍ မျိုးစေ့များသည် ကျကျန်ရစ်ခဲ့ကြသည်။ ရှိကူး၏ မိန်းမသည် နွားနှင့် ယှဉ်၍ တကုန်းကုန်း ရုန်းသည်။

သို့ဖြစ် တစ်မနက်လုံး ပျိုးကြဲခဲ့သည်။ မွန်းတည့်ချိန်သို့ ရောက်သော် အမောကြီး မောနေသည့် သူတို့ လင်မယားသည် သစ်ရိပ်တွင် ထိုင်ကာ မောမောဖြင့် ထမင်း စားကြသည်။ စကား မပြောနိုင်။ ရှိကူးမှာ နှုတ်ဆိတ်မိလျက်။ မိန်းမကသာ တစ်ခွန်းစ နှစ်ခွန်းစ ပြောသည်။ ထမင်း စားပြီးလျှင် ကောက်ဆွ တစ်ချောင်းစီဖြင့် မျိုးစေ့များကို မြေဖြင့် လိုက်ဖုံးကြသည်။

ညနေ မိုးချုပ်သည့် အခါတွင် သူတို့ ပိုင်သည့် မြေနှစ်ဧကကို ထွန်ယက် ပြီးပြီ။ ပျိုးကြဲပြီးပြီ။ ထို့နောက် ပင်ပန်း နွမ်းနယ်သော သူတို့ သုံးဦးသည် အိမ်သို့ ပြန်လာခဲ့ကြသည်။

နောက်တစ်နေ့တွင် သူတို့ အကြောင်းကို တစ်ရွာလုံးက အုတ်အော်သောင်းတင်း ပြောကြသည်။ အချို့က အံ့သြကြသည်။ အချို့က ပြောင်ကြသည်။ အချို့က လှောင်ကြသည်။ အချို့က ချီးကျူးကြသည်။

ထိုည ကျွန်တော် ကျောင်းက အပြန် သူတို့ အိမ်ရှေ့သို့ ရောက်သည့် အခါ ခဏ ရပ်သည်။ တဲထဲက မီးမှိန်မှိန်ထဲတွင် ရှိကူး၏ မိန်းမသည် မှောက် လျက် ရှိ၏။

ရှိကူးသည် သူ့မိန်းမ၏ ကျောပြင်ကို ခြေအစုံဖြင့် တအိအိ နင်းပေးလျက် ရှိလေသတည်း။

[အိန္ဒိယ စာရေးဆရာ **Vyamkatesh Madgulker** ၏
**Under the Yoke** ကို ပြန်ဆိုသည်။]


mgyoe.com

mgyoe.com SAMPLE BOOK

# အချစ် ပွင့်တဲ့ နွေ

မိမိသည် နွေဦးပေါက်ထိအောင် ခံတော့မည် မဟုတ်ကြောင်းကို နီကိုလေ သိလေပြီ။ နီကိုလေသည် အခန်းကို သန့်ရှင်းလျက် ရှိသည့် သမီး ဖြစ်သူ လိုင်ဒီယာကို လှမ်းကြည့်ကာ သက်ပြင်းကြီး တစ်ချက် ချသည်။

'အဖေလည်း သိပ် နေရတော့မှာ မဟုတ်ပါဘူး သမီးရယ်'

'အဖေကလည်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ဘာဖြစ်လို့ မနေရမှာလဲ၊ နေရသမျှ အသက် တစ်ရာထိအောင်တောင် နေရလိမ့်ဦးမယ်' ဟု လိုင်ဒီယာက စာအုပ်စင်ကို ဖုန်သုတ်ရင်း ပြော၏။

အသက် တစ်ရာထိ နေရလျှင်ပင် သူ့အသက်သည် တစ်ရာ ပြည့်ဖို့ သိပ်မလိုတော့။

ဆောင်းဦးပေါက်လောက်ကတည်းက အဖေသည် ကောင်းကောင်း လမ်းလျှောက်၍ မရချင်တော့ပြီ။

မျှော်လင့်ချက်လည်း သုဉ်း၊ အိုမင်းတွင်းဆုံး ကျလုနီး၍ အားကိုးရာလည်း မဲ့ပြီ ဆိုသည့် အခါတွင် အသက်ရှင် နေထိုင်လိုခြင်းလည်း မရှိတော့ပြီ။ သေဖို့ကိုသာ စိတ်စောမိကြမြဲ ဓမ္မတာ ဖြစ်၏။ နီကိုလေသည် ခွန်အား ဆုတ်ယုတ်ကာ ကုန်ခန်းစ ပြုလေပြီ။ သို့ရာတွင် မျှော်လင့်ချက် တစ်ခုကား ကျန်နေသေး၏။ ထိုမျှော်လင့်ချက်တို့သည် လူငယ်လေး တစ်ယောက်၏ မျှော်လင့်ချက်လိုသူ့ရင်ထဲတွင် ရှင်သန်လျက် ရှိဆဲ။ ထိုမျှော်လင့်ချက်ကား အခြား မဟုတ်။ နွေဦးပေါက်ထိအောင် အသက်ရှင် နေလိုသေးခြင်း ဖြစ်၏။ နွေဦးပေါက်သို့ရောက်လျှင် နှင်းပန်းတို့ကို စားပွဲပေါ်က ပန်းအိုးထဲတွင် မြင်ရဦးမည်။ ငှက်တို့၏ တေးသီသံကို ကြားရဦးမည်။ စိမ်းလန်းသော နတ်ဘုံကြီးကို သူ တွေ့ချင်သေး၏။ သူ့ အိမ်ရှေ့ ပြတင်းမှ လှမ်းမြင်နေရသော သစ်ဖြူတောကို နွေဦးပေါက် အဆင်အယင်ဖြင့် သူ မြင်ချင်သေးသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

သို့ရာတွင် ယခုမူ သူ့ ပြတင်းရှေ့ တည့်တည့်ရှိ သစ်ဖြူတောသည် ဆောင်းဦးပေါက် ဆည်းဆာ၏ နေခြည်ဖျော့ဖျော့ထဲတွင် ရဲပတောင်း ခတ်လျက် ရှိ၏။ ထို့နောက်တွင် နှင်းခါးကြီးတွေ ကျသော ဒီဇင်ဘာသို့ ရောက်ဦးမည်။ နှင်းမှုန်တိုင်းသည် အဖော်မဲ့နေသော ဝိညာဉ် တစ်ခုလို ငိုညည်း မြည်တမ်းတတ်၏။ ထိုသို့သော ရာသီမျိုးသို့ ရောက်ပြီ ဆိုလျှင် နီကိုလေသည် နူးညံ့လှပသည့် နွေဦးရက်များကို လွမ်းတတ်သည်။

သူတို့ အိမ်တွင် အဖေနှင့် လိုင်ဒီယာတို့ နှစ်ယောက်တည်းသာ ရှိ၏။ လိုင်ဒီယာမှာ မုဆိုးမ တစ်ဦး ဖြစ်သည်။ သူ့ သားသမီးများမှာ အိမ်ထောင်ကျကာ အိမ်ခွဲ၍ နေကြလေပြီ။ သူ မရှိတော့လျှင် သူ့သမီး လိုင်ဒီယာသည် သားအကြီး ဖြစ်သူနှင့် သွားနေမည် ဖြစ်ကြောင်း သိပြီးသား ဖြစ်၏။

ညရောက်လျှင် သမီး ဖြစ်သူ လိုင်ဒီယာသည် အဖေ့ ခုတင်စွန်း၌ လာထိုင်ကာ ဆေးပေးမီးယူ လုပ်ရန် အသင့် စောင့်နေတတ်၏။ အဖေ ဘာလိုသည်ကို တဖွဖွ မေးတတ်၏။ မေးတိုင်းလည်း အဖေက ဘာမျှ မလိုကြောင်း၊ မိမိသေဖို့ ကောင်းသည်မှာ ကြာပြီ ဖြစ်ကြောင်း၊ မိမိသည် သမီး ဖြစ်သူ အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်လျက် ရှိကြောင်း၊ သို့ရာတွင် များမကြာမီ ထိုဝဋ်ကြွေးမှ လွတ်တော့မည် ဖြစ်ကြောင်းဖြင့် အဖေက ပြောတတ်သည်။ ထိုသို့ ပြောလျှင် သမီး ဖြစ်သူမှာ စိတ်ထိခိုက်ခြင်း ဖြစ်ရသည်။

အဖေသည် ဖျော့တော့ ပိန်ချုံးနေသော လက်ကို မြှောက်၍ သမီး၏ ခေါင်းကို ဆွဲယူ၍ ရင်ခွင်တွင် အပ်ထားတတ်သည်။ သူ့ မျက်လုံးတွင်လည်း မျက်ရည်တွေနှင့်။ အသက်ကြီးသူတို့၏ ဆားငန်ဓာတ် ကင်းသော မျက်ရည်များသည် ပါးရေတွေ တွန့်နေသော အဘိုးအို၏ မျက်နှာပေါ်သို့ လိမ့်ဆင်းလာတတ်ကြသည်။

သူ့ထံသို့ ဆရာဝန်များ မကြာခဏ လာကြည့်ကြပါ၏။ သို့ရာတွင် သူတို့လည်း သူ့ကို ဝမ်းသာအောင် လုပ်ပေးရုံမှအပ အခြား ဘာမျှ မတတ်နိုင်ပြီ။

'ဇရာဒုဗ္ဗလ ဆိုတာ ကုလို့ ရတဲ့ ရောဂါမျိုးမှ မဟုတ်တာဗျာ၊ ခင်ဗျားတို့လည်း အသိ၊ ကျုပ်လည်း အသိပဲ' ဟု အဖေက ပြောလေ့ ရှိသည်။

သူ့သား ဖြစ်သူ ဆာဂျီလည်း လာ၍ ကြည့်တတ်၏။ သို့ရာတွင် ဆာဂျီမှာ အလွန် အလုပ် များသူ ဖြစ်၍ သူ့ထံ မကြာခဏ မလာနိုင်။

တစ်ညနေ မိုးချုပ်တွင်မူ ဆာဂျီသည် လက်ဆွဲအိတ်ကို ချိုင်းကြားတွင် ညှပ်၍ ပျာယီးပျာယာ ရောက်လာ၏။ ဆာဂျီသည် သူ့ ကုတ်အင်္ကျီကို


mgyoe.com

mgyoe.com SAMPLE BOOK

မချွတ်သော်လည်း ဦးထုပ်ကို ချွတ်ကာ သူ၏ သန်မာသော လက်များဖြင့် သက္ကလတ် ဦးထုပ် ကလေးကို ခြေမွလျက် ရှိ၏။

သူ ပြန်ခါနီးတွင် အဖေက ပြက်လုံး မဟုတ်သော စကား တစ်ခွန်းကို ပြက်လုံး လုပ်၍ ပြောသည်။

'ငါ သေချင်း သေရင် ဆောင်းတွင်းကြီးမှာ မသေချင်ဘူးကွာ၊ သေခါနီး မှာ လောကကြီးကို သာသာယာယာ လှလှပပနှင့် သေသွားရအောင် နွေဦး ရောက်မှ သေချင်တယ်'

'ဟုတ်တာပေါ့ အဖေရ၊ အဲဒီတော့ အဖေ နေကောင်းရင် ကျွန်တော်တို့ နှစ်ယောက် တောဘဲပစ် ထွက်ရဦးမယ်'

ဆာဂျီ၏ စကားသည် စိတ်ထဲက မပါဘဲ အလိုက်အထိုက် ပြန်ပြောသော စကားများ ဖြစ်ကြောင်းကို အဖေ သိ၏။

အဘိုးအို နီကိုလေသည် ဆောင်းကို မုန်း၏။ ဆောင်းသည် ကျန်းမာ သန်စွမ်းသူတို့ အတွက်သာ ကောင်း၏။ ဆောင်းရောက်လျှင် ပြတင်းပေါက်တွေ ကိုလည်း ဖွင့်ထား၍ မရ။ ထိုဆောင်းတွင်းကြီးသည် ဆုံးနိုင်ဖွယ် မမြင်တော့။ ဆောင်းတွင်း ရောက်လျှင် ဇရာကြောင့် ခွန်အား ဆုတ်ယုတ်သည် မဟုတ်ဘဲ ဆောင်းရာသီက သူ့တွင် ရှိသမျှ ခွန်အားကို လုယက် ယူငင်သွားသည်ဟုပင် စိတ်ထဲတွင် အောက်မေ့မိသေးသည်။ ထိုအခါမျိုးတွင် ငယ်ငယ်က အကြောင်း တွေကို ပြန်တွေးရုံမှအပ တခြား ဘာမျှ မတတ်နိုင်တော့ပြီ။

သို့ရာတွင် ငယ်ငယ်က အကြောင်းတွေကို ပြန်ပြောင်း တွေးနေရုံဖြင့် မပြီးသေး။ ထိုမျှဖြင့် သူ မကျေနပ်နိုင်သေး။ အဘိုးအိုသည် နွေဦးကိုသာ မြင် ချင်သေးသည်။

သို့ဖြင့် နွေဦးသို့ ရောက်လာသည်။ အဘိုးအိုသည် မိမိ အခန်း ပြတင်း ပေါက်နားတွင် ပေါက်နေသော ထင်းရှူးပင်ကြီးကို ငေးကြည့်နေသည်။ နေသာ သော မတ်လ တစ်ရက်တွင်မူ ဖြူဖွေး၍ ကြည့်ကောင်းသော ထင်းရှူးကိုင်းကြီး သည် အပင်မှ ကျိုးကျလေသည်။ အမှန် ပြောရလျှင်မူ ကြည့်၍ ကောင်းသော ထင်းရှူးကိုင်းကြီး မဟုတ်ပါ။ ခြစားထားသဖြင့် ခြောက်သယောင်းနေသော ကိုင်းခြောက်ကြီးသာ ဖြစ်ပါသည်။

အဖေသည် သမီး ဖြစ်သူ လိုင်ဒီယာကို ခေါ်ကာ သူ့ကို ကုလားထိုင်ပေါ် သို့ တွဲ၍ အပို့ခိုင်း၏။ ထိုအချိန်၌ကား အဖေသည် ပြတင်းပေါက် အနီးက ကုလားထိုင်တွင် အတော်ကြာကြာ ထိုင်နိုင်နေလေပြီ။



mgyoe.com

mgyoe.com
SAMPLE BOOK

အပြင်ဘက်တွင်မူ ဆောင်းသည် ခံတပ် တစ်ခုပြီး တစ်ခု စွန့်လွှတ်နေရ၏။ ပထမ သစ်ဖြူတောထဲတွင် ရှိနေသည့် လူသွားလမ်း ဖြူဖြူကလေးသည် မည်းနက်စ ပြုလာ၏။ ရေခဲတုံးကလေးများ အရည်ပျော်သည့် အတွက် ရေအိုင်ဝါကြန့်ကြန့်ကလေးများကို မြင်ရစ ပြုလာ၏။ ထို့နောက်တွင်မူ နှင်းပွင့်တွေ ကျခါစက ရှုခင်းမျိုး ဖြစ်လာလေသည်။

တောအုပ်ထဲတွင် ပုရစ်နုကလေးများ ဝေစ ပြုလာသည့် အခါတွင် လိုင်ဒီယာသည် ပြတင်းကို အပြည့် ဖွင့်လိုက်ကာ 'ကြည့်စမ်း အဖေ၊ သိပ်သာယာတာပဲ' ဟု လှမ်းပြောသည်။

သို့ရာတွင် အဘိုးအိုသည် နွေဦးပေါက်တွင် တွေ့ရသည့် ပျော်ရွှင် ချမ်းမြေ့မှုကို သတိ မထားမိ။ ဟုတ်သည်။ သူ မျှော်လင့်ထားသည့် အတိုင်း နွေဦးပေါက်သို့ ရောက်လာခဲ့ပြီ။ သို့ရာတွင် သူ လိုချင်သည်မှာ နွေဦးပေါက် ရာသီ မဟုတ်။ သူ လိုချင်သော အရာမှာ အသက် ရှင်လိုခြင်းသာ ဖြစ်သည်။

မကြာမီ နွေဦးပေါက် ရာသီ ကုန်ဆုံးတော့မည်။ ပန်းပွင့်တို့လည်း ညှိုးနွမ်းကြတော့မည်။ သို့ရာတွင် လူ့ဘဝကြီးကား သွားမြဲ။ လူ့ဘဝ ဆိုသည်မှာ အမြဲတမ်း ကောင်းနေသည်။ အပွင့်တွေ ဝေနေသည့် သစ်သီး ခြံထဲမှာပဲ ဖြစ်ဖြစ်၊ နှင်းတို့ ဖုံးနေသည့် တောလမ်းပေါ်မှာ ဖြစ်ဖြစ်၊ ပြတင်းပေါက် အနီးကုလားထိုင်မှာပဲ ဖြစ်ဖြစ် ဘဝ ဟူသည် အမွန်အကောင်းချည်းသာ။

ညနေတိုင်း ဆိုလျှင် တောအုပ်ထဲက သစ်ချဖြူပင်အိုကြီး အနီးတွင် ရပ်နေသည့် ကောင်လေးနှင့် ကောင်မလေး စုံတွဲကို အမြဲ မြင်ရတတ်သည်။ ချစ်သူများ ဖြစ်လိမ့်မည် ထင်သည်။

အဘိုးအိုသည် ချစ်သူ နှစ်ယောက် ချိန်းတွေ့ကြသည်ကို ကြည့်ချင် မြင်ချင်သည်။ သူတို့ နှစ်ယောက်၏ ရပ်ပုံသည် သူ့ဘဝ၏ အစိတ်အပိုင်း ဖြစ်နေ၏။ သူ့စိတ်သည် သူတို့ နှစ်ယောက်ဆီသို့ ရောက်နေတတ်၏။

ညနေ ရောက်၍ ပြတင်းပေါက်နားသို့ သူ မရောက်သေးလျှင် သမီး ဖြစ်သူကို ခေါ်၍ 'သမီးရေ၊ အဖေ့ကို ပြတင်းပေါက်နားကို တွဲပို့ပေးစမ်းပါဦး၊ ဟိုကောင်လေးနှင့် ကောင်မလေး ချိန်းတွေ့တာကို မကြည့်လိုက်ရဘဲ နေဦးမယ်' ဟု ပြောတတ်၏။

ဆည်းဆာ အမှောင်က တောအုပ်ကို လွှမ်းခြုံသွားသည် အထိ အဘိုးအိုသည် ပြတင်းပေါက် အနီးတွင် ထိုင်ကာ ထိုရှုခင်းကို ငေးကြည့်နေတတ်သည်။ တစ်ခါတစ်ရံတွင် သူတို့ နှစ်ယောက်ကို အိပ်မက်ပင် မက်လိုက်မိသေးသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကောင်မလေးက ပင်စည်ကြီးကို မှီ၍ ထိုင်လျက်။ ကောင်လေးက သစ်ကိုင်းတစ်ကိုင်းကို လက်တစ်ဖက်ဖြင့် ခို၍ ရပ်ရင်း ကောင်မလေးကို ငုံ့ကြည့်လျက်။

သို့ရာတွင် များမကြာမီ ကောင်လေးနှင့် ကောင်မလေးသည် သစ်ဖြူပင်ကြီးနားသို့ ညနေတိုင်း မလာကြတော့။ တစ်ခါတစ်ရံမှသာ ပေါက်လာကြတော့သည်။ သမီးရည်းစား စိတ်ကောက်ကြပုံ ရသည်။

ငယ်ငယ်ရွယ်ရွယ် ကောင်လေးတွေ ကောင်မလေးတွေဟာ ဒီလိုပဲဟု အဘိုးအို တွေး၏။ ထို့နောက်တွင် သူတို့ နှစ်ယောက်သည် ချိန်းမတွေ့ကြတော့။ သစ်ဖြူပင်ကြီးနားသို့ တစ်ယောက် တစ်ချိန်စီ လာကြသည်။ အင်း ငယ်ငယ်ရွယ်ရွယ် ဆိုတော့ ဒီလိုပဲ နေမှာပေါ့လေ။ သူတို့ ခေါင်းပေါ်က ကြယ်ပွင့်တွေလိုပဲ၊ သူတို့ဟာလည်း ငယ်ကြသေးတယ် မဟုတ်လားဟု အဘိုးအို တွေးနေသည်။

အပူရှိန် စ၍ ပြင်းစ ပြုသည့် တစ်နေ့၌ ဇရာနှင့် ရောဂါသည် သူ့ ခုတင်အနီးသို့ ရောက်လာကာ အရိုး ငေါငေါ ဖြစ်နေသည့် လက်ကြီးဖြင့် သူ့ကို လှမ်းထိ၏။ အဘိုးအိုသည် အသက်ကိုပင် ကောင်းစွာ မရှုနိုင်တော့။

'သမီးရေ၊ ဆာရီကို ဒီကို အခေါ် လွှတ်စမ်းပါ၊ မြန်မြန် ခေါ်ပေးစမ်းပါ သမီးရယ်၊ အဖေ မနေရတော့ဘူး ထင်တယ်'

အားနည်းခြင်းကြောင့် သူ၏ အမြင် အာရုံတို့ မှောက်မှောက်မှားမှား ဖြစ်နေသည့် အတွက် သမီး၏ မျက်နှာကိုပင် သဲကွဲစွာ မမြင်ရတော့။

အဝေးမှ မိုးချုန်းသံများကို ကြားရသည်။ ပြတင်းပေါက် အပြင်တွင် သဘာဝ ဓာတ်ကြီးများသည် ကခုန်ကြ၏။ မြူးထူးကြ၏။ သောင်းကျန်းကြ၏။ လေပြင်း တိုက်လိုက်သဖြင့် မိုးစက် မိုးပေါက်များသည် ပြတင်းပေါက်ကို လာ၍ ပက်နေကြ၏။ သစ်ပင်များသည် မြည်တမ်းကြ၏။ ငိုရှိုက်ကြ၏။

အဘိုးအို၏ ခေါင်းသည် တစစ်စစ် ကိုက်ခဲလျက် ရှိ၏။ သို့ရာတွင် အသက်ရှူ၍ကား ချောင်ချိသွားသည်။

မုန်တိုင်း ငြိမ်သွားသော အခါတွင် အဘိုးအိုသည် ပို၍ နေထိုင် ကောင်းလာသည်ဟု ထင်ရ၏။

အဘိုးအိုသည် အိပ်ရာပေါ်တွင် ရတ်ခနဲ ထထိုင်ကာ 'သမီးရေ၊ အဖေ့ကို ပြတင်းပေါက်ကို တွဲပို့ပေးစမ်း' ဟု ဆိုသည်။ သူ့ အသံက ရွှင်လန်း မာကျောလျက်။ လိုင်ဒီယာက အလန့်တကြားဖြင့် ပြတင်းပေါက်သို့ မသွားရန် ပြောသည်။


mgyoe.com

mgyoe.com SAMPLE BOOK

'သမီးရယ်၊ ပြတင်းပေါက်ကို ဖွင့်ပေးစမ်းပါ၊ ငါ ကောင်းကောင်း နေထိုင်ကောင်းသွားပါပြီ၊ အားရှိသွားပါပြီ'

အဘိုးအိုသည် ပြတင်းပေါက်တွင် ထိုင်ကာ ပီတိ ဖြစ်နေသည်။ သူ့မျက်နှာက ပြုံးလျက်။ ရည်းစားနှင့် ပြန်၍ သင့်မြတ်သွားသော အသက် နှစ်ဆယ်ရွယ် လူငယ်ကလေး တစ်ယောက်နှယ်။

မှန်တိုင်း စဲသွားသည့် အတွက် လောက အားလုံးသည် စိမ်းလန်း စိုပြည်လျက် ရှိ၏။ နေလုံး မပျောက်သေးသည့် အတွက် သစ်ပင်များသည် နေခြည်ထဲတွင် တလက်လက် တောက်နေကြသည်။

ပင်စည် အောက်ဆုံးရှိ သစ်ကိုင်းများမှ သစ်ရွက်များမှာ ရေပေါက်တွေ ကျသဖြင့် တုန်ယင်နေကြသည်ကို အဘိုးအို သတိပြုမိ၏။

တောအုပ်ထဲရှိ သစ်ဖြူပင်ကြီးနားတွင်မူ လူငယ် တစ်ယောက် မတ်တတ်ရပ်လျက်။ အဘိုးအိုသည် ပြတင်းပေါင်ပေါ်တွင် အတင်ခိုင်းထားသည့် နာရီကို လှမ်းကြည့်လိုက်၏။ ဟုတ်သည်။ လူငယ်ကလေး ပြန်တော့မည်။ နောက်နာရီဝက်လောက် ဆိုလျှင် မိန်းမပျိုကလေး ရောက်လာတော့မည်။

ထိုစဉ် ဆာဂျီသည် လက်ဆွဲအိတ်ကို ချိုင်းကြားတွင် ညှပ်ကာ အမောတကော ဝင်လာသည်။ ဆာဂျီသည် ကုလားထိုင်နားသို့ လျှောက်လာကာ အဘိုးအိုကို ငုံ့နမ်းလိုက်ရင်း 'အဖေ နေကောင်းတယ်နော်'

'မင်းဆီကို အခေါ် လွှတ်လိုက်တာ၊ စောစောတုန်းကတော့ ငါဖြင့် တစ်ခါတည်း အသက်ထွက်'

အဘိုးအိုသည် စကားကို ဆုံးအောင် မပြောဘဲ ပြတင်းပေါက်ဘက်သို့ လှည့်ကာ သစ်ဖြူပင်ကြီးဆီသို့ အတန်ကြာ ငေးကြည့်နေသည်။ သူ့မျက်နှာကို ပြန်လှည့်လိုက်သည့် အခါတွင် မျက်လုံးမှ ရွှင်မြူးသော အရောင် တလက်လက် တောက်ပလျက် ရှိသဖြင့် ဆာဂျီပင် အံ့အားသင့်သွားသည်။

'ဒီမှာ ငါ့သား၊ ဟိုတောအုပ်ထဲက သစ်ဖြူပင်ကြီးနားမှာ ရပ်နေတဲ့ ကောင်လေးကို မြင်တယ် မဟုတ်လား၊ ကောင်လေးကို သွားပြောပေးစမ်းပါကွာ၊ နောက်နာရီဝက်လောက် စောင့်လိုက်ပါဦးလို့'

ဆာဂျီသည် နားမလည်နိုင်သော မျက်နှာဖြင့် သူ့ကို ကြည့်နေသည်။

'အဖေ တကယ် ပြောနေတာပါ၊ ဘာမှ မဖြစ်ပါဘူး၊ သွား၊ အဲဒီ ကောင်လေးကို နောက်နာရီဝက်လောက် အစောင့်ခိုင်းထားစမ်း၊ အရေးကြီးလို့ပါကွာ၊ ခဏ အစောင့်ခိုင်းစမ်းပါ'


mgyoe.com

mgyoe.com
SAMPLE BOOK

'အဖေ ဘာတွေ ပြောနေတာလဲ'

ဆာဂျီသည် စိတ်ပူစ ပြုလာ၏။

'ဟေ့ ငါ ပြောနေတာသာ လုပ်စမ်းပါ၊ ငါ ဘာမှ မဖြစ်ပါဘူး၊ ငါ သတိရှိပါတယ်၊ မြန်မြန် သွားစမ်း၊ ကောင်လေးကို နာရီဝက်လောက် အစောင့်ခိုင်းထားစမ်း'

ဆာဂျီသည် စိတ်ရှုပ်သော အမူအရာဖြင့် အပြင်သို့ ထွက်သွား၏။

ပြတင်းပေါက်က ပွင့်လျက်။ မိုးရွာပြီးစ ဖြစ်၍ သစ်ဖြူပင်မှ ရွက်စိမ်းနံ့သည် အခန်းထဲတွင် မွှေးပျံ့နေသည်။

အဘိုးအိုသည် ကုလားထိုင်ပေါ်တွင် ခပ်စောင်းစောင်း ထိုင်နေ၏။ သူ့မျက်နှာက တည်ငြိမ် အေးချမ်းလျက်။

ဆာဂျီ ပြန်ရောက်လာသည့် အခါတွင် သူ့ အဖေ အသက် မရှိတော့ပြီကို ချက်ချင်း မသိသေး။

[ဆိုဗီယက် စာရေးဆရာ **Alexander Vampilov** ၏
**The Last Request** ကို ပြန်ဆိုသည်။]



mgyoe.com

mgyoe.com SAMPLE BOOK

# ကဗျာ့ ဝိဒူ မောင်တက်တူ

ကြီးမြတ်သော အမျိုးသား ကဗျာဆရာကြီး မောင်တက်တူ ကျွန်တော်တို့ မြို့သို့ ရောက်လာသည့် အခါတွင် (အမှန်အားဖြင့် သူ့ကို မည်သူမျှ မသိကြပါ။) သူသည် စာရေးဆရာများ စုဝေးလေ့ ရှိသည့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားကာ ကဗျာဆရာတို့၏ ဘုရင်၊ ကဗျာဆရာတို့၏ ဝိဒူ သို့မဟုတ် သူ့ကို ကိုယ်စား ပြုနိုင်မည့်သူ တစ်ယောက်ကို သွား၍ ရှာ၏။

'ဘာကိစ္စ ရှိလို့ ကဗျာ့ ဝိဒူကို ရှာတာလဲ၊ ကျွန်တော်တို့မှာ ကဗျာ့ ဝိဒူ ရှိတယ် ဆိုရင်လည်း ဟုတ်တယ်၊ မရှိဘူးလို့လည်း ပြောလို့ ရတယ်' ဟု ကဗျာဆရာများက ပြောကြ၏။

ကဗျာ့ ဝိဒူ မောင်တက်တူ၏ မျက်နှာမှာ သုန်မှုန်လျက် ရှိသည်။ ထိုကိစ္စကို သာမန် ချောက်ချီးချောက်ချက် ကဗျာဆရာများနှင့် သူ မဆွေးနွေးချင်။

'ကျွန်တော် ကဗျာဆရာတွေရဲ့ ဝိဒူနှင့် တွေ့ချင်တယ်ဗျာ၊ အဲဒီ ကဗျာ့ ဝိဒူ ဆိုတဲ့ လူရဲ့ သွားကို ရိုက်ချိုးပစ်ချင်လို့'

ကဗျာဆရာ အပေါင်းတို့သည် တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်၍ ပြုံးနေကြ၏။ အမျိုးသား ကဗျာဆရာကြီး မောင်တက်တူသည် အနီးရှိ ကဗျာဆရာ တစ်ယောက်ကို ဆွဲကာ နှာနုကို ပိတ်ထိုးလိုက်၏။ ကဗျာ့ ဝိဒူကို မတွေ့သည့် အတွက် သူ့ကိုယ်စား ဒဏ်ပေးလိုက်ခြင်း ဖြစ်၏။ အထိုးခံလိုက်ရသည့် ကဗျာဆရာကြီးသည် စားပွဲ ကြားထဲသို့ ခွေခွေကလေး လဲကျသွား၏။ အမျိုးသား ကဗျာဆရာကြီးသည် သူ့ကို တစ်ခုခု ကျွေးရန် ကဗျာဆရာများကို ပြော၏။ ကဗျာဆရာ အပေါင်းတို့သည် သူ့အား ဝက်အူချောင်း၊ ဝိုင်နှင့် သူတို့ ရေးသည့် ကဗျာများဖြင့် ပြုစုကြ၏။

'ဒီနိုင်ငံမှာ ကျုပ်ဟာ အကြီးကျယ်ဆုံး ကဗျာဆရာပဲဗျ၊ ဒါကြောင့် ခင်ဗျားတို့ကို ပြုစုခွင့် ပေးတာ'



mgyoe.com

mgyoe.com
SAMPLE BOOK

ထိုမြို့ရှိ ကဗျာဆရာ အပေါင်းတို့သည် မဟာ ကဗျာဆရာကြီး အကြောင်းကို တဖွဖွ ပြောဆိုလျက် ရှိကြ၏။ ကဗျာဆရာကြီးသည် အရက် မူးကာ လမ်းသွားလမ်းလာ အမျိုးသမီးတို့၏ ရင်ကို စမ်း၏။ လူတွေ ဝိုင်း၍ အရိုက်ခံရ၏။ အတန်ကြာမျှ အချုပ်ခံလိုက်ရသေး၏။ ဘူတာရုံနားမှ ခြေတစ်ဖက်ပြတ် ပြည့်တန်ဆာမလေးနှင့် ညား၏။ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှ ငွေကိုင် အဘွားကြီး တစ်ဦးနှင့်လည်း မရှင်း မရှင်း ဖြစ်၏။ ကုန်စိမ်းဈေးသို့ ကုန်စိမ်း လာ၍ ရောင်းသော တောမှ ခပ်ဝဝ မိန်းမပျက်ကလေးများနှင့်လည်း ရှုပ်၏။ တည်းခိုရိပ်သာမှ ထမင်းချက် မိန်းမနှင့်လည်း ပလူး၏။ ပန်းခြံ အိမ်သာစောင့် ဖြစ်သည့် ခြေတစ်ဖက်ပြတ် အမျိုးသမီးကိုလည်း အလွတ် မပေး။ ဘတ်စ်ကား လက်မှတ်ရောင်းသည့် ကောင်မလေးကိုလည်း ရိသဲ့သဲ့ လုပ်၏။ ကဗျာဆရာကြီးသည် မိန်းမ ဆိုလျှင် မည်သူ့ကိုမျှ ချမ်းသာပေးလေ့ မရှိ။ မိန်းမ မြင်လျှင် အငမ်းမရ ဖြစ်၏။ အသေရရ အရှင်ရရ ဆိုသည့် အစားထဲက ဖြစ်၏။ ကဗျာဆရာကြီးသည် ရှိခြင်းနှင့် မရှိခြင်း၊ ဖြစ်ခြင်းနှင့် ပျက်ခြင်း၊ မွေးဖွားခြင်းနှင့် သေခြင်း အကြောင်းတို့ကို ကဗျာ ရေး၏။

သူ့ ကဗျာများကို သူ ခေါ်၍ အိပ်လေ့ ရှိသော အရောင်းစာရေးမကလေးများကလည်း နားမလည်။ သူ့ကို ဆရာကြီး တစ်ဆူ သဖွယ် ကျေးမွေး ပြုစုနေကြသော ကဗျာဆရာများကလည်း အဓိပ္ပာယ် မပြန်တတ်။ ထိုကဗျာများသည် မဂ္ဂဇင်းတိုင်းတွင် ပါ၏။ ကဗျာဆရာ့ ဝိဒူ မောင်တက်တူသည် စစ်ပြီးစကာလတွင် အကြီးကျယ်ဆုံးသော ကဗျာ့ အမျိုးသား ကဗျာဆရာ ဖြစ်၏။ ထို့နောက်မှ စ၍ သူ၏ စွမ်းဆောင်ချက်ကြီးတွေ တစ်ခုပြီး တစ်ခု ပေါ်ပေါက်လာခဲ့သည်။

ကဗျာ့ ဝိဒူ မောင်တက်တူသည် အရက်ဆိုင်တကာသို့ ရောက်၏။ လူလေလူလွင့်များနှင့် ပေါင်းဖော်၏။ မူးလျှင် အိမ်နိမ့်နိမ့်ကလေးများပေါ်မှ ကျွမ်းထိုးချ၏။ ဆိပ်ကမ်းတွင် အရက်မူးသမားများ ဝိုင်းရိုက်သည်ကို ခံခဲ့ရဖူး၏။ ရဲ၏ အရိုက်ကိုလည်း ခံခဲ့ရဖူး၏။ စားပွဲထိုး ကောင်မလေးများ၏ ယောကျ်ားများက ရိုက်နှက်သည်ကိုလည်း ခံခဲ့ရဖူး၏။ နောက်ဆုံးတွင် ထူးထူးခြားခြား နာမည် ကြီးသည်ကို မနာလိုသည့် ကဗျာဆရာ အချို့၏ ဝိုင်းရိုက်ခြင်းကိုလည်း ခံရ၏။

သူ့ ကဗျာများသည် ရှုပ်ထွေး၏။ နားလည်ရ ခက်၏။ ခေတ်ဆန်အောင် တမင် လုပ်ထား၏။ သူ့ ကဗျာများသည် အချစ်၊ တော်လှန်ရေးနှင့် ဘဝကို


mgyoe.com

mgyoe.com SAMPLE BOOK

သရုပ်ဖော်၏။ သို့ဖြင့် ကဗျာ ဝိဒူ မောင်တက်တူသည် တဖြည်းဖြည်း ပေါ်ပြူလာ ဖြစ်လာကာ သူ့ ကဗျာများသည် ကျောင်းသုံး စာအုပ်များထဲတွင် ပါလာရာ ကလေးများသည် ချွေးသီးချွေးပေါက်တွေ ကျအောင် ကြောက်လန့်တကြားနှင့် သူ့ ကဗျာများကို ကျက်မှတ်ကြရရှာ၏။ တစ်ခါတစ်ရံတွင်လည်း ကဗျာ ဝိဒူ မောင်တက်တူသည် ဆဗားမြစ် တံတား အောက်တွင် ဂျစ်ပစီမကလေးများနှင့် အိပ်စက်လေ့ ရှိသော ဟူသတတ်။

စစ်အတွင်း ဖက်ဆစ်တို့ အောက်တွင် ကာလ ကြာမြင့်စွာ တိတ်ဆိတ်နေခဲ့ရရာမှ ပထမဆုံး ပေါ်ထွက်လာသည့် အမျိုးသား ကဗျာဆရာကြီး အဖြစ်သို့ ရောက်ရှိလာသော ကဗျာ ဝိဒူ မောင်တက်တူသည် နိုင်ငံတော်ကြီး၏ လုပသာယာပုံကို သူကိုယ်တိုင် ရေးဖွဲ့ကာ ကဗျာရွတ်ပွဲကြီးတွင် အရက်မူးသံကြီးဖြင့် သီဆို ရွတ်ပြ၏။ နိုင်ငံတော်က မိမိ၏ သားရတနာကြီးကို ဂုဏ်ပြု ချီးကျူး၏။ ကဗျာ ဝိဒူ မောင်တက်တူသည် နေပူလွန်းသဖြင့် ခြေအိတ် မဝတ်ဘဲ ဖိနပ် စီး၏။ သူ့ ကဗျာများမှာ တက်ကြွ၏။ အသံ သာ၏။ ကြောက်ဖွယ်ကောင်း၏။

သွား မရှိသည့် ဘတ်စ်ကား လက်မှတ် ရောင်းသည့် ကောင်မလေး၊ ငွေကိုင်စာရေး အဘွားကြီးနှင့် ရင်ပြားချပ်ချပ်နှင့် စားပွဲထိုး ကောင်မလေးများသည် သူ၏ အရက်မူးသံကြီးဖြင့် ရွတ်သော အံ့ချီးဖွယ် ကဗျာရွတ်ပွဲကို လာရောက်ကာ မျက်လုံးကို မှိတ်၍ နားထောင်ကြကုန်၏။ သို့ရာတွင် တစ်လုံးမျှ နားမလည်ကြပေ။

ကြီးကျယ်သော အမျိုးသား ကဗျာဆရာကြီး ကဗျာ ဝိဒူ မောင်တက်တူသည် ပန်းခြံ အိမ်သာစောင့် အမျိုးသမီးအား ဂုဏ်ပြုသည့် အနေဖြင့် နေ့ခင်းကြောင်တောင်၌ နိုင်ငံတော် ပန်းခြံတွင် လေးဖက်တွား၏။ သတ်မှတ်ထားသည့် စည်းကမ်းကို ဖောက်ဖျက်ကာ 'အမျိုးသမီး' ဟု ရေးထားသည့် ဖီနိုင်စော်နံလှသော အခန်းတွင်းရှိ အိမ်သာ လှည်းသော တံမြက်စည်းပုံထဲတွင် လေးဖက်ထောက်ကာ အနာဂတ် အတွက် ကဗျာ လေးပုဒ် စပ်၏။ (ထိုကဗျာများမှာ ထိုအမျိုးအစားထဲတွင် အကောင်းဆုံး ဖြစ်၏။) ကျောင်းသူကလေးများ၊ မိန်းမပျက်များ၊ အမျိုးကောင်း သားသမီးများသည် သူ၏ ကဗျာများကို လွန်စွာ မြတ်နိုးကြသော ဟူ၏။ (လူကိုကား အနည်းငယ်မှ မြတ်နိုးခြင်း မရှိလေ။)

ပန်းခြံတွင်းမှ စာပေ ဆည်းဆာ ပွဲတော်များ၊ တက္ကသိုလ် ဟောပြောပွဲခန်းမများနှင့် ရုပ်တုကြီးများ ရှေ့ရှိ စင်မြင့်များတွင် သူ ကဗျာ ရွတ်သည့်


mgyoe.com

mgyoe.com SAMPLE BOOK

အခါ၌ ထိုမျှ ကောင်းသော၊ ထိုမျှ အံ့ချီးကုန်နိုင်ဖွယ် မရှိသော ကဗျာများကို ထိုမျှ လိုက်လှဲအောင်၊ ထိုမျှ ခံစားချက် ပါအောင် မည်သို့ ရေးသနည်းဟု ကောင်မလေးတွေက အသံကလေးတွေ တုန်တုန် တုန်တုန်ဖြင့် မရဲတရဲ မေး မြန်းကြ၏။

ထိုအခါ၌ ကဗျာ့ ဝိဒူ မောင်တက်တူသည် ထူထဲသော မျက်မှန်ကိုင်းထဲမှ ပြုံးကာ ကြွက်သွားနှင့် တူသော သူ့ သွားကလေးတွေကို ဖြီးပြရင်း ထိုသို့ စပ် ဆိုနိုင်ခြင်းမှာ အခြားသူများကို ဒေါသ ထွက်အောင်၊ မခံချင်အောင် လုပ်ချင် သော ခံစားချက် ဖြစ်သည်ဟု ဖြေ၏။ ထိုသောအခါ၌ ကုမ္မာရီ အပျိုချောကလေး များသည် ရိုးသား ပွင့်လင်းလှသော ကဗျာ့ ဝိဒူ မောင်တက်တူ၏ အဖြေကို အံ့ချီးမကုန် ဖြစ်ကြကုန်၏။ ထို့နောက်တွင်မူ ကဗျာ့ ဝိဒူ မောင်တက်တူသည် သူနှင့် လောလောဆယ် ညားနေသည့် ကောင်မလေး တစ်ယောက်၏ အကြောင်း ကို ဖွဲ့ထားသည့် လျှမ်းလျှမ်းတောက် ကဗျာ ခြောက်ပုဒ်ကို ဖတ်ပြ၏။

နယ်ခံ ကဗျာဆရာများသည် စိတ်ပျက်ခြင်း၊ မနာလိုခြင်းတို့ကြောင့် ကဗျာ့ ဝိဒူ မောင်တက်တူကို ကျွေးမွေး ပြုစုခြင်း မရှိကြတော့ပြီ။ သူ ရရှိသည့် ကဗျာ စာမူခကလေးများမှာလည်း ကဗျာ့ ဝိဒူ မောင်တက်တူ အတွက် အရက် ဖိုးပင် မရှင်းလောက်တော့။ ထိုအခါ၌ အမျိုးသား ကဗျာဆရာကြီးသည် မိမိ၏ ဂုဏ်သိက္ခာကိုပင် မငဲ့ကွက်နိုင်တော့ဘဲ အသီးသီးသော အမျိုးသား အဖွဲ့အစည်း များသို့ သွား၍ တံခါး ခေါက်ကာ စားစရာ သောက်စရာတို့ကို တောင်းရမ်း ရ၏။ ထိုအဖွဲ့အစည်းများကလည်း အစားကြီးလှသော ကဗျာ့ ဝိဒူ မောင်တက်တူ ကို သူတို့၏ ခန်းမများသို့ ဖိတ်ခေါ်ပြီး အလျှံပယ် ကျွေးမွေး ပြုစုကြ၏။ နိုင်ငံ တော်၏ မိတ်ဆွေ နိုင်ငံများမှ လာရောက် လည်ပတ်ကြသော နိုင်ငံခြား စာပေ ခေါင်းဆောင်များနှင့် မိတ်ဆက်ပေးကြ၏။ ကဗျာ့ ဝိဒူ မောင်တက်တူသည် သူတို့ ကျွေးမွေးသော အစားအသောက် အဆီ အဆိမ့်များကို အဝအပြဲ မျိုဆို့ ပြီးသကာလ အိမ်ရှင် ဖြစ်သူ၏ မိခင်ကို ပြင်သစ် ဘာသာဖြင့် ဆဲရေး တိုင်း ထွာခြင်း ပြုသည်။ ထို့နောက် မတ်တတ် ရပ်ကာ သူ ဘာသာ ပြန်ထားသော ပြင်သစ် ကဗျာဆရာ ဗာလေရီ ကဗျာကို ရွတ်ပြ၏။ ကောင်းလှပါ၏။

ညအချိန်သို့ ရောက်လတ်သော် ကဗျာ့ ဝိဒူ မောင်တက်တူသည် မူးမူးဖြင့် ပြတင်းပေါက် အနီးသို့ ထလာကာ လောကကြီးကို သိမ်းကျုံး ဆဲရေး တိုင်း ထွာ၏။ ပြင်သစ်တို့ကို လည်းကောင်း၊ တွေ့သမျှ မြင်သမျှ အရာတို့ကို လည်း ကောင်း ဆဲရေး တိုင်းထွာခြင်း ပြု၏။


mgyoe.com

mgyoe.com SAMPLE BOOK

မိမိတို့ ညီနောင်၏ ကျော်စောမှုကို သတင်းစာများမှ တစ်ဆင့် သိရသည့် အခါတွင် ကဗျာ့ ဝိဒူ မောင်တက်တူတို့၏ ဆွေမျိုးသားချင်းတို့သည် တောမှ စုဝေး ရောက်ရှိလာကြကုန်၏။ ထိုအထဲတွင် တင်းပုတ် ကိုင်ထားသော ညီများ ပါ၏။ ယောက်ဖများလည်း ပါ၏။ နောက်ဆုံးတွင် ကဗျာ့ ဝိဒူ မောင်တက်တူ ၏ ဖခင် ကိုယ်တိုင်လည်း လိုက်လာ၏။

သူတို့သည် ယခင်က ကဗျာ့ ဝိဒူ မောင်တက်တူကို မေ့လျော့ စွန့်ပစ် ထားကြသော်လည်း ယခု မိမိတို့ တူသား ညီနောင်သည် ကဗျာဆရာတို့၏ အခေါင်အထွတ် ဖြစ်ပြီ၊ မဟာ ကဗျာ စာဆိုကြီး ဖြစ်ပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ရှိကြကုန်၏။ သူ့ ညီနောင်များသည် အယ်ဒီတာများထံသို့ သွားကာ ကဗျာပုဒ်တိုင်း အတွက် စာမူခ တိုးပေးရမည်ဟု တောင်းဆိုကြ၏။ ဖခင်က လည်း သူကိုယ်တိုင် လုပ်ထားသည့် တုတ်ကောက်ကြီးဖြင့် ပုံနှိပ် ထုတ်ဝေသူ တို့ကို ခြိမ်းခြောက်၏။

ကဗျာ့ ဝိဒူ မောင်တက်တူ၏ ကဗျာ စာအုပ်များသည် အချိန်တန်သည့် အခါတွင် လှပ သေသပ်စွာ ထွက်ပေါ်လာကြ၏။ မျက်လုံးတွေ နီရဲလျက် ရှိသော ကဗျာ့ ဝိဒူ မောင်တက်တူ၏ ညီနောင်များသည် စတိုးဆိုင်များသို့ သွား ကာ သူ့အတွက် အကောင်းဆုံး ခြေအိတ်တို့ကို ရွေးဝယ်ပေးကြ၏။ ယောက်ဖ များသည် ခါးကုန်းကုန်း မိန်းမပျက်၊ မျက်စိ တစ်ဖက်လပ် ဓာတ်ရထားမောင်း သမ စသည့် ကဗျာ့ ဝိဒူ မောင်တက်တူ၏ အပျော်မယားတို့ကို ခြိမ်းခြောက် မောင်းထုတ်ကြ၏။

ထိုအခါ၌ ဘဝသည် သူ့အဖို့ ငြီးငွေ့ဖွယ် ကောင်းလှရကား ဆက်လက် နေထိုင်ခြင်း မပြုလိုတော့သည့် အတွက် ကဗျာ့ ဝိဒူ မောင်တက်တူသည် တောင် အရပ်သို့ ခရီး ထွက်လာခဲ့လေ၏။ ကဗျာ့ ဝိဒူ မောင်တက်တူသည် ပေတစ်ရာ လမ်းမကြီးများ အတိုင်း လျှောက်သွားကာ ကြမ်းတမ်းသော မြက်တို့ကို စား ၏။ နေကြာစေ့တို့ကို ဝါး၏။ ကောင်းကင်တွင် တွဲလွဲ ချိတ်ဆွဲနေသော တိမ် တိုက်တို့ကို ကြည့်၏။

ထိုသို့ သွား၍ သုံးရက်မြောက်သည့် အခါတွင် ကဗျာ့ ဝိဒူ မောင်တက်တူ သည် ဆုဗိုတီကာ အနီးရှိ နယ်စပ်သို့ ရောက်သတည်း။

'မိတ်ဆွေ ဘယ်သွားမလို့လဲ' ဟု နယ်ခြားစောင့်တို့က မေးကြ၏။

'ကျုပ် ဘူဒါပက် မြို့ကို သွားမလို့ဗျ၊ ကျုပ်က ကဗျာဆရာ၊ ကဗျာဆရာ မှ ကျုပ်လောက် တော်တဲ့ ကဗျာဆရာ တစ်ယောက်မှ မရှိဘူး၊ ကျုပ် ဘူဒါပက်


mgyoe.com

mgyoe.com SAMPLE BOOK

မြို့နား ရောက်တော့ ဒင်းညု မြစ်ကြီး ဘယ်လို နေသလဲ ဆိုတာကို ကြည့်မလို့ သွားတာ၊ ဒင်းညုမြစ် အကြောင်းကို ကဗျာ တစ်ပုဒ် ရေးမလို့'

ထိုအခါတွင် နယ်စပ် အရာရှိတို့သည် ဝမ်းနည်းကြောင်း ပြောဆိုကာ နိုင်ငံကူး လက်မှတ် မရှိဘဲ ဘူဒါပက်သို့ သွား၍ မရကြောင်း၊ ထို့မှုမက ပြည်ပ မည်သည့် နေရာသို့မဆို သွား၍ မရကြောင်းဖြင့် ရှင်းပြကြ၏။

ကဗျာ့ ဝိဒူ မောင်တက်တူသည် သူတို့ကို ယဉ်ကျေးစွာ ကြည့်ကာ ဘူဒါပက်သို့ လည်းကောင်း၊ အခြား တိုင်းပြည်များသို့ လည်းကောင်း နိုင်ငံကူး လက်မှတ် မပါဘဲ မည်သည့် အခါ သွားလာနိုင်မည်နည်းဟု မေးမြန်း၏။ မည်သည့် အချိန်တွင် သွားနိုင်မည်ကို မိမိတို့ မသိကြောင်း၊ သို့ရာတွင် လောလောဆယ်တွင် သွား၍ မရကြောင်းဖြင့် သူတို့က ဖြေကြ၏။ သို့ဖြင့် ကဗျာ့ ဝိဒူ မောင်တက်တူသည် မြက်ကို စားရင်း၊ လေချွန်ရင်း အနည်းငယ် ပင်ပန်းသည့်တိုင် ပျော်ပျော်ရွှင်ရွှင်ဖြင့် နိုင်ငံတော် နယ်စပ်မှ ပြန်လှည့်လာခဲ့၏။

အပြန်လမ်းခရီး၌ စက်ရုံများတွင် လည်းကောင်း၊ ဘောလုံးကွင်းများတွင် .လည်းကောင်း ကဗျာ့ ဝိဒူ မောင်တက်တူသည် ကဗျာရွတ်ပွဲများ၊ ဟောပြောပွဲများကို ကျင်းပခဲ့ရာ လူထု ပရိသတ်များသည် လာရောက် စုဝေးကြကာ လေးနက် တည်ကြည်စွာဖြင့် မတ်တတ် ရပ်၍ နားထောင်ကြလေ၏။

မြို့စွန်ရှိ သူ့ အိမ်ကလေးတွင် ကျန်ရစ်ခဲ့ကြသည့် သူ့ ဆွေမျိုးသားချင်းတို့မှာ ကဗျာ့ ဝိဒူ မောင်တက်တူ၏ ကဗျာ စာမူများကို ရွေးချယ် ရှင်းလင်းခြင်း၊ ဖက်ရှင် မဂ္ဂဇင်းများတွင် ပါသည် ကဗျာ့ ဝိဒူ မောင်တက်တူ၏ ရုပ်ပုံများကို ဖြတ်၍ နံရံတွင် ကပ်ခြင်း၊ အိမ်ဘေးရှိ ပေါင်းမြက်တို့ကို ရှင်းလင်းခြင်းဖြင့် အလုပ်များလျက် ရှိကြကုန်၏။ သူ့ ဆွေမျိုးများသည် ရေဒီယိုကလေး တစ်လုံးကိုလည်း ဝယ်လိုက်ကြ၏။ ကဗျာ့ ဝိဒူ မောင်တက်တူသည် သူ့အပေါ်တွင် ဉာတကာနုဋ္ဌ သင်္ဂဟော ဟူသော တရားနှင့် အညီ ကျင့်ကြံကြသော ဆွေမျိုးများထံမှ ထွက်ပြေးကာ လူ၏ သွေး၊ နံရိုး၊ ကြွက်သားနှင့် အခြားသော ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများ အကြောင်း၊ ဆန်းကြယ်သော စိတ်ကူးစိတ်သန်းများ အကြောင်း၊ စစ်အကြောင်း၊ လူ့ဘဝ အကြောင်းနှင့် တကွ ကြီးကျယ်သော တက္ကဗေဒ ဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်းသော လျှမ်းလျှမ်းတောက် ကဗျာကြီးများကို ရေးသား၏။

မိန်းကလေး အကြောင်း ဆို၍ ဘုန်းတော်ကြီး တစ်ပါး၏ တူမ ဖြစ်သော အထက်တန်း ကျောင်းသူလေး တစ်ယောက် အကြောင်းလောက်ကိုသာ ဖွဲ့ဆို


mgyoe.com

mgyoe.com SAMPLE BOOK

ခြင်း ဖြစ်၏။ ကဗျာ့ ဝိဒူ မောင်တက်တူသည် ထိုကျောင်းသူကလေး၏ လှပသော လက်သည်းကလေးများကို သဘောကျ၏။ ဘုန်းကြီး၏ တူမကို ပိုးရခြင်း ဖြစ်သည့် အတွက် ကဗျာ့ ဝိဒူ မောင်တက်တူသည် သန့်ရှင်း စင်ကြယ်ကြောင်း ပြသည့် အနေဖြင့် အဖြူထက် ပို၍ ဖြူသော ရှပ်အင်္ကျီများကို ခြောက်ရက်လုံးလုံး ဝတ်ဆင်၏။ အရက်ကို မသောက်ဘဲ ဘိလပ်ရည်ကို ခြောက်ရက်လုံးလုံး သောက်သုံး၏။ ကဗျာ့ ဝိဒူ မောင်တက်တူသည် ကဗျာ လင်္ကာ အကြောင်းကို ဆွေးနွေးရာတွင် သာယာ ညင်းပျောင်းစွာ ဆွေးနွေး၏။ ရှေး ဂန္ထဝင် တေးသီချင်းကြီးများကို နားထောင်၏။ သို့ဖြင့် သူသည် ယဉ်ကျေး သိမ်မွေ့သော ကမ္ဘာ လောကကြီး တစ်ခု၌ နေထိုင်ခြင်း ပြု၏။ ထိုမိန်းမငယ်သည် သူ၏ ဖြိုးဖြိုးရွှေရင်ဖြင့် လည်းကောင်း၊ မျက်လုံး ရီရီဖြင့် လည်းကောင်း၊ လက်မောင်း သွယ်သွယ်ဖြင့် လည်းကောင်း သူ့ကို ဖမ်းစား အိပ်ငိုက်စေ၏။

သို့ရာတွင် ခုနစ်ရက်မြောက် နေ့တွင်မူ ကဗျာ့ ဝိဒူ မောင်တက်တူသည် သမ္မာ ကျမ်းစာလာ နောက်ဆုံးရက်မှာကဲ့သို့ စက်ဆုပ် ရွံရှာစဖွယ် မူးယစ်၏။ ကြက်သွန်တို့ကို စား၏။ မိမိကို နွေးထွေးစေသော ခြေစွပ်တို့ကို ချွတ်ပစ်၏။

ဘုန်းကြီး တူမ ကျောင်းသူလေးက အကျိုးအကြောင်းကို မေးသည့် အခါတွင် ကဗျာ့ ဝိဒူ မောင်တက်တူက မိမိသည် ဤသို့သော လှသည့် နူးညံ့သည့် ဘဝမျိုးတွင် မပျော်ပိုက်ကြောင်း၊ ငရဲ ကျသည်နှင့် တူကြောင်းဖြင့် အရက် မူးနေသူတို့၏ ချိုသာ နူးညံ့သံဖြင့် ပြော၏။

လမ်းမပေါ်သို့ ပြန်လည် ရောက်ရှိလာသည့် အခါတွင် ကြီးကျယ်သော အမျိုးသား ကဗျာဆရာကြီး မောင်တက်တူသည် အကြောင်းရှာ၍ မရဘဲ စိတ်ညစ်လျက် ရှိ၏။ ကျောက်ခဲကဲ့သို့ မာကျောသော အထီးကျန် ဖြစ်မှုသည် သူ့ကို ရစ်ပတ်ထား၏။ သူသည် တယ်လီဖုန်းရုံ တစ်ရုံသို့ ဝင်ပြီးလျှင် (တယ်လီဖုန်းရုံသည် လူအများ နားလည်မှု ရရေး ဌာနကြီး မဟုတ်ပါလော။) နံပါတ်များကို လှည့်၏။ သို့ရာတွင် မိမိအား လေးစား၍ မိတ်ဆွေသဖွယ် ဆက်ဆံသော နံပါတ် ဆို၍ တစ်ခုမျှ မတွေ့ရသဖြင့် လူ့လောကကြီး တစ်ခုလုံးထံ တယ်လီဖုန်း ဆက်၏။

'ဗျို့ လောကကြီး၊ ခင်ဗျား ဘယ်က စကား ပြောနေတာလဲ' ဟု လှမ်းမေး၏။

သို့ရာတွင် အပြော ကျယ်လှစွာသော လူ့လောကကြီးကလည်း သူ့ကို စကားပြန် မပေးချေ။



mgyoe.com

mgyoe.com
SAMPLE BOOK

လက်ဖက်ရည်ဆိုင်ထဲတွင်မူ ဆပ်ကပ်ထဲမှ ခွေးလိမ္မာ ဆရာများ၊ ကျွမ်းသမားများ၊ လောင်းကစားသမားများ၊ ပန်းကန်ကွဲ ပြင်သူများ၊ ဒန်အိုးပေါက်ဖာသူများနှင့် နောက်ပေါက် ကဗျာဆရာလေးများ ထိုင်နေကြ၏။

အနီး ပြင်းလှသော လက်ဖက်ရည်ဆိုင် ကောင်တာများ အနီးတွင်လည်း ခေတ်သစ်ကြီး၏ သားကောင်း ရတနာတို့သည် မတ်တတ် ရပ်လျက် ရှိကြ၏။ ယင်းတို့မှာ အရက်နာကျသော စာရေးဆရာများ၊ ဝွတ်တယ်ထင် ဒူးသူများ၊ စိတ္တဇ ရောဂါသည်များ ဖြစ်ကြပြီး ကဗျာများကို ရွတ်ဆိုလျက် ရှိကြ၏။ သူတို့သည် ရာဇဝင် ဘီးကြီးကို ကဗျာ ဖွဲ့ကြ၏။ မိန်းမတို့၏ ကိုယ်ခန္ဓာ အလှကို သီကျူးကြ၏။ အရာ များစွာ အကြောင်းကို သီကုံးကြ၏။ ပေါက်စ ကဗျာဆရာလေးတို့မှာ ဘဝ အတွေ့အကြုံ မရှိကြသေးသဖြင့် သူတို့၏ နာကျင် ပေါက်ကွဲသော ကဗျာတို့ကို မည်သူ့ဘက်သို့ လှည့်ရမှန်း မသိကြကုန်။

သမိုင်း၏ စွန့်ပစ်ခြင်း ခံရသော ထိုစိတ်မနှံ့သူတို့သည် ကဗျာ့ ဝိဒူ မောင်တက်တူအား သူတို့၏ ရဲဘော်ကြီး အဖြစ် ကြိုဆို လက်ခံကြ၏။ လောကတွင် သူတစ်ယောက်တည်း မဟုတ်တော့ပြီ။ ကဗျာရွတ်ပွဲကြီးများကို တခမ်းတနား ကျင်းပနိုင်လေပြီ။ ထိုအခါ၌ ပရိသတ်တို့သည် မျက်ရည်လည်ရွဲဖြင့် သူ့ကဗျာများကို နားဆင်ကြလေ၏။

ကဗျာ့ ဝိဒူ မောင်တက်တူသည် အားတက်လာပြန်ကာ ခေတ်သစ်၏ သက်သေ ဖြစ်သော သူ့ အနုပညာ အကြောင်း ဋီကာ ဖွင့်၏။ ကဗျာ့ ဝိဒူ မောင်တက်တူသည် အားသစ်တွေ တိုးလာ၏။ သူသည် ကမ္ဘာကြီး တစ်ခုလုံးရှိ ဒဿန ပညာရှင်များ၊ ဝက်ရူးပြန် ရောဂါသည်များနှင့် ခပ်ကြောင်ကြောင် လူများ အားလုံးတို့ကို မိန့်ခွန်း ခြွေ၏။ သူ၏ ဦးနှောက်ထဲရှိ အီလက်ထရွန်ဓာတ်လှိုင်းများဖြင့် သစ်ပင်များ၏ ကြီးထွားမှုကို ထိန်းချုပ်ထားနိုင်ကြောင်းဖြင့် ပြောဆို၏။ ယာဉ်များ သွားလာရေးနှင့် ပဋိသန္ဓေ တားဆီးရေး အပါအဝင် အရေးကြီးသော အဖြစ်အပျက်များသည် သူ့ ဦးနှောက်လှိုင်းများမှ ထွက်ပေါ်လာသော အရာများ ဖြစ်ကြောင်းဖြင့် ဝါကြွား၏။

ကဗျာ့ ဝိဒူ မောင်တက်တူသည် ရင်ကို လက်ဖြင့် ဖိကာ မနက် လင်းသည်နှင့် နေမင်းကြီး အချိန်မှန် ပေါ်ထွက်လာအောင် သူ မည်မျှ ကြိုးစားရကြောင်း၊ ထိုသို့ လုပ်သည်မှာ များစွာ ပင်ပန်းလှကြောင်း ဖွင့်ဟ ဝန်ခံ၏။ မိမိသည် အမျိုးသမီး ကဗျာဆရာမများနှင့် အညံ့စား ကဗျာများကို မတောက်တခေါက် ရေးသူများ၏ တုပြိုင်မှုကို ကြောက်စရာ မလိုကြောင်းဖြင့် ပြော၏။


mgyoe.com

mgyoe.com SAMPLE BOOK

ကဗျာ့ ဝိဒူ မောင်တက်တူသည် သူ၏ ထူးခြား ခမ်းနားလှသော ကဗျာကို မည်သို့ မည်ပုံ ဖွဲ့ရကြောင်းဖြင့် အလင်္ကာ နိဿယ ဖွင့်ဆို၏။ ကဗျာ့ ဝိဒူ မောင်တက်တူ စကား ပြောသည့် အခါတွင် ကြီးမားသော ခွန်အားကြီး တစ်ခုသည် သူ့ ရင်ထဲတွင် ကိန်းဝပ်လျက် ရှိသည်။

သို့ဖြင့် ကြီးကျယ်သော စကားလုံး ပွဲတော်ကြီးကို ကျင်းပလျက် ရှိစဉ် အိမ်သာစောင့် အမျိုးသမီးသည် သုံးနှစ်ရွယ် ကလေးငယ် တစ်ယောက်ကို ခေါ်ကာ ချိုင်းထောက်ကြီးဖြင့် ရောက်လာ၏။ ကဗျာဆရာများသည် နောက် ရောက်လာသူကို အမူးသမား မျက်လုံးများဖြင့် ကြည့်ကြ၏။ ခွေးလိမ္မာဆရာ များကလည်း သူတို့ကို စော်ကားသည် ထင်ကာ နေရာမှ ထသွားကြ၏။ ဤသို့သော မင်္ဂလာ အခါတော်မျိုးတွင် ဘာကိစ္စ လာရောက်သနည်းဟု မေးမြန်း စုံစမ်းကြ၏။ ထိုအခါသည် စစ်ပြီးသည့်နောက် ပထမဆုံး အကြိမ် ကျင်းပသည့် အကြီးကျယ်ဆုံး ကဗျာ ပွဲတော်ကြီး မဟုတ်လော။

အိမ်သာစောင့် အမျိုးသမီးက သူသည် ကဗျာ့ ဝိဒူ မောင်တက်တူနှင့် အရင်းနှီးဆုံးသူ ဖြစ်ကြောင်း၊ မိမိသည် သူ့အတွက် သားတစ်ယောက် မွေးပေး ခဲ့ရာ ယခုဆိုလျှင် သုံးနှစ်သား အရွယ် ရှိပြီး လမ်းမပေါ်တွင် ကြမ်းပိုးတေလေ ကလေး ဖြစ်နေပြီ ဖြစ်ကြောင်း၊ ယခု မိမိနှင့် အတူ ခေါ်လာခဲ့ကြောင်းဖြင့် ပြောဆို၏။ ကဗျာဆရာ အပေါင်းတို့သည် ဒေါသ အမျက် ခြောင်းခြောင်း ထွက်ကြ၏။ ထိုအမျိုးသမီးကို ဆဲရေး တိုင်းထွာကြကုန်၏။ လိမ်လည်သော ပျံတန်တန် မိန်းမဟု ခေါ်ကြကုန်၏။ ကဗျာ့ ဝိဒူ မောင်တက်တူသည် သုံးနှစ် သား ကလေးငယ်ကို မှတ်မိဟန် မရှိဘဲ ကြည့်နေ၏။ လက်ဖက်ရည်ဆိုင်များ တွင် တွေ့ရတတ်သည့် ကောင်မလေး ချောချောကလေးများသည် ချစ်စရာ ကောင်းသော ကလေးငယ် အနီးသို့ ချဉ်းကပ်လိုကြ၏။ သို့ရာတွင် ထိတ်လန့် လျက် ရှိသော အိမ်သာစောင့် အမျိုးသမီးသည် သူတို့ကို ညစ်ညမ်းစွာ ဆဲဆို ကာ ချိုင်းထောက်ကြီး တယမ်းယမ်း လုပ်လျက် ရှိ၏။

သို့တပြီးကား ကဗျာ့ ဝိဒူ မောင်တက်တူသည် ထိုကလေးငယ်သည် မိမိ သား မဟုတ်ကြောင်းကို ငြင်းဆိုပြီးသော် ကြီးကျယ် ခမ်းနားသော စကားလုံး များကို ပိုင်ဆိုင်သူများ၊ ရိုးသားသော ကဗျာများကို ဖွဲ့ဆိုသူများ စသည့် ကဗျာ မတောက်တခေါက် ရေးသူ အခြွေအရံ အပေါင်း ခြံရံလျက် လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှသည် တစ်ဆိုင်သို့၊ အရက်ဆိုင် တစ်ဆိုင်မှသည် တစ်ဆိုင်သို့ မူးမူး ဖြင့် တိုင်းခန်း လှည့်လည်ခြင်း ပြု၏။ မိမိ၏ ကြီးမားသော ဦးနှောက် စွမ်းအား



mgyoe.com

mgyoe.com
SAMPLE BOOK

ဖြင့် မည်သည့် အရာများကို လုပ်နိုင်ကြောင်းကို သူတို့ ဉာဏ်အလင်း ရစေခြင်းငှာ ပြသ၏။ ထိုအရာကို လုပ်နိုင်သလော၊ ဤအရာကို လုပ်နိုင်သလောဟု မေးမြန်းကြသည့် အခါ၌ သူ မလုပ်နိုင်သော အရာ ဟူသည် လောက၌ မရှိဟု ကဗျာ့ ဝိဒူ မောင်တက်တူသည် တစ်ဖြောင့်တည်း ဖြေဆို၏။

တစ်နေရာသို့ အရောက်တွင် မြေအောက်ဂိုဏ်းတို့၏ အရှင်သခင်၊ ဘဝကို ဝေဖန် ဆန်းစစ်သူ၊ မလျော်သော အတွေးအခေါ် အပေါင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်သူ၊ ကြမ်းကြုတ်မှု ဟူသမျှကို ကိုးကွယ် ဆည်းကပ်သူသည် ထရပ်လိုက်ကာ သိမ်းပိုက်ရေး တပ်များထံမှ ခိုးယူလာခဲ့သော ခြောက်လုံးပြူးတစ်လက်ကို စုတ်ပြဲနေသော အင်္ကျီအိတ်ထဲမှ ထုတ်ယူလိုက်ပြီးနောက် ကဗျာ့ ဝိဒူ မောင်တက်တူသည် သေခါနီးတွင် မည်သည့် ဆုမျိုးကို တောင်းလိုသနည်းဟု မေး၏။

ကဗျာ့ ဝိဒူ မောင်တက်တူ၏ နီရဲနေသော မျက်လုံးများကို ကြည့်ကာ သူသည် သမိုင်း၏ နောက်ဆုံး စိန်ခေါ်မှုကို လက်ခံနိုင်ခြင်း ရှိ မရှိ ယဉ်ကျေးစွာ မေးမြန်းခြင်း ပြု၏။ ကဗျာ့ ဝိဒူ မောင်တက်တူသည် မျက်နှာ တစ်ချက်မျှပင် မပျက်ဘဲ ခြောက်လုံးပြူးကို လှမ်းယူလိုက်ပြီးနောက် ပြောင်းကို သူ့ပါးစပ်ထဲ ငုံကာ မောင်းကို ဆွဲဖြုတ်လိုက်၏။

ကဗျာဆရာများ၊ တော်လှန်ရေး ခေါင်းဆောင်များ၊ ပြိုင်ဘက် ကင်းသော ကျွန်ုပ်တို့ မြို့ကြီးနှင့် မြို့စွန် မြို့ဖျားမှ အမျိုးကောင်းသား အပေါင်းတို့သည် သုသာန်သို့ စုဝေး ရောက်ရှိလာကြ၏။

ထိုနေရာနှင့် မလှမ်းမကမ်းတွင်မူ မိုးဒဏ် နေဒဏ်ကြောင့် ပျက်စီးနေသော အုတ်ဂူကလေးများ ရှိ၏။ ထိုအုတ်ဂူကလေးများကား အမျိုးသား ကဗျာဆရာကြီးကို ကိုးကွယ် ဆည်းကပ်ခဲ့ကြသည့် ခြေကျိုးသော၊ အိုမင်းသော၊ ဆစ်ဖလစ် ရောဂါ စွဲကပ်သော အမျိုးများ၏ အုတ်ဂူများပေတည်း။

ယခု အချိန်တွင် ဘုန်းတော်ကြီး၏ စာကြည့်ခန်းထဲ၌ ဖော်မယ်လင်ဖြင့် ဆေးရည် စိမ်ထားသည့် အမှတ်တရ ပစ္စည်း အများအပြားကို တွေ့နိုင်ပေသေး၏။ ယင်းတို့ အထဲတွင် ကဗျာ့ ဝိဒူ မောင်တက်တူ အရက်ဆိုင် ရန်ပွဲ တစ်ပွဲတွင် ကျကျန်ရစ်ခဲ့သော၊ ကဗျာ့ ဝိဒူ မောင်တက်တူ ပိုင်ဆိုင်သည်ဟု အဆိုရှိသော လက်ညှိုးကလေး တစ်ချောင်းလည်း ပါရှိပေ၏။ သောကနှင့် အရက်ကြောင့် စိတ်မထိန်းနိုင် ဖြစ်နေကြသော ကဗျာဆရာများသည် ဖော်မယ်လင် စိမ်ထားသော ထိုလက်ညှိုးပြတ်ကလေးကို နှစ်တိုင်း လာရောက် ဂါရဝပြုကြ


mgyoe.com

mgyoe.com
SAMPLE BOOK

သဖြင့် ဘုန်းတော်ကြီးမှာ အလှူငွေ များစွာ ရလျက် ရှိ၏။ ထိုလက်ညှိုးကလေးမှာ ဓာတုဗေဒ၏ အလိုကို ဆန့်ကျင်ကာ ယခု အချိန်တွင် အရည်ပျော်စ ပြုလျက် ညှိုပုပ်ပုပ် အရည် အဖြစ်သို့ ပြောင်းလဲစ ပြုနေလေပြီ။ ကဗျာ ဝိဒူမောင်တက်တူကို မြှုပ်နှံ သင်္ဂြိုဟ်သည့် အခါတွင် လက် ဆယ်ချောင်းစလုံး စုံမစုံကိုမူ မည်သူမျှ မသိနိုင်ပြီ။ (အင်္ဂါ အပြည့်အစုံ ပါဖို့က များသည်ဟု ထင်ပါသည်။) ခြေလက် ပြည့်စုံကြောင်း ထောက်ခံသောအားဖြင့် ကျွန်ုပ်တို့သည် ကဗျာ ဝိဒူ မောင်တက်တူ ကွယ်လွန်သည့် နေ့က ပစ္စည်းမဲ့ စာရေးဆရာကြီး ဗီဒိုဗစ် ထည့်သွင်းသော ကြော်ငြာတိုကလေးကို ဖော်ပြလိုက်ပါကြောင်း။

ထိုကြော်ငြာတိုကလေးမှာ ထူးဆန်းသော အဖြစ်အပျက်၊ သူ့တွင် အားလုံး အပြည့်အစုံ ပါသည် ဟူသော ကြော်ငြာတိုကလေး ဖြစ်သတတ်။

[ယူဂိုစလပ် စာရေးဆရာ **Bora Cosac** ၏
**The King Of The Poets** ကို ပြန်ဆိုသည်။]

mgyoe.com

mgyoe.com SAMPLE BOOK

# နတ်ပြည်မှာ တစ်ခဏ လူ့ပြည်မှာ တစ်ဘဝ

မိုးတွေ ရွာနေဆဲ လမ်းထောင့်တွင် ရပ်ရင်း သူ ဘတ်စ်ကား စောင့်သည်။ ည ရောက်လာလေပြီ။ စတိုးဆိုင်များထဲတွင် မီးတွေ လင်းလာကြ၏။ မီးရောင်များသည် စိုစွတ်နေသော ပလက်ဖောင်းပေါ်သို့ ဖြာကျလာကာ အစင်းစင်း ထင်နေကြသည်။ နောက်ကျလှပြီ။ ဘတ်စ်ကား စောင့်ရသည်မှာ ကြာလှချည့်။

မိုးက သည်းထန်စွာ ရွာဆဲ။ လမ်းမပေါ်သို့ မိုးစက်တွေ တရစပ် ဖျန်းပက်နေသည်။ ခပ်သုတ်သုတ် သွားလာနေသူများသည် သူ့ကို တိုးဝှေ့သွားကြကာ ဘတ်စ်ကားများပေါ်သို့ တိုးဝှေ့ တက်သွားကြ၏။ သူ စီးရမည့် ဘတ်စ်ကား နှစ်စီး။ နှစ်စီးစလုံး ထွက်သွားပြီ။ လူတွေ ပြည့်သိပ်လျက်။ ဒီရေ တက်သကဲ့သို့ လိမ့်ဆင်းလာသော လူအုပ်နှင့် မိုးရေများထဲတွင် သူတစ်ယောက်တည်း ရှိနေသလို ခံစားရသည်။

ပင်ပန်းလည်း ပင်ပန်းလှပြီ။ ပင်ပန်းလွန်းသဖြင့် အနီးရှိ အဆောက်အအုံတစ်ခု၏ အုတ်နံရံကို မှီလိုက်သည်။ တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ် လုပ်ခဲ့ရခြင်းကြောင့် ပင်ပန်း နွမ်းနယ်မှုသည် သူ့ လက်မောင်းနှင့် သူ့ ခါးထဲတွင် ပဲ့တင်ရိုက်၍ ကျန်ရစ်ခဲ့သည်။ အလေးကြီးတွေကို ထမ်းခဲ့ရသည့် သူ့ ခြေထောက်များမှာ ထုံကျဉ်နေကြလေပြီ။ မိုးရေများသည် စုတ်ပြတ် ညစ်ပတ်နေသော သူ့ အင်္ကျီ အောက်သို့ စီးဝင်လာကာ သူတစ်ကိုယ်လုံးကို စိုရွှဲစေသည်။ တစ်ကိုယ်လုံး စိုရွှဲနေပုံက စိတ်ညစ်စရာ။

သူ့အိမ်က အိမ်ဟုသာ ဆိုရသည်၊ စင်စစ် တဲပုတ်ကလေး။ မြောင်းထဲက ရေတွေ လျှံလာသည့် အခါတွင် နောက်ကျိ ညစ်ပတ်နေသော မြောင်းရေများသည် သူ့တဲကလေးထဲသို့ စီးဝင်လာကြသည်။ သူ့ရှေ့တွင် ပြောင်လက် လှပသော မှန်ကားကြီး တစ်စီး ဖြတ်မောင်းသွား၏။ ကားထဲမှ စည်းစိမ်ရှင်ကမူ မိုးလုံလေလုံ မတောင့်မတ မကြောင့်မကြနေရသည့် သူ့အိမ်ကြီးသို့ ပြန်ရောက်



mgyoe.com

mgyoe.com
SAMPLE BOOK

တော့မည်။ လေးလံသော မျက်လုံးများဖြင့် သူ့ရှေ့မှ ဖြတ်သန်း သွားလာနေသော လူအုပ်ကို ကြည့်ပြီး သူတို့ အိမ်တွေ ဘယ်လိုများ နေပါလိမ့်ဟု စဉ်းစားသည်။ သူတို့လည်း သူ့လို ပင်ပန်း နွမ်းနယ်နေကြမည်လော မသိ။

သူသည် ပလက်ဖောင်း အစွန်းနားသို့ ထွက်လာပြီး သူ့ရှေ့သို့ လာနေသော ကားတန်းကြီးထဲတွင် သူ စီးရမည့် ဘတ်စ်ကားကို မျှော်ကြည့်သည်။ သူ စီးရမည့် ကားက ထိုင်ခုံ မာမာ၊ ချုံးချုံး ကျနေသည့် ဘော်ဒီနှင့် ဘတ်စ်ကားစုတ်ကြီး။ သို့ရာတွင် ကိစ္စ မရှိ။ ထိုဘတ်စ်ကားဖြင့် သွားလျှင်လည်း အိမ်ကိုတော့ ရောက်မည် အမှန်။

သို့ရာတွင် ဘတ်စ်ကား အရိပ်အယောင်ကိုမျှ မမြင်ရသေး။

သူ့အနီးတွင် သူလို ဘတ်စ်ကား စောင့်သူတွေ များလာသည်။ အချို့က သားသားနားနား ဝတ်ဆင်ထားကြ၏။ သူတို့တစ်သိုက်ထံမှ ရယ်သံများ ကြားရသည်။ မိုးထဲ လေထဲတွင် ရယ်သံကို ကြားရသည်မှာ သာယာ နာပျော်ဖွယ်ကောင်းသည်။ သူတို့တစ်တွေမှာ သူတို့ စီးမည့် ဘတ်စ်ကားကို မြင်ရပြီ။ သူတို့ တစ်သိုက်သည် ကားရပ်မည့် မှတ်တိုင်နားသို့ စုပြုံသွားကြ၏။ ဆေးသစ်သုတ်ထားသည့် ဘတ်စ်ကား အသစ် မြင့်မြင့်ကြီး တစ်စီး မိုးကန့်လန့်ကာအကြားမှ ထွက်လာသည်ကို မြင်လိုက်ရ၏။ ကားတံခါးပေါက်များတွင် ဆေးရောင်က သစ်သစ်လွင်လွင်၊ အတွင်း မီးရောင်က မှိန်ဖျော့ဖျော့။ သူ့အဖြစ်က ရှေ့တွင် ပင်လယ်ကူး သင်္ဘောကြီး တစ်စင်းကို မြင်လိုက်ရပြီး ဖောင်ကလေး တစ်စီးနှင့် ပင်လယ်ထဲတွင် ကျန်ရစ်ခဲ့သည့် လူတစ်ယောက်နှယ်။

လူများသည် မော်တော်ကား တံခါးပေါက်ဆီသို့ စုပြုံ သွားကြ၏။ သူက ရှေ့တွင် ကန့်လန့်ကြီး ရပ်နေသဖြင့် နောက်က လူများသည် သူ့ကို တိုးတိုက် သွားကြသည်။ လူအုပ်ကြီးနှင့် အတူ သူပါ ညပ်ပါသွား၏။ သူ စီးရမည့် ဘတ်စ်ကား မဟုတ်။ ရှောင်ထွက်ပြီး စင်္ကြံပေါ်တွင် ရပ်နေဖို့ ကောင်းသည်။ သို့ရာတွင် သူ ပင်ပန်းလှပြီ။ လူအုပ်ကြီးနှင့် အတူ ညပ်ပါသွားသည့် အခါ သူ ရုန်းမထွက်မိ။ အိပ်မက် မက်နေသကဲ့သို့ ခြေထောက်များကို မြှောက်လိုက်ပြီး ကြည်မောဖွယ် ရယ်သံတွေ ကြားထဲကပင် ဘတ်စ်ကားပေါ်သို့ သူ ရောက်သွားသည်။

ယောင်တီးယောင်ကန်းဖြင့် ထိုင်ခုံတန်း ကြားက လူသွားလမ်းကလေးပေါ်တွင် သူရပ်သည်။ မိုးရေထဲမှ တက်လာသော လူများက သူ့ကို အတင်း တိုးသဖြင့် ခုံတန်း တစ်ခုဆီသို့ ရောက်သွား၏။ ပျော့ပျောင်းသော ထိုင်ခုံပေါ်


mgyoe.com

mgyoe.com
SAMPLE BOOK

တွင် ထိုင်ချလိုက်ပြီး ကူရှင် နောက်မှီကို မှီလိုက်သည်။ ပင်ပန်း နွမ်းနယ်မှု ဟူသမျှသည် ခန္ဓာကိုယ်ထဲမှ စီးဆင်းသွားကာ ခြေထောက်ဖျားမှ ထွက်သွားသည်။ သူ့ ခြေရင်းတွင် စီးကျကာ အိုင်ထွန်းနေသည့် ရေအိုင်ကလေးသဖွယ် သူ့ ခန္ဓာကိုယ်ထဲမှ နွမ်းနယ်မှုသည် ကြမ်းပေါ်သို့ စီးဆင်းသွားသည်ဟု ထင်ရ၏။

မဟုတ်။ သူ စီးရမည့် ဘတ်စ်ကား မဟုတ်။ သည်ကားမှ ပြန်ဆင်းရမည်။ အိမ်ပြန်ရမည်။ နောက်မှတ်တိုင်တွင် ဘတ်စ်ကား ရပ်လျှင် ပြန်ဆင်းမည်ဟု သူ တွေးသည်။

မိုးက ဘတ်စ်ကား အမိုးနှင့် ပြတင်းပေါက်များကို ပက်ဖျန်းနေဆဲ။ ဘတ်စ်ကားထဲတွင် ခြောက်သွေ့ နွေးထွေးလျက်။ မုန်တိုင်း၏ ဘေးရန်မှ လုံခြုံပြီဟု သူ ထင်သည်။ ခုံတန်းကြားတွင် ရပ်နေသူများထံမှ စကား ပြောသံကို ကြားရ၏။ စကားသံက ချစ်ခင် ရင်းနှီးသည့် လေသံ။ တစ်ယောက်က အရွှန်းအပြက် ပြောလိုက်သည့် အခါ အားလုံးက ဝိုင်းရယ်ကြသည်။ သူလည်း သူတို့ အထဲတွင် ပါသည်။ ထို့ကြောင့် သူ ရယ်၏။

မှတ်တိုင်သို့ ရောက်၍ ဘတ်စ်ကား ရပ်သည့် အခါတွင် သူ မဆင်းမိ။ ထိုမျှ ဖိမ်ကျသော ဘတ်စ်ကားပေါ်မှ သူ့ ခန္ဓာကိုယ်ကြီးကို သယ်ရခြင်းသည် နေ့လယ်က သူ သယ်ပိုးခဲ့သည့် ဝန်ထုပ်ဝန်ပိုးတွေထက်ပင် လေးလံသည်ဟု သူ ထင်သည်။ နောက်တစ်မှတ်တိုင်ကျမှ ဆင်းတော့မည်။

ဘတ်စ်ကားသည် သူ သွားနေကျ မဟုတ်သော လမ်းများ အတိုင်း မောင်းသွားသည်။ ဘယ်ရောက်နေပြီကို သူ မသိ။ ထို့ကြောင့် စိုးရိမ်တကြီးဖြင့် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်သည်။ သို့ရာတွင် မှောင်ပိန်းလျက်။ ထို အထဲတွင် မိုးကန့်လန့်ကာကြီးကလည်း ကားဆီးနေသေး၏။ အထဲတွင်မူ တစ်မျိုး။ ကားခေါင်မိုးတွင် မီးတွေ လင်းလင်းထိန်ထိန်။ ထိုင်ခုံကလည်း ပျော့ပျော့ပျောင်းပျောင်း။ လူတွေကလည်း ချစ်ချစ်ခင်ခင်။

ခပ်စောစောက မိုးထဲ ရေထဲ လမ်းထောင့်တွင် ရပ်၍ ဘတ်စ်ကား စောင့်ခဲ့ရသည့် အချိန်သည် ရှေးလွန်လေပြီးသော ကာလ တစ်ခုနှယ် ဝေး၍ သွားပြီ။ စုတ်ပြတ်လှသော သူ့ တဲကျုပ်ကလေးနှင့် သာယာ ကြည်နူးဖွယ် အိမ်များဆီသို့ ကားများဖြင့် ပြန်သွားကြသော လူများကို ကြည့်ရင်း စောစောက သူ စိတ်ညစ်ခဲ့သည်။ ယခု သူသည်လည်း သူတို့ အထဲက လူတစ်ယောက် ဖြစ်သွားပြီ။ ခြောက်သွေ့ သန့်ရှင်းလျက်။ လုံခြုံ နွေးထွေးလျက်။


mgyoe.com

mgyoe.com
SAMPLE BOOK

နောက် တစ်မှတ်တိုင် ရောက်၍ ဘတ်စ်ကား ရပ်သည်ကိုပင် သူ မသိလိုက်တော့။

မီးရောင်သည် သူ့အနီး ပတ်ဝန်းကျင်တွင် ထိုင်နေသည့် ခရီးသည်များပေါ်သို့ ဖြာကျနေသည်။ ဘေးတွင် ကလေးငယ် တစ်ယောက်ကို ပေါင်ပေါ်တင်ထိုင်နေသော အမျိုးသမီး တစ်ယောက်။ ကလေးလေးက သူ့ကို ကြည့်ပြီး သေးငယ်သော လက်ကလေးများဖြင့် သူ့ အင်္ကျီ လက်မောင်းများကို ဖမ်းဆွဲသည်။ သူ့တစ်ကိုယ်လုံး နွေးသွားသည် ထင်သဖြင့် အသာပင် ငြိမ်နေလိုက်၏။ ကလေးငယ်ကို ပွေ့ယူ၍ ပေါင်ပေါ်တွင် တင်၍ပင် ထားလိုက်ချင်သေးသည်။

သူနှင့် ဘေးချင်း ကပ်လျက် ခုံတန်းတွင် ခပ်ငယ်ငယ် အတွဲ တစ်တွဲထိုင်လျက်။ ကောင်မလေးက ကောင်လေး၏ လက်မောင်းကို လှမ်းချိတ်ပြီး တတွတ်တွတ် စကားတွေ ပြောလာကြသည်။ ထို့နောက် တခစ်ခစ် ရယ်ကြသည်။ ကောင်မလေးက ချောချော လှလှကလေး။ ငယ်နုသည့် အလှ၏ အဓိပ္ပာယ်ရသကို သူ မေ့နေသည်မှာ ကြာပြီ။ သူ့ ရှေ့ခုံတွင်လည်း ကောင်မလေး တစ်ယောက် ထိုင်နေ၏။ မျက်နှာကို မမြင်ရ။ ဆံပင်ကိုသာ မြင်ရသည်။ သို့ရာတွင် ဆံနွယ် နုနုလေးတွေ ဝဲကျနေပုံက ချစ်စရာ။ မီးရောင်ကြောင့် ဆံပင်က ဖိတ်ဖိတ်လက်လျက်။ မီးရောင် ထိုး၍ လက်နေသည့် နေရာက ဆံနွယ် တွန့်တွန့်ကလေးတွေကို လက်ဖြင့် လှမ်းကိုင်လိုက်ချင်သည်။ နောက်သို့ လှည့်ကြည့်လိုက်လျှင် သူ့ မျက်နှာသည်လည်း လှမည် မုချ။ သည်လို တွေးနေရသည်ကပင် ကြည်နူးစရာ။ ရင်ထဲမှာ သိမ့်သိမ့်အေးအေး နွေးနွေးလှပ်လှပ်။

သူ့နောက် ခုံတန်းတွင်မူ ကျောင်းသား နှစ်ယောက်။ စာအုပ်တွေကို ပိုက်လျက်။ ဘွဲ့ရပြီး စာသင်ခန်း အပြင်ဘက်က ကမ္ဘာကြီးထဲသို့ ရောက်လျှင်အလုပ်အကိုင် မည်သို့ ရှိမည်ကို ပြောဆိုလာကြသည်။ သူသည် တစ်ခါမျှ ကျောင်းမနေဖူးခဲ့။ သို့ရာတွင် အလုပ်အကိုင် မည်သို့ ရှာရမည် ဆိုသည်ကိုမူ သူ သိသည်။ ပါမောက္ခသည် ကျောင်းသား၏ အဖြေကို ကြား၍ ခေါင်းညိတ်သည့်နှယ် သူလည်း ခေါင်းညိတ်ပြီး သူတို့တစ်တွေ ကံကောင်းပါစေဟု ဆုတောင်းလိုက်သည်။ လောကကြီး အကြောင်းကိုလည်း နည်းနည်းပါးပါးတော့ သူတို့ကို ပြောပြလိုက်ချင်သည်။

အနီးရှိ ခုံတစ်ခုံပေါ်တွင် လူတစ်ယောက် ထိုင်လျက်။ အဝတ်အစားက သားသားနားနား။ အတက်ချီ ကေ့စ်ကို ဒူးပေါ်တွင် တင်လျက် တည်ကြည်ခံ့ညားစွာ မျက်နှာကို မော့ထားသည်။ အရေးကြီးသည့် အမိန့်များကို ပေးနေကျ


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည့်နှယ်။ သူ့ နှုတ်ခမ်းက ဖြောင့်တန်းစွာ စေ့လျက်။ လက်သည်းများက သန့်သန့်ရှင်းရှင်း။ ဆံပင်က သပ်သပ်ရပ်ရပ်။ သည်ဘတ်စ်ကားဖြင့် အိမ်သို့ ပြန်ခြင်း ဖြစ်လိမ့်မည်။ စားကောင်းသောက်ဖွယ်တို့ ရှိရာ၊ ဖူဖွေး သန့်စင်သော အိပ်ရာ ရှိရာ၊ အခိုင်းအစေတို့ ရှိရာ အိမ်သို့ ပြန်ခြင်း ဖြစ်လိမ့်မည်ဟု သူ တွေးသည်။

ဒရိုင်ဘာ အနီးတွင် ထိုင်နေသည့် လူတစ်ယောက်ကမူ သီချင်း တစ်ပုဒ်ကို ကောက်ညည်းနေ၏။ သီချင်းကို ရသဖြင့် သူလည်း လိုက်ညည်းသည်။ ခုံတန်းကြားတွင် ရပ်လိုက်လာသည့် စစ်သား ရဲဘော် တစ်ယောက်ကလည်း လိုက်ဆိုသည်။ မီးရောင်တွေ လင်းနေသော ဘတ်စ်ကားကြီးသည် အိမ်သို့ ပြန်ကြသော ဖော်ရွေ ပျူငှာသည့် လူများကို တင်ဆောင်ကာ မိုးရေထဲတွင် ပြေးနေသည်။ ကျေနပ် ရောင့်ရဲမှုသည် ဖြေလျှော့ထားသည့် သူ့ ကိုယ်လက်အင်္ဂါများထဲသို့ ဝင်ရောက်လာ၏။

သူ ဘယ်ရောက်နေပြီကို သူ မသိ။ သူသည် အခြား မြို့ကြီး တစ်မြို့သို့ ရောက်နေသည်လော။ တခြား ခေတ်တစ်ခေတ်သို့ ရောက်နေသည်လော။ ဘယ်နေရာ ရောက်ရောက် အရေးမကြီး။ ပျော်ရွှင်နေသော သူများနှင့် တစ်ထပ်တည်း ကျသွားသည်ဟု ခံစားရသည့် အတွက် သူလည်း ပျော်လာသည်။ သူ့တွင် ရှိနေသည့် စိတ်ညစ်စရာ ပြဿနာများသည် ပြေလည်သွားပြီဟု သူ ထင်လိုက်၏။ သူသည် အတက်ချီ ကေ့စ် ကိုင်ထားသည့် လူဟု သူ့ကိုယ်သူ ထင်သွားကာ သူ့ နှုတ်ခမ်းကို တန်းနေအောင် ခပ်တင်းတင်း စေ့လိုက်သည်။

ဘတ်စ်ကားက ညဉ့်အမှောင်ထဲတွင် ပြေးလျက်။ မှောင်မည်းနေသည့် မြို့ကြီးထဲမှ မီးရောင် ထိန်လင်းနေသည့် အခန်းကလေး တစ်ခုနှယ်။

သူ့ဘေးတွင် ထိုင်နေသည့် အမျိုးသမီးသည် လှုပ်ရှားလာကာ ထိုင်ရာမှ ထသည်။

ထိုအခါကျမှ ဘတ်စ်ကား မကြာခဏ ရပ်ပြီး လူတွေ တစ်ယောက်ပြီး တစ်ယောက် ဆင်းသွားကြသည်ကို သတိရကာ သူ လန့်သွားသည်။ အမျိုးသမီး ဆင်းမည် ဖြစ်သည့် အတွက် သူသည် ခြေထောက်ကို ဖယ်ပေးလိုက်၏။ ထိုအခါကျမှ သူ့ ခြေထောက် ကြွက်သားများသည် ပြန်၍ တောင့်တင်း ကိုက်ခဲလာကြသည်။ အမျိုးသမီးက ကားတံခါးဝဆီသို့ လျှောက်သွားသည်။ ပခုံးပေါ်တွင် ခေါင်းတင်ထားသည့် ကလေးငယ်က ချစ်စရာ။ မျက်လုံး ပြူးပြူး ကလေးများဖြင့် သူ့ကို စိုက်ကြည့်သွား၏။ ကားပေါ်မှ ဆင်းတော့မည် အပြု

mgyoe.com

mgyoe.com SAMPLE BOOK

တွင် ကလေးငယ်က လက်ကလေးဖြင့် သူ့ကို လှမ်းသည်။ သူကလည်း လက်ကို မြှောက်လိုက်မိသည်။ သားအမိ နှစ်ယောက်မှာ ကားပေါ်မှ ဆင်းသွားကြပြီ။

ဘေးပတ်ပတ်လည်က ဟာလာဟင်းလင်း ဖြစ်နေသော ထိုင်ခုံများကို သူ ကြည့်သည်။ ကျောင်းသားများလည်း ဆင်းသွားကြပြီ။ စစ်သား ရဲဘော်လည်း မရှိတော့။ ကားရှေ့ပိုင်းမှ သီချင်း ညည်းသံကိုလည်း မကြားရတော့။ ရှေ့သို့ ကြည့်လိုက်သည့် အခါ ဆံနွယ် နုနုကလေးသည်လည်း ထိုင်ခုံမှ ထနေပြီ။ ကောင်မလေးက ကိုယ်ကလေး နွဲ့လျက် တံခါးဆီသို့ လျှောက်သွား၏။ ကောင်မလေး မျက်နှာကို မြင်ရလို မြင်ရငြား သူ အမောတကော လှမ်းကြည့်သည်။ သို့ရာတွင် ကောင်မလေးမှာ လမ်းမမှောင်ထဲသို့ ရောက်သွားလေပြီ။ ကောင်မလေး ချော မချောကို သူ ဘယ်တော့မျှ သိရတော့မည် မဟုတ်တော့။

တစ်ဖက် ခုံတန်းက ကောင်လေးနှင့် ကောင်မလေးမှာ မိုးရေတွေ စီးကျနေသော မှန်ပြတင်းပေါက်မှ နေ၍ အပြင်သို့ ကြည့်လိုက်လာကြ၏။ ခဏကြာလျှင် သူတို့လည်း ထိုင်ရာမှ ထသည်။ သူတို့ကို ထ၍ တားပြီး သူနှင့် အတူ လိုက်စီးရန် ခေါ်ချင်သည်။ မှတ်တိုင်တွင် ရပ်သည့် အခါ သူတို့လည်း ဆင်းသွားကြသည်။ ကောင်လေးနှင့် ကောင်မလေးသည် သစ်ပင် တစ်ပင် အောက်တွင် ရပ်၍ ပွေ့ဖက် နမ်းရှုပ်နေကြသည်။ ထို့နောက် တခစ်ခစ် ရယ်ရင်း အမှောင်ထဲသို့ ထွက်သွားကြ၏။ သည်းထန်စွာ ရွာနေသော မိုးသီးမိုးပေါက်တို့ကို သူတို့ ဂရုမထား။

သားရေ လက်ဆွဲအိတ် ကိုင်ထားသည့် လူမှာ ဣန္ဒြေဖြင့် ထိုင်နေဆဲ။ ထိုလူနှင့် မျက်လုံးချင်း ဆိုင်မိအောင် သူ ကြိုးစားကြည့်သည်။ လင်းထိန်နေသော ဘတ်စ်ကားကြီးပေါ်တွင် အိမ်ပြန်သူ အချင်းချင်း တစ်ကားတည်း စီး တစ်ခရီးတည်း သွားသူ အချင်းချင်း ကူညီ ရိုင်းပင်းတတ်သည့် စိတ်မျိုး အပြန်အလှန် ဖြစ်ပေါ်လာစေဖို့ အတွက် မျက်လုံးချင်း အချက်ပြရန် သူ စောင့်သည်။ သို့ရာတွင် လက်ဆွဲအိတ်နှင့် လူသည် မလှုပ်မရှား။ နှုတ်ခမ်းက တင်းကျပ်စွာ စေ့ထားမြဲ။

နောက်မှတ်တိုင်တွင် ကားရပ်သည့် အခါ ထိုလူသည် ထိုင်ရာမှ ထကာ ကြီးစွာသော ရှိမြဲ ဣန္ဒြေဖြင့်ပင် ကားပေါ်မှ ဆင်းသွားသည်။ လမ်းမီးတိုင်မှ မီးရောက် အောက်တွင် ရိပ်ခနဲ မြင်လိုက်ရပြီးနောက် ထိုလူသည် ဝင်းခြံကြီး တစ်ခုရှိ အုတ်ဝင်း တံခါးဝဆီသို့ လျှောက်သွားသည်ကို မြင်လိုက်ရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဝင်းထဲတွင်မူ အိမ်ကြီးမှ မီးရောင်များသည် ပြတင်းပေါက်များမှ ဖြာထွက်လျက်။ လျှပ်စစ်မီး မရှိသော သူ့ တဲကုပ်ကလေးကို သူ သတိရသည်။ ဘတ်စ်ကားသည် အမှောင်ထဲတွင် ဆက်၍ ထွက်လာခဲ့၏။

ယခု အချိန်တွင် ကားပေါ်၌ သူနှင့် ဒရိုင်ဘာတို့မှအပ တစ်ယောက်မျှ မကျန်တော့။ နောက်ထပ် တက်လာသည့် ခရီးသည်လည်း မရှိ။ ထိုင်ခုံများနှင့် ခုံတန်း နှစ်ခု ကြားရှိ လူသွားလမ်းကလေးသည် တိတ်ဆိတ်လျက်။ မကြာမီက လူတွေ စီးလာသည်ကို သက်သေခံသည့်နှယ် ကြမ်းပေါ်တွင် ရေအိုင်များနှင့် ခြေရာများသာ ကျန်ရစ်သည်။ ကားခေါင်မိုးပေါ်သို့ တဖြုန်းဖြုန်း ကျနေသော မိုးစက်မိုးပေါက်များ၏ အသံကို သူ သတိပြုမိပြန်သည်။

ဘတ်စ်ကားသည် အဝိုင်းကလေး တစ်ခုကို ကွေ့ကာ ထိုး၍ ရပ်လိုက်၏။ သူ့ ကိုယ်လက်အင်္ဂါများသည် အားအင် ကုန်ခန်းကာ လေးလံလျက် ရှိ၏။ တံခါးပေါက်ဆီသို့ အသွားတွင် တိုက်၍ လဲမည် ပြုသည်။ သူ့ကို မသက်သာသလို စိုက်၍ ကြည့်နေသော ဒရိုင်ဘာ၏ မျက်လုံးများကို သတိပြုမိ၏။ သူ ရောက်ဖူးသော စိုစွတ်သည့် လမ်းမကြီးပေါ်သို့ ဆင်းလိုက်သည်။ လမ်းမကြီးက မှောင်မည်းကာ ဟာလာဟင်းလင်း ဖြစ်လျက်။ ဘတ်စ်ကားသည် ဝူးခနဲ ဆောင့်ထွက်သွား၏။ ခဏကြာလျှင် ကားမီးရောင်များသည် အမှောင်ထဲတွင် ပျောက်ကွယ်သွားကြလေပြီ။ လမ်းမပေါ်တွင် သူတစ်ယောက်တည်း ရပ်နေသည်။ သူ့တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲလျက်။ အိမ် ရောက်အောင် အဝေးကြီး ပြန်လျှောက်ရဦးမည်။

[ဖိလစ်ပိုင် စာရေးဆရာ W.J. Pomeroy ၏
A Bus in the Rain ကို ပြန်ဆိုသည်။]

mgyoe.com

mgyoe.com SAMPLE BOOK

## အဖေချစ် အမေချစ်

တစ်နေ့ မနက်၌ ဗန်ကောက်မြို့ မသန်မစွမ်း ဆေးရုံပေါ်တွင် အသက် ရှစ်နှစ်အရွယ် ပိုလီယို အကြောသေ ရောဂါရှင် ခနေ သံရုံဆန္ဒိသည် သူ့ မိတ်ဆွေ ဆယ်နှစ်ရွယ် ကလေးငယ် တစ်ဦးဆီသို့ ကြမ်းပြင်ဝယ် တွားသွား၍ ရောက်လာ၏။

ခနေသည် ပျော့ဖတ်နေသော သူ့ ပေါင်တံနှင့် ပုံပျက်ပန်းပျက် ဖြစ်နေသော သူ့ ခြေထောက်ကို အကြောဆွဲနေသော လက်တစ်ဖက်ဖြင့် နေရာကျ အောင် ပြင်၍ ထားလိုက်ရင်း 'တနင်္လာနေ့ကျရင် ငါ့ကို ခွဲစိတ် ကုသတော့မယ်ကွ' ဟု ပြော၏။

'တကယ်လား'

'ဟုတ်တယ်၊ ဆရာမကြီးက ငါ့ကို ပြောတယ်၊ စောင့်နေရတာ ကြာလှပြီကွာ၊ ဒါပေမဲ့ ခွဲတော့မယ် ဆိုတော့ တစ်မျိုးကြီးပဲ'

'ဘာဖြစ်လို့လဲ' ဟု ပီတက်က မေးသည်။ ပီတက်၏ အကြောသေ ရောဂါမှာ ခနေ၏ ရောဂါလောက် ပြင်းထန်ခြင်း မရှိ။ ယခု ဆိုလျှင် ချိုင်းထောက်ဖြင့် ပင် လမ်းလျှောက်နိုင်နေလေပြီ။

'ကြောက်တယ်'

'ဒါတော့ ငါလည်း ကြောက်တာပေါ့ကွ၊ ဒါပေမဲ့ အရေးကြီးတာက မင်း ခြေထောက်တွေ စန့်သွားအောင် လုပ်ဖို့ လိုတယ်၊ ခြေထောက်တွေ စန့်သွားရင် ငါ့လို ချိုင်းထောက်နှင့် လမ်းလျှောက်လို့ ရတော့မှာပေါ့၊ ကြမ်းပြင်ပေါ်မှာ ဝမ်းလျားထိုး သွားနေရတာထက်တော့ တော်သေးတာပေါ့'

'ငါ ကြောက်တယ်ကွာ၊ သိပ်နာမှာ'

'မင်းကို ခွဲစိတ် ကုသရင် အညာက မင်းအမေ ဆင်းလာမယ်ဆို၊ ခု မရောက်သေးဘူးလား'



mgyoe.com

mgyoe.com SAMPLE BOOK

'ရောက်တော့မယ် ထင်တာပဲ၊ မနက် စောစောတုန်းက ငါ့အစ်မ ဓာရုဏီ လာတော့ အမေ လာဖို့ စာရေးလိုက်ပါလို့တော့ မှာလိုက်တာပဲ'

ထိုနေ့ ညနေပိုင်းတွင် သူ့အစ်မ ဓာရုဏီ ဆေးရုံသို့ လာသွားသည်။

ဓာရုဏီမှာ အသက် နှစ်ဆယ် မပြည့်တတ်သည့် မိန်းမပျို တစ်ဦး ဖြစ်ပြီး ဗန်ကောက်ရှိ ဘော်ဒါကျောင်း တစ်ကျောင်းတွင် ကျောင်းတက်လျက် ရှိသည်။ ဓာရုဏီက မျက်နှာ မကြည်မသာဖြင့် သူ့ အိပ်ရာ ဘေးတွင် ရပ်နေသည်။

'ရေးလိုက်ပါ့မယ် မောင်လေးရေ၊ နင့်ကို ခွဲစိတ် ကုသရင် ဆင်းလာခဲ့မယ်လို့ အမေက ပြောထားသားပဲ၊ လာမှာပေါ့၊ ငါ ဆေးရုံက ပြန်ပြန်ချင်း အမေ့ဆီကို ကြေးနန်း တစ်စောင် ရိုက်လိုက်မယ်၊ ဒီနေ့ပဲ ဗုဒ္ဓဟူးနေ့ ရှိနေပြီ မဟုတ်လား'

နောက်တစ်နေ့၌ ထိုင်းနိုင်ငံ အညာ အရပ်ရှိ လန်ပန်း အမည်ရှိ မြို့ကလေး တစ်မြို့တွင် ဓနု၏ အမေသည် သမီး ဖြစ်သူ ဓာရုဏီ၏ ကြေးနန်းကို ဖတ်၍ ငိုလျက် ရှိ၏။

'ကလေး အတွက် ဝမ်းသာစရာပေါ့လေ၊ ကျွန်မ လိုက်သွားမယ်လေ၊ ဘယ့်နှယ်လဲ' ဟု ဇနီး ဖြစ်သူက မေး၏။

လင်ဖြစ်သူက ထမင်း စားနေရင်းမှ သူ့ကို လှမ်းကြည့်ရင်း 'ကလေး အငယ်ကလေးကို ဘယ့်နှယ် လုပ်မလဲ'

'ရှင် ရှိနေသားပဲ'

'ငါ့မှာ ဈေးရောင်းရတာ တစ်ဖက် ကလေးက တစ်ဖက်နှင့် ဖြစ်မလား ကွ'

'ရှင့် ရေဒီယို ဆိုင်က နေ့တိုင်း ဝယ်မယ့်လူ ရှိနေတာ မဟုတ်ပါဘူး၊ ပြီးတော့ အိမ်မှာ ကလေး ထိန်းတဲ့ မိန်းမကြီးလည်း ရှိနေသေးတာပဲ၊ ကျွန်မ သားလေးကို မမြင်ရတာ ကြာလှပြီ၊ ကလေးကို ရှင် ဆေးရုံ တင်လိုက်ကတည်းက ကျွန်မ ဘယ်မှာများ တွေ့ရတော့လို့လဲ'

ကလေး အမေသည် ငိုတော့မည်ကဲ့သို့ ဖြစ်နေလေပြီ။ မျက်လုံးထဲတွင် မျက်ရည်တွေ ဝဲနေ၏။

'မင်းပဲ ကလေးနှင့် နေရစ်ခဲ့ပါလားကွာ၊ ငါ ဗန်ကောက်ကို လိုက်သွားလိုက်မယ်'

သူ့စိတ်သည် ဗန်ကောက်တွင် ကျောင်းနေခဲ့စဉ်က အချိန်ကို သွားသတိရသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဗန်ကောက်သို့ ရောက်လျှင် သူ့ မိတ်ဆွေ ရောင်းရင်းများကို ဝင်တွေ့ဦးမည်ဟုလည်း စိတ်ကူးထား၏။

ဇနီးသည်က အတန်ကြာမျှ တွေနေကာ ခပ်ဆိုင်းဆိုင်းဖြင့် 'ကျွန်မ သွားမှ ဖြစ်မှာပါ' ဟု ပြောသည်။

'ကလေးလေး ကျန်ရစ်ရင် မင်း ဒီမှာ ရှိနေမှ ကောင်းမှာပေါ့ကွ၊ ဓနုက လည်း ရှစ်နှစ် ရှိပါပြီ၊ ရှစ်လသားကလေးမှ မဟုတ်တော့ဘဲ'

'ရှင် သွားချင်တာ ကျွန်မ သိပါတယ်၊ ရှင်က မြို့ကြီးပြကြီးကို သွားချင်နေတာ မဟုတ်လား၊ ဟုတ်ပါတယ်၊ ဒီအရွယ် ရောက်တဲ့ အထိ ပွေချင် ရှုပ်ချင်တုန်း မဟုတ်လား၊ ကိုယ့် သားကလေးကို ဂရုစိုက်ချင်လို့ မဟုတ်ပါဘူး၊ မြို့ရောက်ရင် ရှင် ပျော်မယ် ပါးမယ်၊ ကလေးဆီကိုတော့ ဝတ်ကျေတမ်းကျေ လောက်ပဲ သွားမှာပါ၊ ရှင့်လို လူမျိုးက ကွယ်မဲ့ တွေ့ သေအောင်လွမ်း ဆိုတဲ့ လူစားမျိုး၊ ပြီးတော့ ရှင်က သမီး အကြီးနှင့် ကလေး အငယ်လောက်ကိုပဲ ချစ်တာပဲ၊ ကျွန်မ သားလေးကိုတော့ မစွမ်းမသန် ကလေး ဆိုပြီး သိပ် ချစ်မှာ မဟုတ်ပါဘူး၊ ကျွန်မ သားလေးကို ဆေးရုံမှာ ပစ်ထားပြီး ဆေးရုံမှာပဲ သေ စေချင်တာပါ'

ဇနီးသည်မှာ ငိုလျက် ရှိ၏။

'ဘာဖြစ်လို့ ငိုနေရတာလဲ'

'ရှိကြီးခိုးပါရဲ့ ကိုကံချွန်ရယ်၊ ကျွန်မ သွားပါရစေ၊ ရှင် သွားလို့ ဖြစ်မှာ မဟုတ်ပါဘူး၊ ခွဲစိတ်ခန်းထဲ ဝင်ရင် ကလေး အားမငယ်အောင် အားပေးရ နှစ်သိမ့်ရနှင့် ဒီအလုပ်တွေကို ရှင် လုပ်တတ်မှာ မဟုတ်ပါဘူး၊ ကျွန်မ သွားပြီး အားပေးမှ ဖြစ်မှာပါ၊ ခဏလောက် ဒုက္ခခံလိုက်ရင် တစ်သက်လုံး ကောင်းမှာ လို့ အားပေးရမယ်၊ ကျွန်မ အားပေး စကား ကြားရရင် ကျွန်မ သားလေး အားရှိမှာပါ'

'နေစမ်းပါဦး၊ ငါကတော့ကော မလုပ်နိုင်ဘူးတဲ့လား'

'ရှင်က အဖေ ရှင်ရဲ့၊ အဖေ လုပ်မှ ကောင်းတာတွေ ရှိသလို လောကမှာ အမေ လုပ်မှ ကောင်းတာလည်း ရှိတယ်၊ ခုကိစ္စကတော့ အမေ ကိုယ်တိုင် လုပ်မှ ကောင်းမှာ၊ အဖေ လုပ်တာထက် အများကြီး အကျိုး ရှိတယ်'

'စိတ်ချပါကွာ၊ ခွဲစိတ်ခန်းထဲကို မသွင်းမီ ဆေးရုံကို ငါ ရောက်အောင် သွားမှာပါ၊ ငါ အတတ်နိုင်ဆုံး ကြိုးစားပြီး အားပေးပါ့မယ်၊ ဓနုဟာလည်း ငါ့သားပါပဲ၊ ငါ့သားကို ငါ မချစ်ဘဲ နေပါ့မလား'



mgyoe.com

mgyoe.com SAMPLE BOOK

ဇနီးသည်သည် သူ့ကို ဝေခွဲမရသည့် အကြည့်ဖြင့် ကြည့်လိုက်ပြီးနောက် နောက်ဆုံး အကြိမ် တောင်းပန်ခြင်း ပြုပြန်သည်။

'ကျွန်မ သွားချင်တယ်ရှင်၊ သားလေးကို ခွဲစိတ် ကုသရင် အမေ အနား မှာ လာနေမယ်လို့ ကျွန်မ ပြောထားလို့ပါ'

သောကြာနေ့ မနက် ရောက်လတ်သော် ကံချွန်သည် အဝတ်အစားကို ကျနစွာ ဝတ်ဆင်ပြီးနောက် ဗန်ကောက် အမြန် ရထားဖြင့် ထွက်ခဲ့ရာ နောက် တစ်နေ့ မွန်းတည့်တွင် ဗန်ကောက်သို့ ရောက်၏။ ရောက်လျှင် ရောက်ချင်း သမီးကြီး ဖြစ်သူ ဓာရုဏီထံသို့ လည်းကောင်း၊ သားငယ် ရှိရာ ဆေးရုံသို့ လည်းကောင်း မသွားသေးဘဲ သူ့ မိတ်ဆွေကို သွားတွေ့သည်။

တနင်္ဂနွေနေ့ မနက်တွင် ဓာရုဏီသည် အမေလည်း ရောက်မလာ၊ အကျိုး အကြောင်းလည်း မသိရသဖြင့် ဆေးရုံသို့ တိုက်ရိုက် ရောက်နေပြီလောဟု သိ လိုသောကြောင့် ဆေးရုံသို့ တယ်လီဖုန်း ဆက်ကြည့်သည်။

အမေ မရောက်သေးကြောင်း သိရသည့် အခါတွင် ဓာရုဏီသည် စိုးရိမ် ဘကြီး ဖြစ်လာကာ ထိုအကြောင်းကို ဓနုနှင့် စကား ပြောရန် သူတို့ထံ ခွင့် တောင်းသည်။

သူ့အမေ မလာတော့ပြီ ဆိုသည်ကို သိရသည့် အခါတွင် ဓနုသည် အော် ကြီးဟစ်ကျယ် ငိုယိုကာ သူ့အမေကို မတွေ့မချင်း ခွဲစိတ်ခန်းထဲသို့ မဝင်ဟု အကျောက်အကန် ငြင်းနေသည်။ ဓနုသည် ရှိုက်ကြီးတငင် ငို၏။ တော်တော် နှင့် မရပ်။ နောက်ဆုံးတွင် ဆရာမကြီးက ချော့တစ်လှည့် ခြောက်တစ်လှည့် လုပ်တော့သည်။

ထိုနေ့ အဖို့တွင် လန်ပန်းမှ ဗန်ကောက်သို့ နောက်ထပ် ရထား ဆိုက် စရာ မရှိတော့သည်ကို သိသည့် အခါတွင် ဓာရုဏီမှာလည်း ဘာမျှ မကြံတတ် အောင် ဖြစ်လျက် ရှိကာ လက်မှိုင်ချနေ၏။

တနင်္လာနေ့ နေ့လယ်ကျမှ လန်ပန်းမှ နောက်ထပ် အမြန်ရထား ဆိုက်မည် ဖြစ်၏။ မောင်လေးကို ခွဲစိတ် ကုသမည့် အချိန်မှာ ထိုနေ့ မနက် ကိုးနာရီတွင် ဖြစ်ရာ အမေ လိုက်လာသည် ဆိုလျှင်ပင် ခွဲစိတ်ခန်းသို့ မသွင်းမီ မည်သည့် နည်းနှင့်မျှ မရောက်နိုင်တော့ပြီ။

ဓာရုဏီသည် မည်သို့ လုပ်ရမည်နည်းဟု ထိုင်၍ အကြံထုတ်သည်။ ဓနု မှာ ခြေထောက် နှစ်ဖက် အသုံးချ၍ ရသည် အထိ ပြန်ကောင်းအောင် ခွဲစိတ် ကုသမှုပေါင်း များစွာကို ပြုလုပ်ရဦးမည်။ သည်အကြိမ် ခွဲစိတ် ကုသခံဖို့


mgyoe.com

mgyoe.com
SAMPLE BOOK

အရေးကို လက်လွှတ်လိုက်လျှင် နောင် သူ့ အလှည့်သို့ ပြန်ရောက်အောင် လူပေါင်း များစွာ စောင့်ရဦးမည်။ ခွဲစိတ်ခန်းထဲမှ ထွက်လာ၍ သတိ ပြန်ရသည့် အချိန်တွင် အမေနှင့် တွေ့ရစေမည်ဟု ကတိ ပေးနိုင်လျှင် ဓနအား ခွဲစိတ်ကုသမှု ခံရန် တိုက်တွန်း၍ ရကောင်းသည်ဟုသာ မျှော်လင့်ရတော့သည်။

နောင်မှ ဖြစ်လိုရာ ဖြစ်စေ ဓန တစ်ယောက် ခွဲစိတ် ကုသမှု ခံရန် တစ်နည်းနည်းဖြင့်မူ ကြိုးစားရတော့မည်။

ခဏကြာလျှင် ဓာရဏီသည် အဝေးပြော တယ်လီဖုန်းကို ကောက်ဆက်ပြီး အမေနှင့် စကား ပြောသည်။ သူတို့ အဖေ မရောက်သေးကြောင်းကို သိရသော အခါတွင် အမေသည် စိုးရိမ်တကြီး ဖြစ်စ ပြုလာ၏။ စိတ်ထဲတွင် တထင့်ထင့် ဖြစ်စ ပြုလာ၏။

'ကိုကံချွန်များ ဗန်ကောက်ကို ရောက်မှန်း မသိဘဲ ရထားပေါ်မှာများ အိပ်ပျော်ပြီး ပါသွားသလား၊ ခုလို အချိန်ဟာ သားလေး အဖို့ အနားမှာ အဖေတို့ အမေတို့ ရှိဖို့ အလိုအပ်ဆုံး အချိန်ပဲ၊ ဒီလောက်မှ သူ မသိတော့ဘူးလား၊ ဒါမှမဟုတ် အလုခံရလို့လား၊ အသတ်ပဲ ခံရလို့လား၊ ဒါမှမဟုတ် ဗန်ကောက်မှာ မော်တော်ကားတို့ ဘာတို့ တိုက်မိလို့လား'

ဟိုတွေး သည်တွေး တွေးပြီး စိုးရိမ်နေ၍ မဖြစ်။ သူကိုယ်တိုင် လိုက်သွားမှ ဖြစ်တော့မည်။

ဓနတို့ အမေသည် တုန်ယင်သော လက်များဖြင့် မျက်ရည်တို့ကို သုတ်ပြီးနောက် အဝတ်အစား အချို့ကို လက်ဆွဲအိတ်ထဲသို့ ထည့်သည်။ ကလေးငယ်ကို ပွဲ့ဖက် နမ်းရှုပ်ကာ ကိစ္စ ပြီးသည်နှင့် ချက်ချင်း ပြန်လာမည် ဖြစ်ကြောင်း စိတ်ထဲမှ ပြောမိသည်။ ကလေးငယ်ကို ကောင်းစွာ ကြည့်ရှု စောင့်ရှောက်ရန်ကိုလည်း ကလေးထိန်း မိန်းမကြီးကို မှာခဲ့၏။ ထို့နောက် ဓနတို့ အမေသည် ဘူတာရုံသို့ အပြေးအလွှား လာကာ ဥဩ မမှုတ်မီ သုံးမိနစ် အလိုတွင် ဗန်ကောက်သို့ သွားသည့် အမြန် ရထားကြီးပေါ်သို့ တက်လိုက်လာခဲ့သည်။

ရထားပေါ်တွင် တက်၍သာ လိုက်လာရသော်လည်း သားလတ် ဓန အတွက်လည်း စိုးရိမ်ရသည်။ အိမ်တွင် ကျန်ရစ်ခဲ့သည့် ကလေးငယ် အတွက်လည်း ရတက်မအေး။ ကျိတ်၍သာ ငိုလိုက်လာခဲ့သည်။ တစ်ခါတစ်ရံတွင် သားလတ် ဓန၏ ခွဲစိတ် ကုသမှု ချောမော အောင်မြင်ပါစေဟု ဆုတောင်းလိုက်လာခဲ့သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ထိုနေ့ ညနေတွင် မိမိ နေထိုင်ရာ ဘော်ဒါသို့ အဖေ ရောက်လာသည်ကို တွေ့သည့် အခါတွင် တာရာဏီသည် အံ့အားသင့်နေသည်။ တာရာဏီသည် လက်နှစ်ဖက် ချ၍ အဖေ့ကို နှုတ်ဆက်ပြီးနောက် 'အဖေ ဘယ်တုန်းက ရောက်နေတာလဲ' ဟု မေးသည်။

'မနေ့ နေ့လယ်က ရောက်တာ၊ ဘာဖြစ်လို့လဲ'

'သမီးက အဖေ မရောက်သေးဘူးလို့ ထင်နေတာ၊ ဘာဖြစ်လို့ သမီးဆီကို တိုက်ရိုက် လာမတွေ့တာလဲ အဖေ'

'မိတ်ဆွေ တစ်ယောက်နှင့် တွေ့လို့ကွာ၊ သူက ရောက်တဲ့ အတူတူ စိတ်ပြေလက်ပျောက် ပင်လယ် ကမ်းခြေကို လိုက်ခဲ့ပါလို့ ခေါ်တာနှင့် လိုက်သွားတာ၊ အချိန်တွေ အများကြီး ရှိသေးတယ် မဟုတ်လား'

'ရှိတော့ ရှိပါသေးတယ်၊ ဒီနေ့ မနက်က မောင်လေးကလည်း ငိုလိုက်တာ အဖေရယ်၊ သူ ခွဲစိတ်ခါနီးတော့ အဖေလည်း မလာ၊ အမေလည်း မလာတော့ မခွဲချင်ဘူးလို့ အတင်း လုပ်နေတယ်၊ ဒီနေ့ မနက်မှာ လန်ပန်းက ဝင်မယ့် ရထားလည်း မရှိတော့ အဖေတို့ ဘယ်နည်းနှင့်မှ လာနိုင်တော့မှာ မဟုတ်ဘူးလို့ ထင်နေတာ၊ ဒီနေ့တော့ လန်ပန်းက အမြန် ရထား တစ်စီး ထွက်စရာ ရှိတယ်၊ ခနကလည်း အဖေ ဖြစ်ဖြစ် အမေ ဖြစ်ဖြစ် မလာရင် ခွဲစိတ်ခန်း မဝင်ဘူးလို့ အတင်း ပြောနေတာနှင့် ဒီနေ့ပဲ အမေ့ဆီကို ဖုန်းဆက်သေးတယ်'

ကိုကံချွန်က ဟက်ဟက်ပက်ပက် ရယ်လိုက်လျက် 'ဒီလောက်လည်း စိတ်မပူပါနှင့် သမီးရယ်၊ အဖေ ဒီရောက်နေပြီ ဆိုတာ ညည်းအမေလည်း သိပြီးသားပါပဲ၊ ကဲ လာ သားဆီ သွားကြစို့'

ထိုနေ့ည၌ ကိုကံချွန်သည် တည်းခို ရိပ်သာတွင် နှစ်ခြိုက်စွာ အိပ်ပစ်လိုက်၏။ သူ့ကိုယ်သူလည်း ကျေနပ်နေသည်။ သူ့ကို မြင်သည့် အခါတွင် သားလတ် ခနု၏ မျက်နှာသည် ဝင်းထိန်သွားသည်ကို သူ သတိပြုလိုက်မိသည်။ ပါတယား ကမ်းခြေသို့ သွားကာ စိတ်ရှိလက်ရှိ ပျော်ပစ်လိုက်ရသည့်တိုင် သားလတ် ခွဲစိတ်ခန်းထဲသို့ မဝင်မီ အချိန်မီ ရောက်သွားသဖြင့် သူ ကျေနပ်သည်။

'မိန်းမသားတွေဟာ ဘာမဟုတ်တဲ့ ကိစ္စကလေးတွေနှင့် အင်မတန် ပျာလောင်ခတ်တတ်တယ်' ဟု သူ့ မိန်းမကို အပြစ်ဖို့သည်။

နောက်တစ်နေ့ မနက်၌ ဗန်ကောက်ရှိ အကောင်းဆုံးသော ဆေးရုံ တစ်ရုံ၏ ခွဲစိတ်ခန်း အပြင်ဘက်တွင် ကိုကံချွန်သည် သူ့ သားငယ်ကို ပွေ့ထားသည်။ ခနု၏ ခြေထောက်တို့ ပြန်ကောင်းသွားကာ ချိုင်းထောက်ဖြင့် လမ်းလျှောက်

mgyoe.com

mgyoe.com
SAMPLE BOOK

နိုင်လျှင် မိသားစု မည်မျှ စိတ်ချမ်းသာမည့် အကြောင်း၊ မည်မျှ ပျော်စရာကောင်းမည့် အကြောင်းတို့ကို သားငယ်အား ပြောဆိုလျက် ရှိသည်။ မေ့ဆေးပြယ်သွားသည့် အခါတွင် ခွဲစိတ်ထားသည့် ဒဏ်ရာမှ နာကျင်မည် ဖြစ်သည့်တိုင် ခြေထောက် ကောင်းမည် ဆိုလျှင် ထိုမျှလောက်တော့ အနာခံရမည် ဖြစ်ကြောင်းဖြင့် သားငယ်ကို ပြောနေသည်။

'လူလေး ခြေထောက်သာ ပြန်ကောင်းသွားရင် မင်းအမေကတော့ နေရာအနှံ့ လိုက်ပို့မှာပဲ၊ မင်းအမေက သူကိုယ်တိုင် ဒီကို လာချင်တာကွ၊ ဒါပေမဲ့ အဖေက လာချင်တယ် ဆိုတာနှင့် သူ နေရစ်ခဲ့တာ၊ အိမ်မှာ ညီလေးက ရှိနေသေးတော့ နှစ်ယောက်စလုံး လာလို့လည်း မဖြစ်ဘူး မဟုတ်လား'

'ဒီခြေထောက် ခွဲပြီးရင် သားလည်း အိမ်ကို ပြန်လိုက်နိုင်ပြီပေါ့နော် အဖေ၊ သား ဒီဆေးရုံ ရောက်နေတာ တစ်နှစ်လောက် ရှိပြီဗျ၊ အမေ့ကို လွမ်းလှပြီ၊ ပြီးတော့ ညီလေးကိုလည်း မမြင်ဖူးသေးဘူး'

'အေး၊ ခွဲထားတဲ့ ဒဏ်ရာကလည်း သက်သာတယ်၊ ဆရာဝန်ကြီးကလည်း ခွင့်ပြုတယ် ဆိုရင် ပြန်လိုက်ရမှာပေါ့ကွာ'

'အမေများ ဒီနေ့ ရောက်ချင် ရောက်လာမလား မသိဘူးနော်၊ မမက ပြောတော့ မနေ့က အမေ့ဆီကို သူ ဖုန်းဆက်လိုက်တယ်တဲ့၊ အမေ ကိုယ်တိုင် လိုက်ချင် လိုက်လာမယ်လို့ ပြောလိုက်တယ်တဲ့'

ကိုကံချွန်က သူ့ ပေါင်ပေါ်တွင် လျှောကျနေသည့် သားငယ်၏ လက်မောင်းကို အသာအယာ ပွတ်သပ်ပေးရင်း 'အင်း၊ ကလေး ငယ်ငယ်လေးနှင့် ဆိုတော့ လာဖြစ်ချင်မှ လာဖြစ်မှာပါကွာ၊ မင်းအမေ ရောက်လာတယ် ဆိုရင်လည်း တို့သားအမိ သားအဖ လေးယောက် ကောင်းဘွိုင်ကားလေး ဘာလေး သွားကြည့်ရတာပေါ့၊ မကောင်းဘူးလား'

'သိပ်ကောင်းတာပေါ့ အဖေရ၊ ဒါကြောင့် ဖေကြီးကို ချစ်တာဗျ၊ သားကတော့ အမေ ရောက်လာလိမ့်မယ်လို့ ထင်နေတာပဲ၊ ခွဲစိတ်ခန်းထဲက သား ပြန်ထွက်လာလို့ အဖေရော အမေရော စောင့်နေတာ တွေ့ရရင် သားတော့ သိပ်ပျော်မှာပဲ'

ထိုစဉ် ဆရာမကြီးနှင့် ဆေးရုံ အလုပ်သမား တစ်ယောက်သည် သူတို့ဆီသို့ လာနေကြ၏။ ဆေးရုံ အလုပ်သမားသည် ဘီးတပ်ထားသည့် ထမ်းစင်တစ်ခုကို တွန်းလာသည်။ မနုသည် အဖေ၏ လက်ကို အကြာကြီး ဆုပ်ကိုင်နေပြီးနောက် ထမ်းစင်ပေါ်သို့ တက်၍ လိုက်ပါသွားသည်။ ကိုကံချွန်သည်


mgyoe.com

mgyoe.com
SAMPLE BOOK

သားငယ်၏ နောက်မှ လိုက်သွားကာ နောက်ဆုံး ခွဲစိတ်ခန်းထဲသို့ သွင်းသွားသည့် အခါတွင် ပြန်လှည့်လာခဲ့သည်။

ထိုစဉ် သူ့ထံသို့ လာနေသည့် ဆရာမလေး နှစ်ယောက်ကြောင့် သူ့ အတွေးများသည် တခြားသို့ ရောက်သွားကြ၏။ ဆရာမလေး နှစ်ယောက်သည် သတင်းစာထဲတွင် ပါလာသည့် ရထား လမ်းချော်သည့် အကြောင်းကို ပြောဆိုလာကြသည်။ ထိုနေ့တွင် ဗန်ကောက်သို့ ရောက်လာမည့် အစုန် ရထား လမ်းချော်သွားခြင်း ဖြစ်၏။ ယမန်နေ့ ညက လမ်းချော်ခြင်း ဖြစ်ပုံ ရသည်။

ဘာကြောင့်မှန်း မသိ။ ကိုကံချွန်၏ နှလုံးသည် လျှင်မြန်စွာ ခုန်လာသည်ဟု ထင်လိုက်ရသည်။ သူ့စိတ်သည် လျှပ်စီး လက်သကဲ့သို့ လျှင်မြန်သောအဟုန်ဖြင့် သူ့ ဇနီးဆီသို့ ရောက်သွား၏။ ကိုကံချွန်သည် ဆရာမလေး နှစ်ယောက်ဆီသို့ လျှောက်လာခဲ့ကာ အသေအပျောက် ရှိ မရှိ စုံစမ်းကြည့်သည်။

တစ်ယောက်က ယဉ်ကျေးစွာဖြင့် 'အသေအပျောက်ကတော့ မပြောပါနှင့်ရှင်၊ လူငါးဆယ်လောက် သေတယ်လို့ ရေဒီယိုက ကြေညာသွားတယ် ပြောတာပဲ၊ ၂၃ ယောက်ကတော့ အမည်နာမ သိရပြီ၊ ဒီနေ့ သတင်းစာတွေထဲမှာ သေဆုံးသူတွေရဲ့ နာမည် စာရင်းတွေ ပါတယ် ပြောတာပဲ'

'ဘာ နာမည်တွေ ပါသတဲ့၊ ရထား မှောက်တဲ့ အထဲမှာ ငါ့ မိန်းမများ ပါသွားရင် ဒုက္ခ၊ ၂၃ ယောက်ထဲမှာ ငါ့မိန်းမ နာမည်ကို တွေ့ရင် ငါ ဘယ့်နှယ် လုပ်ရပါ့မလဲ'

ကိုကံချွန်သည် တုန်လှုပ် ချောက်ချားလျက် ရှိ၏။

ဆရာမလေး နှစ်ယောက်က ထိုသတင်း ပါသည့် သတင်းစာများ တစ်ဖက်ခန်းတွင် ရှိကြောင်းကို ပြောသည့် အခါ၌ ကိုကံချွန်သည် ထိုအခန်းထဲသို့ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့သည်။

အမျိုးသမီး ဆရာဝန် တစ်ယောက်သည် သတိလစ်နေသော ကိုကံချွန်ကို တွေ့သဖြင့် သူ့ကို အရေးပေါ် ဌာနသို့ ပို့လိုက်သည်။ သွေးလန့်သွားခြင်း ဖြစ်သဖြင့် သူ့ကို ပြုစု ကုသကြရသည်။ သတိ ပြန်ရလာသည့် အခါတွင် ကိုကံချွန်သည် မရှက်နိုင်တော့ဘဲ ချုံးပွဲချ ငိုကာ သူ့ကိုယ်သူ သတ်သေမည်ဟု အော်ဟစ်လျက် ရှိ၏။

ထို့ကြောင့် စကား နည်းနည်း သူနာပြု တစ်ယောက်နှင့် ကိုယ်လုံးကိုယ်ပေါက် တောင့်သည့် ဆေးရုံ အလုပ်သမား တစ်ယောက်ကို ကိုကံချွန် အနီးတွင် အစောင့် ချထားရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုကံချွန်မှာ သွက်သွက်လည်အောင် စိတ်နောက်သွားခဲ့လေပြီ။ ရထား မှောက်သည့် အထဲတွင် သူ့ဇနီး ပါသည့် သတင်းသည်လည်း ဆေးရုံ တစ်ရုံ လုံးသို့ ပျံ့နှံ့သွားသည်။ ဆရာမကြီးသည် ကိုကံချွန်ကို သွားကြည့်၏။ ကိုကံချွန် ၏ ပုံပျက်ပန်းပျက် ဖြစ်နေသည့် အသွင်ကို မြင်ရသည့် အခါတွင် ဆရာမကြီး လည်း လန့်သွားသည်။ မစွမ်းမသန် ကလေးငယ် ဖြစ်သည့် ဓနု အတွက်လည်း အကြီးအကျယ် စိတ်မကောင်း ဖြစ်သွားသည်။ ဓနု ခများတွင် ခြေတစ်ဖက်ကို ဖြတ်ပစ်လိုက်ရရုံမက သူ့အဖို့ အလိုအပ်ဆုံး အချိန်တွင် အမေလည်း ဆုံးရှုံးခဲ့ ရပြီ။

ဆရာမကြီးသည် သွက်သွက်လည်အောင် စိတ်နောက်နေသည့် ကိုကံချွန် အား သတိထားရန် အားပေး စကား ပြောပြီး သူ့ သားလေးကို သတိရဖို့ အကြောင်း၊ သားလေးမှာ မကြာမီ ခွဲစိတ်ခန်းထဲမှ ထွက်လာတော့မည် ဖြစ် ကြောင်းဖြင့် ပြောသည်။ နောက်ဆုံးတွင် ဆရာမကြီးသည် ကိုကံချွန်ကို ငြိမ် သက်သွားအောင် ချော့မော့ ပြောဆိုသဖြင့် ကိုကံချွန်လည်း ငြိမ်သက်သွားခဲ့လေ ပြီ။ ဓနုကို ခွဲစိတ် ကုသမှုလည်း အောင်မြင်သည်ဟု သတင်းကောင်း ကြားရ သည်။

ကိုကံချွန်သည် သားငယ် ဓနု တစ်ယောက် မေ့ဆေး ပြယ်၍ သတိရလာ အောင် စောင့်ရင်း ကြီးစွာသော သောက ရောက်လျက် ရှိသည်။ ဖျော့တော့ သော မျက်နှာ၊ သေးငယ် ကြုံလှီသော ကိုယ်ခန္ဓာဖြင့် ထရော်လီပေါ်တွင် ပက် လက်ကလေး ပါလာသည့် သားငယ်ကို မြင်သည့် အခါတွင် ကိုကံချွန်သည် သူ့ဆီသို့ ပြေးသွားကာ အော်ဟစ် ငိုယိုနေမိသည်။ သားငယ်၏ ခြေတစ်ဖက်မှာ ကျောက်ပလာစတာ စည်းထားသည်ကို တွေ့ရ၏။

'လူလေးရေ၊ လူလေးရဲ့'

မျက်ရည်များသည် သူ့ ပါးပြင်ပေါ်သို့ ကျလာကြသည်။

ဓနုသည် မျက်တောင် ခတ်ကာ ဇဝေဇဝါဖြင့် ကြည့်ရင်း 'အဖေ၊ ဘာ ဖြစ်လို့လဲ' ဟု မေးသည်။

'ဘာမှ မဖြစ်ပါဘူး သားရယ်'

'အဖေ ဘာမှ မဖြစ်ပါဘူးနော်'

'ဘာမှ မဖြစ်ပါဘူး သားရဲ့၊ လူလေးကော နေကောင်းတယ် မဟုတ်လား'

ဓနုသည် ယောကျ်ား ပီသစွာ သူ့ ဝေဒနာကို ကြိတ်မှိတ်၍ ခံသည်။

'သိပ်မနာပါဘူး အဖေရဲ့၊ နေ‥ နေလို့ ကောင်းပါတယ်'


mgyoe.com

mgyoe.com
SAMPLE BOOK

ထို့နောက် ဓနုသည် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ရင်း 'အမေ ကော၊ အမေ ပါမလာဘူးလား'

'မပါဘူး သား'

'တကယ် မပါဘူးနော်'

'တကယ်ပေါ့ သားရဲ့၊ ဘာဖြစ်လို့ မေးတာလဲ'

'သားကို ခွဲစိတ်ခန်းထဲက ထုတ်လာတော့ ရထား မှောက်တယ်လို့ ပြော သံ ကြားရတယ်၊ ရထားက အညာက စုန်လာတဲ့ ရထားတဲ့၊ လူတွေလည်း အများကြီး သေတယ်တဲ့၊ အမေလည်း အမြန် ရထားနှင့် လိုက်မယ်လို့ မမက ပြောထားတော့ သား စိုးရိမ်လိုက်တာ အဖေရယ်'

'အမေ မလာပါဘူးကွ၊ မလာဖြစ်ပါဘူး'

'တကယ် ပြောတာနော် အဖေ'

'အဖေ မီးရထားရုံးကို သွားပြီး စုံစမ်းပြီးပါပြီကွ၊ သေချာပါတယ်'

'ဒါဖြင့် အမေ အဲဒီ ရထားပေါ်မှာ ပါမလာဘူးပေါ့'

'မပါပါဘူး သားရဲ့'

ကိုကံချွန်သည် အောင့်အည်းခြင်းငှာ မတတ်နိုင်တော့ဘဲ သား၏ ဆံပင် ထဲကို မျက်နှာ အပ်လိုက်ပြီး ငိုချလိုက်သည်။ ဓနုသည်လည်း ငိုလျက် ရှိလေ ပြီ။ ဓနုသည် အဖေကို ဖက်ကာ ဝမ်းသာသောကြောင့် ငိုနေခြင်း ဖြစ်သည်။ ပါးပြင်ပေါ်တွင် မျက်ရည်တွေ စီးကျလျက် ရှိရာမှ ဓနုသည် ဝမ်းသာလွန်းသဖြင့် ငိုနေသည်။

'ဝမ်းသာလိုက်တာ အဖေရယ်၊ အမေ မသေဘူးနော်၊ အမေ မသေဘူးနော် အဖေ' ဟု ဆိုလျက် ရှိလေသတည်း။

[ထိုင်း အမျိုးသား စာရေးဆရာ Pensri Kiemgsiri ၏
The Operation ကို ပြန်ဆိုသည်။]


mgyoe.com

mgyoe.com SAMPLE BOOK

# ဓားဆရာ ဟန်

[ရှိဂါ နာအိုယာ (Shiga Naoya) မှာ ထင်ရှား၍ ဂျပန်ပြည်တွင် လေးစားကြည်ညိုခြင်း ခံရသည့် စာရေးဆရာကြီး တစ်ဦး ဖြစ်ပြီး ယခု အချိန်တွင် အသက် ခုနစ်ဆယ် ကျော်လေပြီ။ နာအိုယာသည် 'အမှောင်ထုသို့ ခရီး သွားခြင်း' အမည်ရှိ ဝတ္ထုရှည်ကြီး တစ်ပုဒ်ကိုသာ ရေးသားခဲ့သော်လည်း ထိုဝတ္ထုကြီးမှာ ခေတ်သစ် ဂန္ထဝင် တစ်ခု အဖြစ် အသိအမှတ် ပြုထားကြပြီး မျက်မှောက်ခေတ် ဂျပန် စာပေတွင် သြဇာ ကြီးသည့် ဝတ္ထုကြီး တစ်ပုဒ် ဖြစ်သည်။ နာအိုယာသည် အများအားဖြင့် ဝတ္ထုတိုများကိုသာ ရေးလေ့ ရှိသည်။ ယခု ဖော်ပြသည့် 'ဓားဆရာ ဟန်' ဆိုသည့် ဝတ္ထုမှာ ၁၉၁၃ ခုနှစ်က ရေးခဲ့သည့် ဝတ္ထုတို ဖြစ်သည်။ ဤဝတ္ထုတွင် ဓားဆရာ ဟန်၏ စိတ္တဗေဒ ဆိုင်ရာ အဖွဲ့သည် များစွာ စိတ်ဝင်စားဖွယ် ကောင်းသည့် အဖွဲ့ ဖြစ်သည်။ တရားခံ ဖြစ်သူ ဓားဆရာ ဟန်ကို လူသတ်မှုဖြင့် အပြစ် ပေးသင့်သလော၊ မပေးသင့်သလော ဆိုသည်ကို စာရေးဆရာ တင်ပြသွားပုံမှာ အနုပညာ မြောက်သည်။]

တရုတ် ဓားမျက်လှည့်ဆရာ ဟန်သည် ဓားမျက်လှည့် ပြနေစဉ် သူ့ မိန်းမ၏ လည်ပင်းကြောကို ဓားဖြင့် ပေါက်မိသဖြင့် လည်ပင်းကြော ပြတ်သွားသည့် အခါ အားလုံး တအံ့တသြ ဖြစ်ကုန်ကြသည်။ ဓားပေါက်ခံပြသည့် သူ့ ဇနီးသည်လေးမှာ ပွဲချင်းပြီး သေသွားလေသည်။ ဓားဆရာ ဟန်ကိုလည်း ဆိုင်ရာတို့က ချက်ချင်း ဖမ်းဆီးလိုက်သည်။

ထိုကိစ္စ ဖြစ်ပွားစဉ်က ဇာတ်ရုံ မန်နေဂျာ ဓားဆရာ ဟန်၏ လက်ထောက် မျက်လှည့်ဆရာ၊ အစီအစဉ် ကြေညာသူနှင့် ပရိသတ် သုံးရာကျော်တို့ ရှိကြသည်။ ပွဲကို ထိန်းရန် တာဝန်ကျသဖြင့် ပရိသတ် နောက်တွင် ရောက်နေသည့်



mgyoe.com

mgyoe.com
SAMPLE BOOK

ရဲသား တစ်ယောက်လည်း ရှိသည်။ ဤမျှ သက်သေ အစုံအလင် ရှိသည့်တိုင် ထိုကိစ္စသည် မတော်တဆလော၊ တမင် လုပ်ခြင်းလော ဆိုသည်ကို မည်သူမျှ မပြောနိုင်ဘဲ ဖြစ်နေကြသည်။

ဖြစ်ပုံမှာ ဤသို့ ဖြစ်၏။ ဓားပေါက်ခံပြရမည့် သူ့ ဇနီးသည် တံခါးရွက် တစ်ချပ်လောက် ရှိသည့် ပျဉ်ပြားကြီး တစ်ချပ် ရှေ့တွင် မတ်တတ် ရပ်နေရသည်။ ဓားဆရာ ဟန်က လေးကိုက် အကွာလောက်မှ နေ၍ သူ့ မိန်းမ၏ ခန္ဓာကိုယ် ပတ်ပတ်လည် သစ်သားပြားပေါ်တွင် ဓားဖြင့် ပေါက်ပြရသည်။ ဓားကြီးများသည် သူ့ မိန်းမ၏ ခန္ဓာကိုယ်ကို ကောက်ကြောင်း ဖော်ပေးသည့် နှယ် ပျဉ်ပြားပေါ်တွင် စိုက်နေရမည်။ ဓားကို ပေါက်လိုက်စဉ်တွင် ဓားဆရာ ဟန်သည် ကိုယ့်ကိုယ်ကိုယ် အားပေးသည့် အနေဖြင့် 'အား' ဟု အော်လိုက်သည်။

ထိုအမှုကို စစ်ဆေးသော တရားသူကြီးက ဓာတ်ရှဲ မန်နေဂျာကို ပထမဆုံး မေးမြန်းသည်။

'ခု ဓားပေါက်ပြတဲ့ အခန်းဟာ တော်တော် ခက်တယ်လို့ ထင်သလား'

'ကျွမ်းကျင်သူ တစ်ယောက် အနေနှင့်ကတော့ သိပ်ခက်ခဲလှတဲ့ ကိစ္စ မဟုတ်ပါဘူး ခင်ဗျာ၊ သို့သော်လည်း ကျွမ်းကျင်သူ ဖြစ်သည့်တိုင် ကိုယ် လိုချင်တဲ့ နေရာကို တိတိကျကျ မှန်ဖို့ အတွက် စိတ်ငြိမ်ဖို့နှင့် အာရုံ မပျက်ဖို့ အလွန် အရေးကြီးပါတယ်'

'ကောင်းပြီ၊ ဥပမာအားဖြင့် မတော်တဆ ဖြစ်တယ်ပဲ ဆိုပါစို့၊ ဒီမတော်တဆ ဖြစ်တာမျိုးကရော ဖြစ်ခဲ့တယ် မဟုတ်လား'

'မှန်ပါတယ်၊ တော်တော် ဖြစ်ခဲ့ပါတယ်၊ ဒီလိုသာ မကြာခဏ ဖြစ်တတ်ရင် ကျွန်တော်ကလည်း ကျွန်တော့် ဓာတ်ရှဲကို မငှားပါဘူး'

'ဒါဖြင့်ရင် တမင် လုပ်တာလို့ကော ပြောနိုင်မလား'

'မထင်ပါဘူး ခင်ဗျာ၊ မထင်ရတဲ့ အကြောင်းက ဒီလိုပါ၊ ၁၂ ပေ အကွာက နေပြီး လူကို လွတ်အောင် ဓားနှင့် ပေါက်ပြရတယ် ဆိုတာဟာ ကျွမ်းကျင်မှု လိုရုံတင် မကဘူး၊ ဘာခေါ်မလဲ၊ ဘေးရှိနိုင်သလား မရှိနိုင်ဘူးလား လို့ အလိုလို သိနိုင်တဲ့ အာရုံ တစ်မျိုးလည်း လိုပါတယ်၊ ဟိုတုန်းကတော့ ဒီလို ကိစ္စမျိုးမှာ ဘယ်လိုမှ အမှားအယွင်း အတိမ်းအစောင်း မရှိနိုင်ဘူးလို့


mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော်တို့ ထင်ခဲ့ကြတာပါပဲ၊ သို့သော်လည်း ဒီကိစ္စကို မြင်လိုက်ရတော့မှ အတိမ်းအစောင်း ရှိနိုင်တယ် ဆိုတာ ကျွန်တော်တို့ သိရပါပြီ ခင်ဗျာ'

'ကဲဗျာ၊ ခုကိစ္စကို ခင်ဗျား ဘယ်လို ထင်သလဲ၊ မတော်တဆ ဖြစ်တယ်လို့ ထင်သလား၊ ဒါမှမဟုတ် တမင် လုပ်တယ်လို့ ထင်သလား'

'ဒါတော့ ကျွန်တော် မပြောတတ်ပါဘူး ခင်ဗျာ'

တရားသူကြီးသည် ဝေခွဲမရ ဖြစ်လျက် ရှိလေ၏။ အမှုက လူသေမှု။ သို့ရာတွင် လူသတ်မှုလော၊ တင်ကူး ကြံရွယ်၍ သတ်သည်လော။ ဤသည်ကို မဝေခွဲနိုင်။ လူသတ်မှု ဆိုလျှင်ကား တော်တော် ပါးနပ် လိမ္မာစွာ ကြံစည် သတ်ဖြတ်ခြင်း ဖြစ်လိမ့်မည်ဟု တရားသူကြီး ထင်သည်။

ထို့နောက် တရားသူကြီးက စားမျက်လှည့်ဆရာ၏ လက်ထောက်ကို မေးသည်။ ထိုစားမျက်လှည့်ဆရာ၏ လက်ထောက်မှာ စားဆရာ ဟန်နှင့် နှစ်ပေါင်းများစွာ အတူတူ လုပ်ခဲ့ဖူးသူ ဖြစ်၏။

'တရားခံရဲ့ အနေအထိုင် ဘယ်လို ရှိသလဲ'

'အင်မတန် အနေအထိုင် ကောင်းပါတယ် ခင်ဗျာ၊ ဖဲ မရိုက်ဘူး၊ အရက်သေစာတို့ ဘာတို့လည်း မသောက်ဘူး၊ အပျော်အပါးလည်း မလိုက်ဘူး၊ ပြီးတော့ လွန်ခဲ့တဲ့ နှစ်တုန်းကပဲ ခရစ်ယာန် ဘာသာထဲကို ဝင်ခဲ့ပါသေးတယ်၊ အင်္ဂလိပ်စာ သင်နေပြီး အားတဲ့ အချိန်မှာ ဆိုရင် သမ္မာကျမ်းစာတို့ ဘာတို့ကိုပဲ ဖတ်နေတာပါပဲ'

'သေသူ သူ့ မိန်းမရဲ့ စာရိတ္တကကော'

'သူလည်း ကောင်းပါတယ်၊ ရုံးတော်က သိတဲ့ အတိုင်း နယ်တကာ လှည့်ပြီး ဒီလို လုပ်ကိုင် စားကြရတဲ့ လူများဟာ အကျင့် စာရိတ္တနှင့် ပတ်သက်လာရင် ပြောစရာ ဆိုစရာ ရှိတတ်ကြပါတယ်၊ ဒါပေမဲ့ ခု အစ်မကတော့ ဒီလို အပြစ် အနာအဆာမျိုး မရှိပါဘူး ခင်ဗျာ၊ အစ်မက ရုပ်ကလည်း ချောတော့ ရောက်လေရာရာမှာ ပိုးတဲ့ ပန်းတဲ့ လူတွေ ဒုနှင့်ဒေးပါပဲ၊ ဒါပေမဲ့ ဒါမျိုးကို အစ်မက နည်းနည်းမှ ဂရုမစိုက်ပါဘူး'

'သူတို့ လင်မယား စိတ်နေ သဘောထားကကော'

'ကောင်းပါတယ် ခင်ဗျာ၊ အင်မတန် သိမ်မွေ့ပြီး ကြင်နာတတ်ပါတယ်၊ မိတ်ဆွေ အပေါင်းအသင်းတွေ အပေါ်မှာလည်း အလွန် ကောင်းတဲ့ လင်မယားပါ၊ ဘယ်သူနှင့်မှ ခွန်းကြီး ခွန်းငယ် စကား များတာတို့ ဘာတို့ကို မတွေ့ဖူးပါဘူး၊ ဒါပေမဲ့..'

mgyoe.com

mgyoe.com
SAMPLE BOOK

ဓားမျက်လှည့်ဆရာ၏ လက်ထောက်သည် စကားကို ဖြတ်လိုက်ပြီးနောက် အတန်ကြာမျှ စဉ်းစားနေသည်။

'ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ် ခင်ဗျာ၊ အဲဒီ အကြောင်းကို ပြောလိုက်ရင် ကျွန်တော့် ဆရာ အပေါ်မှာများ အပြစ် လေးသွားမလား မသိဘူး၊ အမှန်အတိုင်း ပြောရရင်တော့ သူတို့ လင်မယား နှစ်ယောက်ဟာ တခြားသူတွေ အပေါ်မှာသာ ကောင်းကြပေမဲ့ သူတို့ အချင်းချင်းကျတော့ ခပ်တန်းတန်း ခပ်မှန်မှန်ပါပဲ ခင်ဗျာ'

'ဘာဖြစ်လို့လဲ'

'ဒါတော့ ကျွန်တော်လည်း မသိပါဘူး ခင်ဗျာ'

'ခင်ဗျားနှင့် စသိတုန်းကတည်းက သူတို့ နှစ်ယောက်ဟာ ဒီလိုပဲ တစ်ယောက် အပေါ်မှာ တစ်ယောက် ကြင်ကြင်နာနာ မရှိကြဘူး ဆိုပါတော့'

'မဟုတ်ပါဘူး ခင်ဗျာ၊ ဒီလို ဖြစ်လာတာ မကြာသေးပါဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကျမှ ဖြစ်လာတာပါ၊ အဲဒီတုန်းက အစ်မက ကိုယ်ဝန်နှင့် ခင်ဗျ၊ ကလေးက ရက်မစေ့ဘဲ မွေးပြီး သုံးရက်လောက် ကြာတော့ ဆုံးသွားပါတယ်၊ အဲဒီနောက်တော့ သူတို့ လင်မယားဟာ ဆက်ဆံရေး သိသိသာသာ ပြောင်းသွားပါတယ်၊ တစ်ခါတလေကျတော့ ဘာမဟုတ်တဲ့ အကြောင်းကလေးနှင့်လည်း အကြီးအကျယ် ရန်ဖြစ်ချင် ရန်ဖြစ်နေတယ် ခင်ဗျာ၊ ကျွန်တော့် ဆရာရဲ့ မျက်နှာကို ကြည့်ရတာလည်း သွေးမရှိတော့သလို အမြဲ ဖြူရော်ရော် ဖြစ်နေတတ်ပါတယ်၊ ရန်ဖြစ်ပြီးတော့လည်း စကား တစ်ခွန်းမှ မပြောတော့ဘဲ မှုန်နေတော့တာပါပဲ၊ ကျွန်တော့် ဆရာဟာ သူများကို ရိုက်ဖို့ နှက်ဖို့ မပြောနှင့်၊ ပုရွက်ဆိတ်ကလေး တစ်ကောင်ကိုတောင် သတ်တဲ့ လူမျိုး မဟုတ်ပါဘူး၊ ဒီလို ရိုက်မောင်းပုတ်မောင်း လုပ်တာ အော်ကြီးဟစ်ကျယ် ရန်ဖြစ်တာမျိုးလည်း သူ မကြိုက်ဘူး၊ ဒါပေမဲ့ ခုတော့ ရုံးတော်က မြင်တဲ့ အတိုင်း လုံးလုံးကြီး ပြောင်းလဲသွားတယ် ခင်ဗျ၊ သူ့မျက်လုံးတွေကို ကြည့်လိုက်ရုံနှင့် ဒေါသခိုးတွေ ထွက်နေသလားလို့တောင် အောက်မေ့ရတယ်၊ တစ်ခါတလေကျတော့ သူ့ မျက်လုံးတွေကို ကျွန်တော်တောင် ကြောက်မိသေးတယ် ခင်ဗျ။

'သူတို့ လင်မယား အခြေအနေက ဆိုးသည်ထက် ဆိုးလာတဲ့ အခါကျတော့ တစ်နေ့မှာ ကျွန်တော်က ဆရာဟန်ကို မေးမိတယ် ခင်ဗျ၊ ဒီလောက်တောင် ဖြစ်နေရင်လည်း ဘာဖြစ်လို့ မကွာသလဲ ဆရာ၊ ကွာလိုက်ကြပါလားလို့ ကျွန်တော်က ပြောမိတယ်၊ ဒီတော့ သူက သူ့ မိန်းမကို သူ မချစ်တော့ဘူးတဲ့၊


mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ကုန်ခန်းသွားပြီတဲ့၊ ဒါပေမဲ့ ကွာရှင်းဖို့ ဆိုတာကျတော့လည်း နိုင်လုံတဲ့ အကြောင်း မရှိတော့ ခက်တယ်တဲ့၊ သူက ဒီလို ဖြစ်တော့ ကျွန်တော့် အထင် သူ့ မိန်းမကလည်း သူ့ အပေါ်မှာ အချစ် ကုန်ခန်းသွားတယ်လို့ ထင်တာပဲ ခင်ဗျ၊ ဆရာဟန်ကလည်း ကျွန်တော့်ကို ဒီအတိုင်းပဲ ပြောပါတယ်၊ ကျွန်တော့် အထင် ပြောရရင်တော့ ကျွန်တော့် ဆရာ သမ္မာကျမ်းစာကို ဖတ်တာ ဘုရား တရားဘက်ကို သိပ်လိုက်နေတာတွေဟာ သူ့ရင်ထဲမှာ ရှိတဲ့ ဒေါသတွေကို ငြိမ်းအောင် လုပ်နေတယ်လို့ပဲ ထင်တာပဲ ခင်ဗျ၊ မုန်းစရာ အကြောင်း မည်မည် ရရ မရှိဘဲ မုန်းနေတဲ့ အတွက် ဒီအမုန်းတွေ အာဃာတတွေ ပြေအောင် လုပ် တာလည်း ဖြစ်နိုင်တာပေါ့ ခင်ဗျာ၊ အမှန်ကတော့ ဆရာကတော်ဟာ တော် တော် သနားစရာ ကောင်းတဲ့ မိန်းမပါ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဆရာဟန် နှင့် အိမ်ထောင်ကျခဲ့ပြီး သူနှင့် အတူ နယ်တကာ လိုက်ပြီး မျက်လှည့် ပြခဲ့ပါ တယ်၊ ဆရာဟန်နှင့် ကွဲသွားလို့ သူ့ ရပ်ရွာကို သူ ပြန်သွားရင်တောင် လင် ကောင်းသားကောင်း ရဖို့ သိပ်မလွယ်တော့ပါဘူး၊ အရပ်တကာကို ဒီလောက် လှည့်လည်သွားနေတဲ့ မိန်းမ တစ်ယောက်ကို ဘယ်ယောကျ်ားက ယုံတော့မလဲ ခင်ဗျာ၊ ဒါကြောင့်မို့ ဆရာဟန်နှင့် အဆင်မပြေသည့်တိုင် ဘယ်ကိုမှ မသွားဘဲ ပေကတ်နေတယ်လို့ ထင်တာပဲ'

'ခု သေရတဲ့ ကိစ္စနှင့် ပတ်သက်လို့ ခင်ဗျား ဘယ်လို ထင်သလဲ'

'ဘာကို ပြောတာလဲ ခင်ဗျာ၊ မတော်တဆ ဖြစ်တာလား၊ တမင် သေ အောင် ကြံတာလားလို့ မေးတာလား'

'ဟုတ်တယ်'

'အဲဒီ ကိစ္စ ဖြစ်တဲ့ နေ့က စပြီး ကျွန်တော်လည်း ဘက်ပေါင်းစုံက စဉ်း စားနေတာပဲ ခင်ဗျ၊ ဒါပေမဲ့ စဉ်းစားလေလေ ကျွန်တော့်မှာ ရှုပ်လေလေ ဖြစ် နေပါတယ်၊ ဒါနှင့် ဒီအကြောင်းကို အစီအစဉ် ကြေညာတဲ့ လူနှင့် ပြောကြည့် လို့တောင် သူလည်း မစဉ်းစားတတ်အောင် ဖြစ်နေပြီလို့ ပြောပါသေးတယ်'

'ကောင်းပြီ၊ ဒါဖြင့် နောက်တစ်ခွန်း မေးမယ်၊ အဲဒီ ကိစ္စ ဖြစ်လိုက်တဲ့ အချိန်တုန်းက ခင်ဗျား စိတ်ထဲမှာ တမင် လုပ်တာလား၊ မတော်တဆပဲ ဖြစ် တာလားလို့ အတွေးများ ပေါ်မလာမိဘူးလား'

'ပေါ်မိပါတယ် ခင်ဗျာ၊ ဆရာဟန်ဟာ စိတ်ဆိုးဆိုးနှင့် သူ့ မိန်းမကို သတ်များ သတ်ပစ်လိုက်လေသလားလို့ ကျွန်တော် ထင်မိပါတယ် ခင်ဗျာ'

'တမင် သတ်တယ်လို့ပဲ ထင်လိုက်တယ်ပေါ့'


mgyoe.com

mgyoe.com
SAMPLE BOOK

'ဟုတ်ပါတယ် ခင်ဗျာ၊ ဒါပေမဲ့ အစီအစဉ် ကြေညာသူကတော့ လက်ချော်သွားတယ် ထင်တယ်လို့ ပြောပါတယ်'

'ဒါပေမဲ့ သူက သူတို့ လင်မယားရဲ့ ဆက်ဆံရေးကို ခင်ဗျားလောက် မသိဘူး မဟုတ်လား'

'ဟုတ်ကဲ့၊ သိချင်မှ သိပါလိမ့်မယ် ခင်ဗျာ၊ ဒါပေမဲ့ သူ့ မိန်းမကို တမင်သတ်တယ်လို့ ကျွန်တော် ထင်လိုက်တာဟာ သူတို့ အကြောင်းကို သိလို့ ထင်တာ မဟုတ်ဘူး ဆိုတာ နောက် ပြန်စဉ်းစားတော့ သိလာပါတယ်'

'သူ့ မိန်းမကို စားမှန်လိုက်တော့ ခင်ဗျား ဆရာ ဘယ်လို ဖြစ်သွားသလဲ'

'ဟာ ဆိုပြီး တစ်ချက် အော်လိုက်ပါတယ်၊ သူ့ အော်သံ ကြားလို့ ကျွန်တော် လှမ်းကြည့်လိုက်တော့ ဆရာကတော်ရဲ့ လည်ပင်းက သွေးတွေ ပန်းထွက်နေတာကို မြင်လိုက်ရပါတယ်၊ ဆရာကတော်ဟာ အတော်ကြာ မတ်မတ်ရပ်နေသေးတယ် ခင်ဗျ၊ ပြီးတော့မှ ဒူးတွေ တဖြည်းဖြည်း ညွတ်ကျလာပြီး ရှေ့ကို ယိုင်လဲ ကျသွားပါတယ်၊ ဓားလည်း ကျသွားရော သူလည်း ကြမ်းပေါ်ကို ပုံလျက်သား ကျသွားတာပါပဲ၊ ကျွန်တော်တို့လည်း ဘာမှ မလုပ်တတ်ဘဲ ကြက်သေသေပြီး ကြည့်နေကြပါတယ်၊ အဲဒီတုန်းက ကျွန်တော် သူ့ကို မကြည့်လိုက်မိတဲ့ အတွက် ဘယ်လို နေသလဲ ဆိုတာတော့ ကျွန်တော် မသိလိုက်ဘူး ခင်ဗျ၊ သူ တမင် သတ်တာ ဖြစ်မှာပဲလို့ ကျွန်တော့် စိတ်ထဲမှာ ပေါ်လာတဲ့ အခါကျတော့မှ ကျွန်တော် သူ့ဘက်ကို လှည့်ကြည့်မိတယ် ခင်ဗျ၊ သူ့ မျက်နှာက လူသေ မျက်နှာလို ဖြူဖပ်ဖြူရော် ဖြစ်ပြီး မျက်လုံးတွေကို မှိတ်လို့ ခင်ဗျ၊ အဲဒီတုန်းမှာ ဇာတ်ရုံ မန်နေဂျာက ကန့်လန့်ကာကို ချပစ်လိုက်တယ်၊ ဆရာကတော် အလောင်းကို သွားပွေ့ကြတဲ့ အခါကျတော့ အသက် ပျောက်နေပြီ ခင်ဗျ၊ ဆရာဟန်ဟာ ဒူးထောက်ပြီး အချိန် အတော်ကြာ ဘုရားစာတွေကို ရွတ်ပြီး ဆုတောင်းနေပါတယ်'

'သူ့ ကြည့်ရတာ ဘယ့်နှယ် နေသလဲ၊ တော်တော် စိတ်ထိခိုက်နေပုံ ရသလား'

'ဟုတ်ကဲ့၊ တော်တော် စိတ်လှုပ်ရှားနေပုံ ရပါတယ်'

'ဟုတ်ပြီ၊ နောက်တစ်ခါ စစ်စရာ ရှိရင် ထပ်ခေါ်ဦးမယ်'

တရားသူကြီးသည် မျက်လှည့်ဆရာ၏ လက်ထောက်ကို စစ်ဆေးပြီးလျှင် တရားခံ ဟန်ကို စစ်ဆေးလေ၏။ ဓားဆရာဟန်၏ ပါးနပ် ထက်မြက်ဟန် ရှိသော မျက်နှာမှာ ဖြူရော် ချုံးကျလျက် ရှိ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

ကြည့်လိုက်ရုံဖြင့်ပင် အကြီးအကျယ် တုန်လှုပ် ချောက်ချားနေမှန်း သိသာနိုင်သည်။ ဝက်ခြံထဲတွင် တရားခံ ထရပ်လိုက်သည့် အခါ၌ တရားသူကြီးက 'ဓာတ်ခံ မန်နေဂျာနှင့် မောင်မင်း‌ရဲ့ လက်ထောက်ကိုတော့ စစ်ပြီးပြီ၊ မောင်မင်းကို စစ်မယ်'

ဆရာဟာန်က ခေါင်းညိတ်ပြသည်။

'မောင်မင်းရဲ့ မိန်းမကို တကယ် ချစ်ရဲ့လား၊ မှန်မှန် ဖြေပါ'

'ကျွန်တော်တို့ လက်ထပ်တဲ့နေ့က စပြီး ကလေးရတဲ့နေ့ အထိ ကျွန်တော့် မိန်းမကို ကျွန်တော် အသေအလဲ ချစ်ပါတယ် ခင်ဗျာ'

'ဒါဖြင့် ကလေး မွေးပြီးခါမှ ဘာဖြစ်လို့ အချစ် လျော့သွားတာလဲ'

'ကျွန်တော်နှင့် ရတဲ့ ကလေး မဟုတ်ဘူး ဆိုတာ သိလို့ပါ'

'ဒါဖြင့် ဘယ်သူနှင့် ရတဲ့ ကလေး ဆိုတာကိုကော မောင်မင်း သိသလား'

'သိပါတယ် ခင်ဗျာ၊ သူနှင့် ဆွေရိပ်မျိုးရိပ် မကင်းထဲက လူတစ်ယောက်ပါ'

'အဲဒီလူကိုကော မောင်မင်း လူကိုယ်တိုင် သိသလား'

'သိပါတယ်၊ ကျွန်တော်နှင့်လည်း ခင်ပါတယ်၊ သူ တိုက်တွန်းလို့ ကျွန်တော်တို့ လက်ထပ်ဖြစ်ခဲ့ကြတာပါ'

'ဒါဖြင့် အဲဒီလူနှင့် မောင်မင်းရဲ့ မိန်းမဟာ မောင်မင်းတို့ လက်မထပ်ခင် ကတည်းက ရင်းနှီးနေခဲ့တဲ့ သဘောပေါ့'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ လက်ထပ်လို့ ရှစ်လ အကြာမှာ ကလေး မွေးပါတယ်'

'မောင်မင်းရဲ့ လက်ထောက် မျက်လှည့်ဆရာက လမစေ့ဘဲ မွေးတယ်လို့ ပြောပါကလား'

'ဟုတ်ပါတယ်၊ ဒါ ကျွန်တော်ကပဲ ပြောခဲ့တာပါ'

'ကလေးဟာ မွေးပြီး မကြာခင်မှာပဲ ဆုံးသွားတယ်လို့ ဆိုတယ်၊ အဲဒီ အတိုင်း ဟုတ်ရဲ့လား၊ ဘာဖြစ်လို့ ဆုံးတာလဲ'

'အမေ့နို့ တိုက်ရာက ရင်ဘတ်နှင့် ဖိမိလို့ မွန်းပြီး ဆုံးသွားတာပါ'

'မောင်မင်း မိန်းမဟာ တမင် လုပ်တယ်လို့များ မထင်မိဘူးလား'

'သူကတော့ မတော်တဆ ဖြစ်တယ်လို့ ပြောပါတယ်'

တရားသူကြီးသည် တိတ်ဆိတ်သွားကာ ဆရာဟာန်၏ မျက်နှာကို အတန်ကြာမျှ စိုက်ကြည့်လျက် ရှိလေ၏။ ဆရာဟာန်သည် ခေါင်းမော့ထားသော်လည်း


mgyoe.com

mgyoe.com
SAMPLE BOOK

မျက်လွှာကို ချကာ နောက်ထပ် မေးမည့် မေးခွန်းကို စောင့်နေသည်။ တရားသူကြီးက ဆက်မေးလိုက်၏။

'ဒီပြင် ယောကျ်ား တစ်ယောက်နှင့် ဖြစ်ခဲ့ဖူးတာကို မောင်မင်းကို ဖွင့်ပြောဖူးသလား'

'မပြောဖူးပါဘူး၊ ကျွန်တော်ကလည်း မမေးဖူးပါဘူး၊ ကလေး သေသွားရတာဟာ သူ့ အမှား ဒဏ်ကို သူ ခံလိုက်ရတာပဲလို့ ကျွန်တော် ယူဆပါတယ်၊ ဒါကြောင့် ကျွန်တော့် အနေနှင့် တတ်နိုင်သမျှ သဘောထား ကြီးကြီး ထားမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်၊ ဒါပေမဲ့..'

'ဒါပေမဲ့ နောက်ဆုံးကျတော့ မောင်မင်း သဘောထား မကြီးနိုင်ဘူးပေါ့'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် သဘောထား မကြီးနိုင်တော့ပါဘူး၊ ကလေး သေတာဟာ သူ့ အမှား အတွက် လုံလောက်တဲ့ ပြစ်ဒဏ်လို့ ကျွန်တော် မထင်ပါဘူး၊ သူ့ မျက်နှာကို မမြင်ရခင်မှာတော့ ကျွန်တော် ခေါင်းအေးအေးနှင့် စဉ်းစားနိုင်ပါတယ်၊ ဒါပေမဲ့ သူ့ မျက်နှာကို မြင်လိုက်တာနှင့် တစ်ပြိုင်နက် ကျွန်တော့် ရင်ထဲမှာ ဗလောင်ဆူလာပါတယ်၊ ဘယ်လို ဖြစ်လာမှန်း မသိပါဘူး'

'ကွာရှင်း ပြတ်စဲဖို့များ မစဉ်းစားမိဘူးလား'

'စဉ်းစားမိပါတယ်၊ ဒါပေမဲ့ သူ့ကိုတော့ တစ်လုံးမှ ဖွင့်မပြောဖူးပါဘူး၊ သူ့ကို ပစ်သွားရင် သူတော့ ရင်ကွဲနာကျ သေမှာပဲလို့ မကြာခဏ ကျွန်တော့်ကို ပြောတတ်ပါတယ်'

'သူက မောင်မင်းကို တော်တော် ချစ်သလား'

'မချစ်ပါဘူး'

'မချစ်ရင် ဘာဖြစ်လို့ ဒီလို စကားမျိုးတွေ ပြောသလဲ'

'ကျွန်တော့် အထင် ပြောရရင်တော့ သူ့ နေရေးထိုင်ရေး ကသီလင်တ ဖြစ်မှာ စိုးလို့ ပြောတယ် ထင်တာပဲ၊ သူတို့ သားချင်းတွေက တော်တော်လေး ရှားပါး ပင်ပန်းကြပါတယ်၊ ရှိသမျှ ပစ္စည်းလည်း သူ့ အစ်ကိုကြီး သုံးဖြုန်းပစ်လို့ ဘာမှ မရှိတော့ပါဘူး၊ ပြီးတော့ ကျွန်တော့်လို နယ်တကာ လှည့်ပြီး မျက်လှည့် ပြစားနေတဲ့ လူတစ်ယောက်ရဲ့ မိန်းမမျိုးကိုလည်း ဘယ်ယောကျ်ားကမှ အတည်တကျ ယူမှာ မဟုတ်ဘူး ဆိုတာ သူ့ဟာသူ ရိပ်မိဟန် တူပါတယ်၊ ဒီပြင် အလုပ်အကိုင် လုပ်ဖို့ ဆိုတာကလည်း သူ့မှာ ပညာ အရည်အချင်းရယ်လို့ မရှိတော့'

mgyoe.com

mgyoe.com
SAMPLE BOOK

'မောင်မင်းတို့ လင်မယားရဲ့ ဆက်ဆံရေးကော၊ မေးချင်တာက လင်မယား ဆက်ဆံရေးမျိုးကို ပြောတာ'

'ဒီ့ပြင် လင်မယားတွေလိုပါပဲ'

'မောင်မင်း မိန်းမက မောင်မင်းကိုရော သဘောကျရဲ့လား'

'ကျွန်တော့်ကို သိပ်သဘောကျတယ်လို့ မထင်ပါဘူး၊ တကယ်ကတော့ ကျွန်တော့် မယား ဖြစ်နေရတာကို တော်တော် စိတ်ဆင်းရဲနေတယ်လို့ ထင်ပါတယ်၊ ဒါပေမဲ့ သူ တော်တော် သည်းခံပြီး နေပါတယ်၊ သည်းခံတာမှ တော်တော့်လူဟာ သူ့လောက် စိတ်ရှည်ရှည် ထားနိုင်မယ် မထင်ပါဘူး၊ ကျွန်တော့် ဘဝ ပျက်စီးပြီး ဖရိုဖရဲ ဖြစ်တာကို ကြောင်တောင် ထိုင်ကြည့်နိုင်တဲ့ မိန်းမမျိုးပါ၊ ကျွန်တော့်မှာဖြင့် ကောင်းကောင်းမွန်မွန် တင့်တောင့်တင့်တယ် နေနိုင်အောင် လုပ်လိုက်ရတာ ခါးကျိုးမတတ်ပဲ၊ ဒါပေမဲ့ လင် ဒီလောက်တောင် လုပ်နေတာကို ငါ့ယောကျ်ားဟာဖြင့် သားကျွေးမှု မယားကျွေးမှု လုပ်နေရှာတယ်၊ သနားပါတယ် ဆိုတဲ့ စကားမျိုး အမူအရာမျိုး တစ်ခါမှ မပြဖူးဘူး'

'ဒါဖြင့်ရင် မောင်မင်း သူနှင့် ရှင်းရှင်းလင်းလင်း နေကြဖို့ ဘာဖြစ်လို့ မလုပ်သလဲ၊ သူ့ကို မောင်းထုတ်တာ သို့မဟုတ် သူ့ကို စွန့်ပစ်သွားတာတို့ ဘာတို့ကို ဘာဖြစ်လို့ မလုပ်သလဲ'

'ကျွန်တော့်မှာ ကျွန်တော့် စိတ်ကူးကလေးတွေ မူကလေးတွေ ရှိနေတော့ မလုပ်ဖြစ်ပါဘူး'

'ဘယ်လို မူတွေလဲ'

'ကျွန်တော့် မိန်းမနှင့် ဆက်ဆံရာမှာ သူက ဘယ်လောက်ပဲ မှားမှား ကိုယ့်ဘက်က အမှားအယွင်း မရှိအောင် အတတ်နိုင်ဆုံး နေမယ်လို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်၊ ဒါပေမဲ့ ဒီဆုံးဖြတ်ချက်ဟာလည်း နောက်ဆုံးတော့ အကောင်အထည် မပေါ်ခဲ့ပါဘူး'

'မောင်မင်း မိန်းမကို မောင်မင်း သတ်မယ်လို့များကော စိတ်ကူး မပေါ်မိဘူးလား'

ဆရာဟန်က မဖြေ။

တရားသူကြီးက ထိုမေးခွန်းကို ထပ်မေးသည်။

ဆရာဟန်သည် အတန်ကြာ စဉ်းစားနေပြီးမှ 'ကျွန်တော် သူ့ကို သတ်မယ်လို့ စိတ်ကူး မပေါ်ခင်မှာ သူ့ဘာသာသူ သေသွားရင် အကောင်းသားလို့ ကျွန်တော် ခဏ ခဏ တွေးမိပါတယ်'

mgyoe.com

mgyoe.com
SAMPLE BOOK

'အကယ်၍များ လူသတ်တာကို ဥပဒေ အရ ဘာမှ အပြစ် မလုပ်နိုင်ဘူး ဆိုရင် မောင်မင်းဟာ မောင်မင်း မိန်းမကို သတ်မိမှာပဲပေါ့'

'ဥပဒေကို ကျွန်တော် ထည့်မစဉ်းစားပါဘူး၊ သူ့ကို မသတ်ခဲ့မိတာက လည်း ဥပဒေကို ကြောက်လို့ မဟုတ်ပါဘူး၊ ကျွန်တော် ကိုယ်တိုင် မသတ်ရဲ လို့ပါ၊ ဒါပေမဲ့ စိတ်ထဲမှာတော့ သူ သေသွားရင် သူ မရှိတော့ရင် ကျွန်တော့် ဘဝဟာ ကောင်းသွားမှာပဲလို့ ထင်နေပါတယ်'

'ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးကျတော့ မောင်မင်း မိန်းမကို သတ်ဖို့ မောင် မင်း ကြံစည်ခဲ့တယ် မဟုတ်လား၊ ဟုတ်တယ် မဟုတ်လား၊ နောက်ကျတော့ မောင်မင်း စိတ်ကူးမိတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ တစ်ကြိမ် တစ်ခါတော့ စိတ်ကူး ပေါ်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ တကယ် လက်တွေ့ လုပ်မယ်လို့ ဆုံးဖြတ်သည် အထိတော့ မရောက်ခဲ့ပါ ဘူး'

'ဒီလို စိတ်ကူး ပေါ်ခဲ့ဖူးတာ ဘယ်လောက် ကြာသွားပြီလဲ'

'အချင်း မဖြစ်ပွားမီ တစ်ညကပါ၊ ပိုပြီး တိတိကျကျ ပြောရရင် မနက် ပိုင်း အထိ အဲဒီ စိတ်မျိုး ရှိနေပါသေးတယ်'

'ဒီအတောအတွင်းမှာ မောင်မင်းတို့ လင်မယား စကားများထားကြတယ် မဟုတ်လား'

'မှန်ပါတယ်'

'ဘာကိစ္စ စကားများကြတာလဲ'

'ဘာမှ မဖြစ်လောက်တဲ့ အသေးအဖွဲ့ကလေးပါ ခင်ဗျာ၊ ထုတ်ပြောလို့ တောင် မကောင်းပါဘူး'

'ပြောစမ်းပါဦးလေ'

'အစားအသောက် ကိစ္စပါ၊ ကျွန်တော့် အကျင့်က ဆာလို့ ရှိရင် စိတ်တို တတ်တယ် ခင်ဗျ၊ အဲဒီနေ့ကတော့ ကျွန်တော့် မိန်းမက အပျင်းထူနေတာနှင့် တော်တော် မိုးကြီးချုပ်မှ ထမင်း ချက်ရတယ် ခင်ဗျ၊ ကျွန်တော်လည်း ဆာဆာ နှင့် တော်တော်လေး စိတ်ဆိုးမိတယ်'

'အဲဒီတုန်းက စကားများကြတော့ ခါတိုင်းထက် ကြီးကြီးကျယ်ကျယ် စကားများကြသလား'

'သိပ်မကြီးကျယ်ပါဘူး ခင်ဗျာ၊ ခါတိုင်းလို ကတောက်ကဆ ဖြစ်ကြရုံ လောက်ပါပဲ၊ ဒါပေမဲ့ ဘာဖြစ်လို့မှန်း မသိဘူး၊ ကျွန်တော့် စိတ်ထဲမှာ ဆာတာ


mgyoe.com

mgyoe.com
SAMPLE BOOK

တာ ဖြစ်နေပါတယ်၊ ခုတလောမှာ ကျွန်တော့် နေရေးထိုင်ရေး အတွက် တောင်စဉ်းစား မြောက်စဉ်းစား၊ အလုပ်ကလည်း တစ်နေကုန် လုပ်တော့ ပင်ပန်းလို့ ဒီလို ဖြစ်တာပဲလေလို့ ကျွန်တော် ထင်လိုက်ပါတယ်၊ ဒါနှင့် ကျွန်တော်လည်း ဘာမှ မတတ်နိုင်တဲ့ အတူတူ စောစော အိပ်တာ ကောင်းတယ် ဆိုပြီး အိပ်ရာထဲကို ဝင်ခဲ့ပါတယ်၊ ဒါပေမဲ့ အိပ်ရာထဲ ရောက်တော့လည်း အိပ်လို့ မရဘူး၊ ကျွန်တော့် စိတ်ထဲမှာ အတွေးတွေ အမျိုးမျိုး ပေါ်နေတယ်၊ ကျွန်တော် ဘာလုပ်လုပ် အောင်မြင်မှာ မဟုတ်ဘူး၊ ဘာ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား ဘာမှ အရာရောက်မှာ မဟုတ်ဘူးလို့ ကျွန်တော့် စိတ်ထဲမှာ ထင်နေတယ်၊ လက်ထပ်လိုက်တဲ့ အချိန်က စပြီး ဒီလို ဆင်းဆင်းရဲရဲ နွမ်းနွမ်းပါးပါး ဖြစ်လာခဲ့လေတော့ မယားရ ကံဆိုးပြီလို့ပဲ ကျွန်တော် အောက်မေ့လိုက်ပါတယ်၊ ကျွန်တော့် ဘဝမှာ အလင်းရောင် ဆိုလို့ မရှိသလောက် မှောင်မည်းနေတယ်လို့လည်း ခံစားမိတယ်၊ အလင်းရောင်ကလေး လိုချင်တယ်၊ ဒါပေမဲ့ နောက်ဆုံးတော့ အဲဒီ ဆန္ဒကလေးတောင် ပျောက်သွားပါတယ်၊ ကျွန်တော့် စိတ်ထဲမှာ အခြေအနေ ကောင်းအောင် ကြိုးစားချင်တဲ့ စိတ်ကလေးတော့ ကျန်နေပါသေးတယ်၊ ဒီစိတ်ကလေးပါ ပျောက်သွားပြီ ဆိုရင်တော့ ကျွန်တော့် ဘဝဟာလည်း ရှင်လျက် သေသူနှင့် ဘာခြားနားတော့မှာလဲ ခင်ဗျာ။

'ဒီတုန်းမှာ သူ သေပါစေ၊ သူ သေပါစေလို့ စိတ်ထဲက အလိုလို ဆုတောင်းနေမိတယ် ခင်ဗျ၊ ဒီလို ဆုတောင်းရတာ ကောင်းတော့ မကောင်းဘူးပေါ့ ခင်ဗျာ၊ ငါ ဘာလို့ သတ်ရမှာလဲ၊ သူ့ဘာသာသူ သေရင် ကောင်းတာပဲလို့ အောက်မေ့ပြီး သူ သေဖို့ပဲ ဆုတောင်းနေမိပါတယ်၊ ဒီလောက်တောင် သေစေချင်နေရင် ငါကိုယ်တိုင် သတ်လို့ကတော့ကော ဘာဖြစ်မှာလဲလို့ ကျွန်တော် တွေးမိလာပါတယ်၊ သူ့ကို သတ်မိလို့ တစ်ခုခု ဖြစ်တော့ကော ဘာအရေးလဲ၊ အလွန် ထောင်တစ်သက် ရှိတော့မပေါ့၊ အပြင်မှာ ခုလို နေရတာနှင့်စာရင် ထောင်ထဲမှာ နေရတာက ပိုပြီးတောင် ကောင်းလိမ့်ဦးမယ်လို့ ကျွန်တော် ထင်လာမိတယ် ခင်ဗျ၊ ဒါပေမဲ့ ခက်တာက သူ့ကို ကျွန်တော် သတ်လိုက်ပါပြီတဲ့၊ သူ သေသွားတော့ကော ကျွန်တော့် ပြဿနာတွေက ရှင်းသွားပြီတဲ့လား၊ ကျွန်တော့် စားဝတ်နေရေး ပိုပြီး တိုးတက်လာမတဲ့လား၊ ဒါဟာ ဘဝကို ရင်မဆိုင်ရဲဘဲ ကြံမိကြံရာ ကြံတာနှင့် မတူဘူးလား၊ ပြဿနာကို ရင်မဆိုင်ရဲတာနှင့် ကိုယ့်ဘာသာကိုယ် သတ်သေတာမျိုးနှင့် တူမနေဘူးလား၊ အေးလေ၊ မတတ်နိုင်ဘူး၊ ဖြစ်လာတဲ့ ဘဝကို ရဲရဲ ရင်ဆိုင်ရမှာပဲ၊ ကိုယ့်အကြောင်းနှင့်ကိုယ်


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်လာကြတာကိုး၊ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲ အောက်မေ့ရတော့မှာပေါ့လို့ ကျွန်တော် ကိုယ့်စိတ်ကိုကိုယ် ဖြေပါတယ်။

'ဒီလိုနှင့် ကျွန်တော် အိပ်ရာပေါ်မှာ ယောက်ယက်ခတ်ပြီး ဟိုတွေး ဒီတွေး တွေးရင်း လှဲနေမိတယ်၊ ကျွန်တော့်ကို စိတ်မချမ်းသာစေခဲ့တဲ့ အကြောင်းရင်း ဖြစ်တဲ့ ကျွန်တော့် မိန်းမက ကျွန်တော့် ဘေးမှာ အိပ်လို့၊ ကျွန်တော့် ရင်ထဲမှာ မောပန်း ကုန်ခန်းပြီး အိပ်လို့ မရဘဲ ဖြစ်နေတယ်၊ ကျွန်တော့် ခေါင်းထဲမှာလည်း ဘယ်လို ဖြစ်သွားမှန်း မသိဘူး၊ ဟာလာဟင်းလင်း ဖြစ်ပြီး ကြောင်တောင်တောင် ဖြစ်နေတယ်၊ ဒီလို တွေးရင်း ကျွန်တော့် မိန်းမကို သတ်ဖို့ ဆိုတဲ့ စိတ်ကူးဟာလည်း ခေါင်းထဲက အလိုလို ပျောက်သွားတယ်၊ ကျွန်တော့် စိတ်ဟာ ဟာလာဟင်းလင်း ဖြစ်ပြီး ကယောင်ချောက်ချား ဖြစ်နေတယ်၊ ကျွန်တော့် ဘဝကို ကောင်းအောင် သာယာအောင် ကြိုးစားမယ်လို့ အားတင်း ဆုံးဖြတ်ပေမဲ့ ကျွန်တော်ဟာ ကောင်းမွန် သာယာတဲ့ ဘဝမျိုးကို တည်ဆောက်နိုင်အောင် အားမာန် သတ္တိ ရှိတဲ့ ကောင်မျိုး မဟုတ်ဘူး ဆိုတာကို ကိုယ့်ဘာသာကိုယ် စဉ်းစားမိတယ်၊ ဒီလိုနှင့် တလူးလူး တလှိမ့်လှိမ့် စဉ်းစားနေလိုက်တာ မိုး ထိန်ထိန်လင်းလို့ ကြည့်လိုက်တော့ ကျွန်တော့် ဘေးမှာ ကျွန်တော့် မိန်းမက လည်း ကျွန်တော့်လိုပဲ ခင်ဗျ၊ အိပ်လို့ မပျော်ဘူး'

'အိပ်ရာက ထတော့ တစ်ယောက်ကို တစ်ယောက် ခါတိုင်းလိုပဲ ကောင်း ကောင်းမွန်မွန် ဆက်ဆံကြရဲ့လား'

'ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စကား တစ်ခွန်းမှ မပြောမိကြဘူး ခင်ဗျ'

'နေစမ်းပါဦး၊ မောင်မင်းက ကိုယ့်မိန်းမကို ဒီလောက် အထိ ဖြစ်နေရင် မပေါင်းဘဲ သူ့ကို ဒီအတိုင်း ပစ်ထားခဲ့လို့လည်း ရသားပဲ၊ ဘာဖြစ်လို့ ပစ်ထား ခဲ့ဖို့ စိတ်မကူးသလဲ'

'ဒီလို ပစ်ထားခဲ့ရင် ကျွန်တော့် ပြဿနာဟာ အလိုလို ပြေလည်သွားလိမ့် မယ်လို့ ရုံးတော်က ယူဆပါသလား ခင်ဗျာ၊ မရပါဘူး ခင်ဗျာ၊ ပြဿနာက မပြေလည်ပါဘူး၊ ဒီလို လုပ်ရင် ပြဿနာကို ရှောင်ထွက်ပြေးတာနှင့် အတူတူ ပါပဲ၊ ရုံးတော်ကို တင်ပြခဲ့တဲ့ အတိုင်း ကျွန်တော့် အနေနှင့် သူ့အပေါ်မှာ ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့ ကိုယ့်ဘက်က အမှား မရှိအောင် နေဖို့ ကျွန်တော် ဆုံးဖြတ်ပြီးသားပါ'

ဓားဆရာ ဟန်က တရားသူကြီးကို လှမ်းကြည့်လိုက်သည်။



mgyoe.com

mgyoe.com
SAMPLE BOOK

တရားသူကြီးက ဆက်ပြောရန် အချက်ပေးသည့် အနေဖြင့် ခေါင်းညိတ်ပြ၏။

'နောက်တစ်နေ့ကျတော့ ကျွန်တော်လည်း တစ်ကိုယ်လုံး နုံးနေပါတယ်၊ စိတ်လည်း မကြည်မလင် ဖြစ်နေတာပေါ့ ခင်ဗျာ၊ ငြိမ်ငြိမ် ထိုင်နေလို့ မရတာနှင့် အဝတ်အစား လဲပြီး အိမ်ကနေ မြို့ထဲကို ထွက်လာခဲ့ပါတယ်၊ မြို့ထဲရောက်တော့ ဟိုလျှောက် ဒီလျှောက်နှင့် အချိန် ဖြုန်းနေပါတယ်၊ လျှောက်သွားရင်းလည်း ကိုယ့်ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းအောင်တော့ လုပ်ရမှာပဲလို့ စိတ်ကူးလာပါတယ်၊ ဒါပေမဲ့ ကျွန်တော့် မိန်းမကို သတ်ဖို့ ဆိုတဲ့ စိတ်ကူးတော့ မပေါ်လာတော့ပါဘူး၊ တကယ်ကတော့ လူသတ်မယ် ဆိုတာ စိတ်ကူးထဲမှာသာ ကူးရဲတာ၊ တကယ် လက်တွေ့ လုပ်ဖို့ကျတော့ လွယ်တဲ့ ကိစ္စမှ မဟုတ်တာ ခင်ဗျာ၊ ညနေပိုင်းမှာ ကျွန်တော်တို့ မျက်လှည့်ပွဲ ရှိတယ် ဆိုတာလည်း ကျွန်တော် သတိမရဘူး ခင်ဗျ၊ သတိရရင် ဓားပေါက်တဲ့ အခန်းကို ကျွန်တော် ဖြုတ်ထားလိုက်မှာပေါ့ ခင်ဗျာ၊ ကျွန်တော့်မှာ အစားထိုးစရာ အခြားအခန်းတွေ အများကြီး ရှိတာပဲ။

'ဒါနှင့် ညကျတော့မှ ကျွန်တော်တို့ စင်ပေါ် တက်တဲ့ အလှည့် ရောက်ပြီဆိုပါတော့၊ ကျွန်တော့် စိတ်ထဲမှာ ဘာမှ ထူးထူးထွေထွေ မဖြစ်မိဘူး ခင်ဗျ၊ ခါတိုင်းဆိုရင် ကျွန်တော်တို့ ပညာသည်တွေမှာ တစ်ခုခု ဖြစ်တော့မယ် ဆိုရင် တစ်ခုခု နိမိတ် ပြလေ့ ရှိတယ်၊ ခုတော့ ဘာမှလည်း မပြဘူး၊ ဓားပေါက်ခန်း ရောက်တော့ ကျွန်တော်က ပရိသတ်ဘက်ကို လှည့်ပြီး ဓားတွေကို ပြတယ်၊ ကျွန်တော့် ဓားတွေ ဘယ်လောက် ထက်တယ်ပေါ့လေ၊ စက္ကူတွေကို တိခနဲ ဖြတ်ပြတယ်၊ သစ်သား ပျဉ်ပြားကြီးကို ထောင်ထားပြီး ပေါက်ပြတယ်၊ ဒီလိုလုပ်ပြီးတော့ ကျွန်တော့် မိန်းမလည်း ထွက်လာတယ်၊ ထုံးစံ အတိုင်း မိတ်ကပ်ခပ်ထူထူ လိမ်းပြီး ကိုယ်ကျပ် ဘောင်းဘီတို့ ကိုယ်ကျပ် အင်္ကျီတို့ကို ဝတ်လို့ပေါ့ ခင်ဗျာ၊ သူက ပရိသတ်ကို ဦးညွှတ် နှုတ်ဆက်ပြီး သူ ရပ်ရမယ့် နေရာဖြစ်တဲ့ ပျဉ်ပြားကြီး ရှေ့မှာ သွားရပ်တယ် ခင်ဗျ၊ ကျွန်တော်က ချထားတဲ့ ဓားမြှောင် တစ်လက်ကို ကောက်ပြီး သူနှင့် ခပ်လှမ်းလှမ်းမှာ သွားရပ်နေလိုက်တယ်။

'ကျွန်တော်တို့ နှစ်ယောက် မျက်လုံးချင်း ဆိုင်မိကြတယ်၊ မနေ့ ညနေကတည်းက မျက်လုံးချင်း မဆိုင်မိခဲ့ကြတာ ခု ပထမ အကြိမ်ပဲ ခင်ဗျ၊ မျက်လုံးချင်း ဆိုင်လိုက်မိတယ် ဆိုရင်ပဲ ဒီနေ့ည ဒီအခန်းကို ထည့်ထားလိုက်မိတာ


mgyoe.com